MOPF

# စီမံ / ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၆၊ အမှတ်(၂)၊ ၂၀၁၉ခုနှစ် ဇွန်လ

***"Promoting and Assisting Small and Medium Enterprises (SMEs) as generator of employment and country's economic development"***









MSME
GOVERNMENT OF MADHYA PRADESH




MYANMAR CSO
CENTRAL STATISTICAL ORGANIZATION

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ (၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၆၊ အမှတ်(၂)၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ


## မာတိကာ


| | | |
|---|---|---|
| **ကဗျာကဏ္ဍ** | | |
| အိုဘယ့်မိခင် | ညိုမောင် | ၁ |
| နွေဦးခါဝယ် | နေ့သစ် | ၃ |
| **ဆောင်းပါးကဏ္ဍ** | | |
| စိမ်းလန်းသော စီးပွားရေးနှင့် စိမ်းလန်းသောတိုးတက်မှု (Green Economy and Green Growth) | ဒေါက်တာဝါဝါမောင် (စီမံ/ဘဏ္ဍာ) | ၄ |
| အခွန်ကျရောက်ခြင်းနှင့် အခွန်ပေးဆောင်ခြင်း | သန်းဇော် | ၁၁ |
| ဖြစ်တန်စွမ်းအပေါ် အခြေခံသော နမူနာရွေးချယ်ခြင်း | ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ) | ၁၆ |
| စားသုံးသူတို့၏ အခွင့်အရေးနှင့် စားသုံးသူတို့၏အခန်းကဏ္ဍ | စောနိုင် (အသုံးချဘောဂဗေဒ) | ၂၀ |
| ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိုတိုးတက်စေနိုင်သည့် ကုန်သွယ်မှုသင်တန်းကျောင်း | သိန်းမြင့်ဝေ | ၂၄ |
| လျှပ်စစ်လိုအပ်ချက် ဖြည့်တင်းရေးနှင့် မြန်မာ့စီးပွားရေး | ဒေါက်တာညီညီမောင် | ၂၈ |

| | | |
|---|---|---|
| KOICA ၏ WFK နှင့် CIAT အစီအစဉ် | ဒေါက်တာပင်လုံအေး | ၃၃ |
| ရာသီဥတုပြောင်းလဲလာခြင်း၏နောက်ကွယ် | မယု(စက်မှု) | ၃၆ |
| မတူကွဲပြားမှုနှင့် မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း | ဝင်းဝင်းဝါ | ၄၀ |
| ဆက်သွယ်ပြောဆိုဆက်ဆံခြင်း (communication) ဆိုင်ရာ နိယာမ | ညောင်တိုင် (ဗဟိုစာရင်းအင်းအဖွဲ့) | ၄၃ |
| ပင်စင်ခံစားခွင့်နှင့် နိုင်ငံတော်ဘဏ္ဍာ ချေတာရေး | ဒေါက်တာညီ | ၄၆ |
| EU GSP နှင့်မြန်မာနိုင်ငံ | မြန်မာသူဇာ | ၅၀ |
| ဘဝအထွေထွေ (၁၂) | ကျော်ဒွန်း (ညွှန်ကြားရေးမှူး-ငြိမ်း) | ၅၈ |
| မျှတ၍ နည်းစနစ်ကျသော ပူးပေါင်းဆောင်ရွက်မှုမှသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ (အပိုင်း၄) | ထက်မာန် | ၆၃ |
| သုံးသပ်ချိန်တန်ပြီ | ညိုမြင်း | ၆၇ |
| ခေတ်အဆက်ဆက် လူကိုဖျက်သော မူးယစ်ဆေးကို ရှောင်စေလို | ဝိုင် (Y) | ၇၂ |

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | – | စီမံ/ဖွံ့ဖြိုး |
| အတွင်းအပြင်အဆင် | – | ဟန်မြင့်မိုရ် |
| စာမူခွင့်ပြုချက်အမှတ် | – | ၅၃၀၀၀၇၀၁၁၄ |
| ထုတ်ဝေသူ | – | ညွှန်ကြားရေးမှူး (သုတေသနနှင့်ဖွံ့ဖြိုးရေးဌာန)<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။ |
| ပုံနှိပ်သူ | – | ဦးမြတ်ထွန်းကျော်<br>ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက် (မြဲ–၀၉၇၄၄)<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | – | |
| တန်ဖိုး | – | |

# ဂျာနယ်ဝယ်ယူရရှိနိုင်သောနေရာများ

| နေရာ | ဆက်သွယ်ရန်ဖုန်း |
| --- | --- |
| ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်)<br>ရုံးအမှတ် (၃၂)၊ နေပြည်တော်။ | ၀၆၇-၄၀၆၃၅၁<br>၀၆၇-၄၀၆၃၂၉ |
| ကချင်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ် (၄)၊ ပေ (၅၀) လမ်း၊ မေခဝန်ထမ်းအိမ်ရာ<br>မန်ခိန်ရပ်ကွက်၊ မြစ်ကြီးနားမြို့ | ၀၇၄-၂၄၂၀၆<br>၀၉၄၅၀၉၈၄၅၉၄ |
| ကယားပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>ဒေါဥခူရပ်ကွက်၊ ဦးသီရိလမ်း<br>ခရိုင်စုပေါင်းရုံး၊ လွိုင်ကော်မြို့ | ၀၈၃-၂၂၀၈၀<br>၀၉-၄၅၁၂၂၉၄၈၃ |
| ကရင်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ် (၄) ရပ်ကွက်၊ သီရိလမ်း<br>ဘားအံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးရုံးဝန်းအတွင်း | ၀၅၈-၂၂၇၂၅<br>၀၉-၄၂၀၇၂၃၁၇၀ |
| ချင်းပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ် (၃)၊ ဂေါက်ကွင်းလမ်း၊ တိုင်းရင်းဆေးရုံအနီး။<br>မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့နယ်။ | ၀၇၀-၂၂၅၁၆<br>၀၉-၄၅၀၉၈၄၆၀၂ |
| စစ်ကိုင်းတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊<br>အမှတ် (၁၉) လမ်းကြား တိုင်းရင်းဆေးရုံအရှေ့ဘက်၊<br>ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့။ | ၀၇၁-၂၆၅၁၃<br>၀၉-၄၂၀၇၀၁၀၆၃ |
| တနင်္သာရီတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့<br>သဇင်လမ်းသွယ်၊ ဆိပ်ကမ်းသာလမ်း၊<br>ဆန်းချိုတိုးချဲ့ရပ်ကွက်၊ ထားဝယ်မြို့နယ် | ၀၅၉-၂၀၂၃၉၀၆<br>၀၉-၅၁၁၉၂၃၃ |
| ပဲခူးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ်၊ ၄/၄၇၂ ရပ်ကွက်ကြီး (၄) ဆည်မြောင်းလမ်း၊<br>ဥဿာမြို့သစ်၊ ပဲခူးမြို့။ | ၀၅၂-၂၂၃၀၁၃၅၃<br>၀၉-၃၃၇၆၆၂၅၀ |
| မကွေးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊<br>မကွေးမြို့နယ်၊ စုပေါင်းရုံး အပေါ်ဆုံးထပ်၊<br>မဲထီးလမ်းနှင့် ပြည်တော်သာ (၁) လမ်းထောင့်၊ မကွေးမြို့။ | ၀၆၃-၂၀၂၈၅၅၃<br>၀၉-၄၂၀၇၀၁၀၇၃ |

| | |
|---|---|
| မန္တလေးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊<br>၈၁-၅၊၇၂/၁၊၆၂ လမ်း၊ ကံ့ကော်လမ်းနှင့် သဇင်လမ်းကြား<br>ချမ်းမြသာစည်မြို့နယ်။ | ၀၂-၈၂၁၅၂<br>၀၉-၇၉၀၄၀၈၄၁၉ |
| မွန်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့၊ မောင်ငံရပ်ကွက်၊<br>(၂)လမ်းထိပ်/ပြည်နယ်ကျေးလက်ဦးစီးဌာနဘေး၊ မော်လမြိုင်မြို့။ | ၀၅၇-၂၀၂၄၅၁၇<br>၀၉-၄၂၀၇၀၁၀၆၈ |
| ရခိုင်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့၊<br>ပြည်နယ်စီမံကိန်းရုံး(အောက်ထပ်)၊<br>မေယုလမ်း၊ ညောင်ဝတီရပ်ကွက်၊ စစ်တွေမြို့။ | ၀၄၃-၂၂၈၂၉<br>၀၉-၄၄၈၅၃၃၄၀၃ |
| ရန်ကုန်တိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊<br>(၁) အခန်းအမှတ်-လ၁၂၇/၁၂၈ တိုင်းဒေသကြီးလွှတ်တော်ဝင်း၊<br>အလုံလမ်း၊ ဒဂုံမြို့နယ်<br>(၂) ၄/၆ ဗြဟ္မစိုရ်လမ်းနှင့် သီတာလမ်းထောင့်၊ (၄)ရပ်ကွက်၊<br>တောင်ဥက္ကလာပမြို့နယ်။(အရှေ့ပိုင်းခရိုင်စုပေါင်းရုံး)။ | ၀၁-၂၃၀၂၄၈၁<br>၀၉-၄၂၀၇၀၁၀၆၅ |
| ရှမ်းပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့၊<br>(၄)မိုင် ကံကြီးရပ်ကွက်၊ Business Center အနီး<br>ဟိုပုံးမြို့သို့အထွက်၊ တောင်ကြီးမြို့။ | ၀၈၁-၂၁၂၁၃၃၅<br>၀၉-၄၂၀၇၀၁၀၆၂ |
| ဧရာဝတီတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊<br>အထွေထွေအုပ်ချုပ်ရေးစုပေါင်းရုံး၊ မြတ်တို၊ ပုသိမ်မြို့။ | ၀၄၂-၂၉၁၅၃<br>၀၉-၄၂၀၇၀၁၀၇၀ |
| နေပြည်တော်ကောင်စီရုံးကြီး၊ (မြေညီထပ်) ဗဟိုစာရင်းအင်းအဖွဲ့၊<br>ပျဉ်းမနားတောင်ညိုလမ်းမကြီး၊ ပြန်ကပြေးဝိုင်းအနီး။ | ၀၆၇-၅၅၀၃၅၈<br>၀၉-၄၂၀၇၀၁၀၆၆ |

# အိုဘယ့်မိခင်

❖ စစ်တလင်းတွေခင်း    ရန်ငြိုးတွေဖွဲ့
ချစ်ခွန်းတွေမဆို    ငြိမ်းချမ်းရေးတွေမသိဘဲ
စားစရာမဲ့    အဝတ်ဗလာမွဲ
ဒုက္ခတွေကြုံလည်း    သွေမဖယ်ခွန်အားနဲ့
အလင်းကိုပြ    စွမ်းသမျှကာကွယ်
ဖေးကူလို့    မျက်နှာမလွှဲ
နှစ်သိမ့်မှု    ကြင်နာအားကို
လမ်းခင်းပေးခဲ့။

❖ ငြိမ်းချမ်းချိန်ရောက်လည်း    အပျော်မကိုမယူ
အပူကိုကြိုတွက်    ငါ့သားတွေ
ထာဝရငြိမ်းဖို့    ဘေးရန်ကိုကာ
ရေရှည်မှာ    ပြည့်အိမ်ခိုင်ဖို့
မညည်းညူစိတ်ထားလို့    ရှေ့ကရန်းရှာ
အစားကိုရွှေတာ    အခွင့်ဆိုသူမပါ
ဘယ်ချိန်ခါမရွေး    မြန်ပြည်တစ်ခွင်
အေးချမ်းဖို့    ငြိမ်းချမ်းရေးစကားဆိုရှာ။

❖ တကွဲတပြား    လွဲမှားတဲ့ခံစားချက်တွေ
အုံကြွလို့ဆူပူ    မြန်ပြည်တစ်ခွင်
ဘဝင်ညံ့အောင်    ပြည်သူ့မျက်ရည်မြေခလို့
ကြွေကျမည့်ချိန်ခါ    ဒီအပူသူယူလို့

ပြည်သူရှေ့    သူရပ်တည်
ဖြူစင်တဲ့စိတ်ထားနဲ့    တူမျှတဲ့ရှေ့ခရီးအတွက်
သူကရုန်းရှာ။

❖ ခါတော်မီ    ပြည်ဖျက်ပိုးတို့က
နည်းမျိုးစုံ    တိုက်နဲ့
ယိုင်လေလေ    မားမားမတ်မို့
ပြည်သူတွေမပူရအောင်    ရင်မှာသိုဝှက်
ရှေ့ခရီးဆက်ဖို့သာ    ဟန်ပြင်
နောက်ကိုလည်းဆွဲ    ရှေ့ကိုလည်းတွန်း
မရပ်မနား    ခရီးဆက်
အံ့ဖွယ်မိခင်။

❖ ပန်းတစ်ပွင့်ကိုပန်    သင်းပျံ့တဲ့ဂုဏ်သတင်းနဲ့
ရိုးရာအမွေ    ဆက်ခါထိန်းရင်း
များပြည်သူ့အကျိုး    ရှေ့တန်းကရှက်ဆောင်
ရွှေမြန်ပြည်    ဒီမိုခရီးကို
နောက်တစ်ကျော့    လှည့်မရအောင်
တစ်ခေတ်မှာ    တစ်ခါပေါ်
တစ်ယောက်ဆို    တစ်ယောက်ပဲမို့
ယုံကြည်ချက်ခိုင်ခိုင်မြဲ    ပြည်သူနဲ့အတူလျှောက်လှမ်း
လက်တွဲကူ    အနာဂတ်ခရီးကို
အံ့ဖွယ်အတူဖြတ်ကြမယ်    အိုဘယ့်မိခင်
တို့မိခင်။

**ယုံကြည်လေးစားချစ်ခင်လှစွာသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အား ညွှန်းဆိုရေးဖွဲ့ပါသည်။**

■ ညိုမောင်

# နွေဦးခါဝယ်

❖ နွေရာသီ ခါအလှ
ရွက်ဝါကြွေ မြေကိုခတော့
ပြန်မရ အတိတ်ကိုဖြင့်
ဆိတ်ငြိမ်စွာ သူပြုံးရယ်တော့
အသစ်တစ်ဖန် မွေးဖွားပြီတဲ့လေ။

❖ ပွင့်လက်ပံ နီနီရဲရဲနဲ့
ကျေးငှက်စုံ ပျော်ကာမြူးပေါ့
နေဝင်ချိန် ယှဉ်ဖော်လေးရယ်နဲ့
ခါတော်မီ အိပ်တန်းဝင်ဖို့
ကျွတ်ကျွတ်ရယ်ညံ ပြန်ကြတယ်လေ။

❖ ဥသြတေးသံ သဘာဝနဲ့
မေးစရာမလို သူ့အလိုသိဖို့
ချိုသံစဉ် စူးကာနှစ်လို့
နွေတစ်ခွင် ဥသြတေးရယ်က
ပင်ယံမှာ ဖော်ကာကြူးကြတယ်လေ။

❖ နားခိုဖို့ ဒီနွေမှာ
ကမ္ဘာမြေ ပူမနွေးအောင်
ရိပ်ပမာ များကြစေဖို့
စိုက်ကာလေ ပျိုးကြပါစို့
ကမ္ဘာမြေကြီး ကျန်းမာဖို့တွက်လေ။

■ နေသစ်

# စိမ်းလန်းသောစီးပွားရေးနှင့် စိမ်းလန်းသောတိုးတက်မှု

## (Green Economy and Green Growth)

| ဒေါက်တာဝါဝါမောင် (စီမံ/ဘဏ္ဍာ) |



ကမ္ဘာ့နိုင်ငံများအကြားတွင် ဖွံ့ဖြိုးမှုလမ်းကြောင်းများကို အပြိုင်အဆိုင် ရှာဖွေလာကြသည်။ ယနေ့အချိန်အခါတွင် တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ် ပြောင်းလဲ ရိုက်ခတ်မှုဖြစ်စဉ် (Globalization) သည် အကောင်းရော အဆိုးပါ အကျိုးသက်ရောက် စေသည့်အတွက် ဂလိုဘယ်လှိုင်းလုံးနှင့်အတူ အဆိုးအကောင်းခွဲခြားပြီး အလိုက်သင့် မျောပါနိုင်စေရန် နိုင်ငံတစ်ခု၏ မဟာ ဗျူဟာတစ်ရပ်အဖြစ် အဖြေများ ရှာဖွေလာကြသည်။

လူသား/သက်ရှိသတ္တဝါတို့သည် သဘာဝပတ်ဝန်းကျင်အပေါ်တွင် မှီခိုလျက်ရှိ သည်။ ယခု အခါ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုသည် လူသား/သက်ရှိသတ္တဝါတို့ အား ခြိမ်းခြောက်လျက်ရှိသည်။ လူသားတို့၏လိုအပ်ချက်များ (Needs) နှင့် လိုအင်ဆန္ဒ များ (Wants) တို့ များပြားလာသည်နှင့်အမျှ သယံဇာတအရင်းအမြစ်များအပေါ် ထုတ် နုတ်သုံးစွဲလာကြခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်လာခဲ့သည်။ သယံဇာတနှင့် လောင်စာစွမ်းအင်ရှားပါးမှုပြဿနာများ ရင်ဆိုင်ကြုံတွေ့နေရပေသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာခြင်းဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲစေခြင်း၏ အကျိုးဆက်များကို စိန်ခေါ်မှုအသစ်များအဖြစ် ရင်ဆိုင်ကြုံတွေ့လာရပေသည်။

လူဦးရေ ထူထပ်တိုးတက်များပြားလာခြင်းနှင့် အတူ နိုင်ငံများအကြား၊ ဒေသများအကြား ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုများစသည်ဖြင့် စီးပွားရေးအရ ကူးလူးဆက်ဆံရေးများ ကုန်သွယ်မှုများ တိုးတက်လာခဲ့သည်။ ဤသို့အပြန်အလှန် စီးဆင်းရာတွင် မိမိနိုင်ငံအတွင်း သွင်းကုန်နှင့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာသကဲ့သို့ အခြားနိုင်ငံများသို့လည်း မိမိနိုင်ငံထုတ်ပို့ကုန်၊ ရင်းနှီးမြှုပ်နှံမှုစသော စီးပွားရေးဆက်သွယ်မှု လမ်းကြောင်းများစွာ ရှာဖွေမြှင့်တင်လာခဲ့ ကြသည်။ ကုန်သွယ်မှုသည် ဖွံ့ဖြိုးမှု၏ အင်ဂျင်တစ်ခု (Trade as an Engine of Growth) ဟု နိုင်ငံများမှယူဆလာသည်နှင့်အမျှ ယခင်ခေတ်များကဲ့သို့ မိမိတို့နိုင်ငံတွင်းစားသုံးမှု (Domestic consumption) အတွက် သာမက စီးပွားဖြစ် (Commercially) ထုတ်လုပ်လာခဲ့ကြသည်။ အဆိုပါထုတ်လုပ်မှုများနှင့်အတူ သဘာဝပတ်ဝန်းကျင်ကို ပျက်ယွင်းစေသော မှန်လုံအိမ်အာနိသင် ဓါတ်ငွေ့များ (Greenhouse Gases-GHGs) ထုတ်လွှတ်မှု မြင့်မားလာခြင်းတို့ကြောင့် ကမ္ဘာကြီး ပူနွေးလာခြင်း (Global Warming) ကိုဖြစ်ပေါ်စေသည်။ မှန်လုံအိမ် ဓါတ်ငွေ့များကြောင့် ကမ္ဘာမြေမျက်နှာပြင် အပူချိန်မြင့်မားမှုများ တွေ့ရှိရပေသည်။ ကမ္ဘာ့မျက်နှာပြင်အပူချိန် မြင့်မားမှု၏ အကျိုးဆက်ကြောင့် ရာသီဥတုပြောင်းလဲခြင်းများ ဖြစ်ပေါ်လာသည်။ ကမ္ဘာ့အပူချိန်သည် ၂၀ ရာစုမှစ၍ တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီး မိုးရွာသွန်းမှု ပုံသဏ္ဌာန်များ ပြောင်းလဲသွားပြီး စိုက်ပျိုးထုတ်လုပ်နိုင်မှုအပေါ် အကျိုးသက်ရောက်မှုများ ရှိနေပေသည်။

မှန်လုံအိမ်အာနိသင်ရှိသော ဓါတ်ငွေ့အကျိုးသက်ရောက်မှု (Greenhouse Gases Effect) ကြောင့် ကမ္ဘာမှ အပူငွေ့များ ပြန်မထွက်နိုင်ဘဲ ကမ္ဘာ့အပူချိန် မြင့်မားလာကာ ကမ္ဘာကြီးပူနွေး လာပြီး Global Warming ကို ဖြစ်ပေါ်လာစေခဲ့သည်။ မှန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်သော ကဏ္ဍများအဖြစ် စွမ်းအင်အသုံးပြုမှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွန့်ပစ်ပစ္စည်းကဏ္ဍများကို တွေ့ရှိရသည်။ FAO နှင့် UNEP တို့၏ လေ့လာမှုများအရ နှစ်စဉ် သစ်တောပြုန်းတီးမှုမှာ ဘရာဇီးနိုင်ငံ၌ ၂၆.၅%၊ ဇမ်ဘီယာနိုင်ငံ၌ ၉.၂%၊ အင်ဒိုနီးရှားနိုင်ငံ၌ ၆.၁% ရှိသည်။ သစ်တောများ ပျက်စီးရခြင်း အကြောင်းအရင်းများမှာ တောမီးလောင်ခြင်း၊ လူဦးရေတိုးတက်လာ၍ မြို့ရွာတိုးချဲ့ခြင်း၊ စက်မှုဇုန်များတိုးချဲ့ခြင်း၊ စက်ရုံများမှ စွန့်ပစ်သည့် စည်းကမ်းမဲ့အညစ်အကြေးများ စွန့်ပစ်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့ရန်အတွက် သစ်တောများ ခုတ်ထွင်ခြင်း၊ သစ်ထုတ်လုပ်ရောင်းချခြင်း၊ တောင်ယာ စိုက်ပျိုးခြင်းနှင့် တွင်းထွက်သတ္တုမျိုးစုံထုတ်ယူခြင်းတို့ကြောင့် ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၏ ကျောက်မီးသွေး သုံးစွဲမှု၊ သဘာဝဓာတ်ငွေ့သုံးစွဲမှု၊ ကမ္ဘာ့ရေနံ သုံးစွဲမှု၊ လျှပ်စစ်သုံးစွဲမှုစသည်ဖြင့် စွမ်းအင်အသုံးပြုမှုများ လွန်ကဲစွာ တိုးတက်ခြင်းတို့ပင်ဖြစ် သည်။

## သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များသည် နိုင်ငံတစ်ခုအတွက် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုပင်ဖြစ်

သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များသည် နိုင်ငံတစ်ခုအတွက် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှု (Non-traditional threat) အဖြစ် ကမ္ဘာအနှံ့ပျံ့နှံ့သတိထားလာခဲ့သည်ကို တွေ့ရှိရပေမည်။ ၂၁ ရာစုတွင် နောင်ကာလ၏ မျိုးဆက်သစ်များ နစ်နာမှုမရှိစေရန် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development) ဟူသော သဘောတရား ပေါ်ပေါက်လာခဲ့သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆိုသည်မှာ နောင်လာနောက်သားတို့၏ စားသုံးမှုမလျော့စေဘဲ လက်ရှိလူသားတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးခြင်းပင်ဖြစ်သည်။ အဆိုပါသဘောတရားကို အခြေခံ၍ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကို ထိန်းသိမ်းစေသော စီးပွားရေးလုပ်ငန်းများ၊ ထုတ်လုပ်မှုနည်းပညာများ၊ လုပ်ကိုင်နည်းစနစ်များ၊ သဘာဝသယံဇာတကို အကောင်းဆုံး ခွဲဝေအသုံးချနိုင်မည့် နည်းလမ်းများဖြင့် ဖွံ့ဖြိုးတိုးတက် စေနိုင်အောင် ဆောင်ရွက်ခြင်းကို Green Growth (သို့မဟုတ်) Greening Growth ဟု တင်စားခေါ်ဝေါ် သုံးစွဲလာခဲ့ကြသည်။

စိမ်းလန်းသော တိုးတက်မှု (Green growth) ဆိုသည်မှာ ဖွံ့ဖြိုးမှုလမ်းကြောင်းသို့ သွားရာတွင် သဘာဝ


ပတ်ဝန်းကျင်အား ရေရှည်တည်တံ့ခိုင်မြဲအောင် အသုံးပြုခြင်းပင်ဖြစ်သည်။ စက်မှုစီးပွားရေးတိုးတက်မှုကို သွားရာမှာလည်း စိမ်းလန်းသောစီးပွားရေး (Green economy) သဘောတရားအား အသုံးပြုကြသည်။ သဘာဝပတ်ဝန်းကျင်တိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကို အားပေးရန် လိုအပ်ပါသည်။

## စိမ်းလန်းသောတိုးတက်မှု (Green growth) ၏အခြေခံစည်းမျဉ်းများ

စိမ်းလန်းသောတိုးတက်မှု (Green growth) ၏ အခြေခံစည်းမျဉ်းများမှာလည်း စဉ်ဆက် မပြတ်တိုးတက်မှု (Sustainable growth)၊ ညီညွတ်မျှတသောတိုးတက်မှု (Equitable growth) တို့နှင့် ဆက်စပ်လျက်ရှိပါသည်။ စိမ်းလန်းသောတိုးတက်မှု တည်ရှိစေရန်မှာ -


- စီးပွားရေးတိုးတက်မှု၏ အရည်အသွေး (Quality of economic growth)
- စီးပွားရေးတိုးတက်မှု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည် (Eco-efficiency of economic growth) အပေါ်မူတည်ပါသည်။

ကုန်ကြမ်းများအား ထုတ်လုပ်မှု၊ စားသုံးမှု၊ လေလွင့်မှုများအား ကာကွယ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ဖြင့် သယံဇာတများအား စွမ်းဆောင်ရည်ပြည့်ဝစေခြင်း၊ သယံဇာတအသုံးပြုမှုအား ချွေတာသည့် တီထွင်ဆန်းသစ်မှုများ ဆောင်ရွက်ခြင်းတို့ဖြင့် စိမ်းလန်းသောစီးပွားရေးနှင့် စိမ်းလန်းသော တိုးတက်မှုတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။




## စိမ်းလန်းသော စီးပွားရေးမူဘောင်

စိမ်းလန်းသော စီးပွားရေးမူဘောင်တစ်ရပ် အနေဖြင့် ပြည့်ဖြိုးမြဲစွမ်းအင်၊ စွမ်းအင်အသုံးပြုမှုနည်းပါးစေသည့် အဆောက်အအုံများ၊ စွမ်းအင်အသုံးနည်းစေသည့် သန့်ရှင်းသော သယ်ယူပို့ဆောင်ရေး၊ ရေစီမံခန့်ခွဲမှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ မြေယာစီမံခန့်ခွဲမှု စသည်တို့ပါဝင်သည်။




စီးပွားရေးတိုးတက်မှု၏မဏ္ဍိုင်များအဖြစ် -

(က) အီကိုအခွန်ပြုပြင်ပြောင်းလဲမှုများ (Eco-tax reform)

(ခ) ရေရှည်တည်တံ့စေသည့် အခြေခံအဆောက်အအုံ (Sustainable infrastructure)

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုဖြစ်ပေါ်စေမည့်စီးပွားရေးလုပ်ငန်းများ (Greening of business)

(ဃ) ရေရှည်တည်တံ့စေသည့်စားသုံးမှု (Sustainable consumption) တို့ဖြစ်သည်။

## စီးပွားရေးတိုးတက်မှု၏ အရည်အသွေး

(Quality of economic growth)

နိုင်ငံတစ်ခုအတွက် အရည်အသွေးရှိသော တိုးတက်မှု (Quality Growth of a Nation) မှာနိုင်ငံများအကြား အလွန်ကြီးမားသော စိုးရိမ်ပူပန်မှု (Big Concern) အဖြစ်တည်ရှိလာခဲ့သည်။ ထိုသို့သောတိုးတက်မှုလမ်းကြောင်းများကို အပြိုင်အဆိုင် ရှာဖွေရာတွင် တိုးတက်မှုကို ရရှိစေ

ရန်ကြိုးပမ်းရင်း နိုင်ငံတစ်ခုအတွင်း ဝင်ငွေခွဲဝေမှု မညီမျှခြင်း၊ နိုင်ငံတစ်ခု၏ ဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှု မညီမျှခြင်းတို့ဖြစ်ပေါ်လာတတ်သည်ကို တရုတ်နှင့်အိန္ဒိယ စသည့်နိုင်ငံများ၏အတွေ့အကြုံအရ လေ့လာတွေ့ရှိနိုင်ပေသည်။ ဘောဂဗေဒအမြင်အရ ညီမျှမှု (Equality) နှင့် စွမ်းဆောင်ရည် (Efficiency) တို့မှာ တစ်ခုကိုရယူချင်လျှင် အခြားတစ်ခုကို စွန့်လွှတ်ရသည့် သဘောတရား (Trade-off between equality and efficiency) ရှိပေသည်။ ထို့ကြောင့် နိုင်ငံများသည် ဘက်ညီမျှတသော တိုးတက်မှု (Balanced and equal growth) ရရှိစေရန် ညီမျှမှု (Equality) နှင့် စွမ်းဆောင်ရည်ပြည့်ဝမှု (Efficiency) တို့ကို လိုက်ဖက်မျှတစွာ ရှာဖွေရမည့်မဟာဗျူဟာ လိုအပ်ပေသည်။

နိုင်ငံတစ်ခုအတွက် အရည်အသွေးရှိသော တိုးတက်မှု (Quality Growth of a Nation) ကိုကောင်းစွာ သိရှိနိုင်စေရန် ပထမဦးစွာ တိုးတက်မှု (Growth) နှင့် ဖွံ့ဖြိုးမှု (Development) တို့အား ခွဲခြားနိုင်းယှဉ်ဖို့လိုအပ်ပါသည်။ တိုးတက်မှု (Growth) ဆိုသည်မှာ အရေအတွက် (Quantity) ကိုသာကြည့်ပြီး ဖွံ့ဖြိုးမှု (Development) ဆိုသည်မှာ လူ့ဘဝအရည်အသွေး (Quality of Life) ရှုထောင့်မှ ရှုမြင်ခြင်းပင်ဖြစ်သည်။ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးမှုရလဒ်မှာ ဖွံ့ဖြိုးမှု၏ ဇာစ်မြစ်၊ ပုံသဏ္ဍာန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ရှိမရှိတို့အပေါ် မူတည်ကြည့်မြင်နိုင်ပေသည်။ သို့သော် တိုးတက်ရင်ပြီးရောဆိုပြီး နိုင်ငံများစွာမှာ အရည်အသွေး (Quality) ကိုထည့်သွင်း စဉ်းစားလေ့မရှိ၊ အရေအတွက်အားဖြင့် တိုးတက်အောင်ကြိုးစားခြင်း (Quantity drive) ဖြစ်နေတတ်သည်။ သို့သော်လည်း လက်တွေ့တွင် အရေအတွက်နှင့် အရည်အသွေးအား မည်သည်ကို ဦးစားပေး စတင်အကောင်အထည်ဖော်ဆောင်မည်နည်းဟူသည်မှာ မေးခွန်းတစ်ရပ်ပင်ဖြစ်ပါသည်။ အချို့သောနိုင်ငံများ အနေဖြင့် အရေအတွက်ကို ဦးစားပေး ဆောင်ရွက်ပြီးမှ နောက်အဆင့်တွင် အဆိုပါအရေအတွက်အား အရည်အသွေးအဖြစ်သို့ ပြောင်းလဲရန် တွန်းအားပေး ဆောင်ရွက်ခြင်းဖြစ်သည်။

အရည်အသွေးရှိသော တိုးတက်မှုဆိုသည်မှာ လူထုလူတန်းစားများအကြား ဆင်းရဲ-ချမ်းသာ ကွာခြားမှုနည်းပါးပြီး လူတိုင်းလူတိုင်းဖွံ့ဖြိုးမှု၏ အသီးအပွင့်တို့ကို ခံစား ရရှိစေနိုင်ရန်၊ ပြည်သူများအကြား အခွင့်အရေးကွဲပြားခြားနားမှု မရှိစေခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးမှု အသီးအပွင့်များ လူတိုင်းပါဝင်ခံစားနိုင်မှုရှိစေရန် လူသားဖွံ့ဖြိုးမှု (Human Development) ကို ဦးတည် စေရမည်ဖြစ်သည်။ ၄င်းကို ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု (People Central Development) ဟုလည်း ခေါ်ဆိုနိုင်ပေသည်။ ဂရုတစိုက်နှင့် မျှဝေခံစားတတ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် (Caring and Sharing Society) ထူထောင်ရန် လိုအပ်ပေသည်။

လူထုကိုဗဟိုပြုသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရက်တစ်အုပ်ချုပ်မှု၊ လူ့အခွင့်အရေး၊ လူတို့၏အချုပ်အခြာအာဏာ၊ ဂုဏ်သိက္ခာရှိမှုစသည်တို့၏ အခြေခံမှုများနှင့် ငြိမ်းချမ်းမှု (Peace) နှင့် သာယာဝပြောမှု (Prosperity) တို့ကိုဖြစ်ပေါ်စေနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားမျှတမှု (Ecological Justice) တို့ကို ဆောင်ကြဉ်းပေးနိုင်သော၊ အကျိုးကျေးဇူး ထိခိုက်နစ်နာစေသည့် အုပ်စုများ (Disadvantaged groups) ၏ အကျိုးစီးပွားကို အကောင်းဆုံး ဆောင်ရွက်ပေးနိုင်သော မူဝါဒများ အားလုံးဆက်စပ်လျက်ရှိပါသည်။

စီးပွားရေးပေါင်းစည်းမှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများသည် အပြန်အလှန် အထောက်အကူဖြစ်ပေါ်စေပြီး ကြံ့ခိုင်မှု၊ ညီမျှမှုနှင့် သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းဖြစ်ပေါ်စေမှုတို့ကို ဖြစ်ပေါ်စေရပါမည်၊ ကြိုတင်မျှော်မှန်းမရနိုင်သော ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်မည့် ခေတ်သစ်လွတ်လပ်သော စီးပွားရေးပုံစံ (Flawed neo-liberal economic paradigm) အား ဆန်းစစ်သတိပြုပြီး အသုံးချရမည် ဖြစ်ပေသည်။

ဖွံ့ဖြိုးမှုပုံသဏ္ဍာန်သည် စီးပွားရေးအဆောက်အအုံအား တိုးချဲ့ခြင်းအားဖြင့် တိုးတက် ထုတ်လုပ်မှု၊ စားသုံးမှုများဖြင့် လူတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမှု အနည်းဆုံး (Lowest possible ecological cost) ကို ဖြစ်ပေါ်စေနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ပေသည်။

## စီးပွားရေးတိုးတက်မှု၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည် (Eco-efficiency of economic growth)

သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေမှုအနည်းဆုံးဖြင့် စွမ်းဆောင်ရည်ပြည့်ဝစွာ အသုံးပြုခြင်းကို ချဉ်းကပ်သည့် သဘောတရားမှာ စိမ်းလန်းသော တိုးတက်မှု (Green Growth) ၏ သဘောတရားပင်ဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ထောင်စုနှစ်ပန်းတိုင် အမှတ်(၁) ဖြစ်သော ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းရေးကို ဖြစ်ပေါ်စေရမည်ဖြစ်သည်။ သို့သော် အဆိုပါ ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းစေရေးသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု စဉ်ဆက်မပြတ်ဖြစ်ပေါ်စေရေး ဟူသော ထောင်စုနှစ်ပန်းတိုင်အမှတ် (၇) နှင့် နီးနီးကပ်ကပ် ဆက်စပ်လျက်ရှိရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု လျော့နည်းကျဆင်းပါက ဆင်းရဲနွမ်းပါးမှုများကိုလည်း လျှော့ချနိုင်မည် မဟုတ်ပေ။

ရေ၊ စွမ်းအင် (သို့မဟုတ်) ထုတ်လုပ်မှုသွင်းအားစုများ အသုံးပြုမှုနည်းပါးစေသည့် ထုတ်လုပ်မှု နည်းပညာများ တီထွင်ခြင်း ဥပမာ-ပြည့်ဖြိုးမြဲစွမ်းအင်များ (Renewable energy) အသုံးပြုခြင်း၊ အသစ်တစ်ဖန် ပြန်လည်ထုတ်လုပ်မှုများတွင် အသုံးပြုခြင်း (Recycling)၊ ထုတ်လုပ်မှုများတွင် Bi-product များကို ထုတ်လုပ်မှုဖြစ်စဉ် နောက်တစ်ခုထဲသို့ ထည့်သွင်းအသုံးပြုခြင်းဖြင့် ဒုတိယ ကုန်စည်တစ်ခု (secondary good) ကို ဖြစ်ပေါ်စေနိုင်သည်။ ဥပမာ- နှမ်းဆီကြိတ်ရာမှ ထွက်ပေါ်လာသော နှမ်းဖတ်များကို တိရစ္ဆာန်များ အစားအစာအဖြစ် ထုတ်လုပ် ရာတွင်လည်းကောင်း နှမ်းဖတ်ချဉ်ပြုလုပ်ရာတွင်လည်းကောင်း ထပ်မံသုံးစွဲနိုင်ပါသည်။

စီးပွားရေးလုပ်ငန်းများအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားစေရန် တီထွင်မှုများပြုရာတွင် Win-Win Solutions ကို ဖြစ်ပေါ်စေနိုင်သည်ဟု Professor Michael Porter မှဆိုသည်။ ဆိုလိုသည်မှာ ထုတ်ကုန်များ တီထွင်ထုတ်လုပ်ပါက ပတ်ဝန်းကျင် ညစ်ညမ်းမှု (Pollution) ကို သက်သာစေပြီး လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှု (Competitiveness) ကို တိုးတက်စေနိုင်သည်။ ထို့ပြင် ထုတ်လုပ်နိုင်စွမ်းအား (Productivity) ကို တိုးတက်စေခြင်းမှတစ်ဆင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ (Production Cost) ကို လျော့ကျစေပြီး ထုတ်ကုန်အရည်အသွေး (Product Quality) ကိုပါ တိုးတက်စေနိုင်ပါသည်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သကဲ့သို့ လူ့အဖွဲ့အစည်းအတွက် အကျိုးရှိစေမည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေနိုင်ပြီး စီးပွားရေးစွမ်းဆောင်ရည် တိုးတက်လာစေနိုင်မည်ဖြစ်သည်။ သို့သော် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားစေရန် ကြိုးပမ်းခြင်းသည် ယာယီဖြေရှင်းမှုတစ်ခု (Temporary Solution) တစ်ခုသာလျှင်ဖြစ်ပြီး အစဉ်အမြဲ တိုးတက်ရှင်သန်ထွန်းနေမည့် စီးပွားရေးအဆောက်အအုံအတွက်မူ Sustainability ဟူသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု သဘောတရားကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပေသည်။ ထို့ကြောင့် ခြုံငုံသုံးသပ်ပါက စဉ်ဆက်မပြတ်ဟူသောဝေါဟာရသည် ပြိုင်ဆိုင်မှုများပြားလာသော ဤခေတ်သစ်တွင် စဉ်ဆက် မပြတ်အောင်မြင်မှု၊ ဆက်လက်တည်တံ့ရပ်တည်နိုင်မှုတို့အတွက် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုအတွက်သော်လည်းကောင်း၊ ကုမ္ပဏီတစ်ခုအတွက်သော်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံအတွက်သော်လည်းကောင်း အလွန်အလေးထားစရာပင်ဖြစ်သည်။

ဘာသာရပ်ဆိုင်ရာ သဘောတရားတစ်ရပ်ဖြစ်သည့် 'rebound' ကိုလည်း ဤနေရာတွင် မိတ်ဆက်ပေးလိုပါသည်။ 'rebound effect' ဆိုသည်မှာ သယံဇာတအသုံးချမှုတွင် အနည်းငယ်မျှသော တိုးတက်မှုရှိရုံဖြင့် နောက်အလားအလာရှိသော စွမ်းဆောင်ရည်များ ပျောက်ဆုံးသွားစေခြင်း (Loss of potential efficiency gains) ကို ဖြစ်ပေါ်ခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် လေကြောင်းဆိုင်ရာ တိုးတက်မှုများကြောင့် လူအများ လေယာဉ်အသုံးပြုမှု များပြားလာပြီး စီးပွားရေးစွမ်းဆောင်ရည်များ တိုးတက်အလုပ်ဖြစ်နေသော်လည်း လေထုညစ်ညမ်းမှုများ၊ ဖန်လုံ အာနိသင်ရှိသော ဓါတ်ငွေ့များ ထုတ်လွှတ်မှုကို ဖြစ်ပေါ်စေမည်ဖြစ်


သည်။ သို့ပါ၍ အချို့သောသူများသည် အကျိုးကျေးဇူးရရှိပြီး အချို့သောသူများသည် အကျိုးကျေးဇူးတစ်စုံတစ်ရာမှမရရှိဘဲ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှု၏ဆိုးကျိုးများ (Negative externalities) ကို ခံစားရသည်။ ထို့ကြောင့် 'rebound effect' ကို နိုင်ငံဖွံ့ဖြိုးမှုမူဝါဒရေးရာတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

## ကောင်းကျိုးသံသရာနှင့် အဆိုးကျော့သံသရာ

ဖွံ့ဖြိုးမှုစာပေများတွင် တွေ့ရှိရသော သဘောတရားများအတိုင်း သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံတို့၏ ဖွံ့ဖြိုးမှုတို့ ဆက်စပ်လျက်ရှိသည်ကို ကောင်းကျိုးသံသရာ (Virtuous Circle) နှင့် အဆိုးကျော့သံသရာ (Vicious Circle) တို့ဖြင့် လေ့လာနိုင်ပေသည်။ စီးပွားရေးအရ အရည်အသွေးရှိသော တိုးတက်မှု (Quality of Economic Growth) ဖြစ်ပေါ်စေရန် ပြည့်ဖြိုးမြဲ စွမ်းအင်များ (Renewable Energy)၊ စွမ်းအင်အသုံးချမှုတွင် စွမ်းဆောင်ရည် (Energy Efficiency) ပြည့်ဝစေပြီး ရာသီဥတုထိန်းသိမ်းမှုကို ဖြစ် ပေါ်စေသည့် ဆောင်ရွက်ချက်များ (Climate Action) များ မှတစ်ဆင့် စွမ်းအင်လုံခြုံရေး (Energy Security) ကို ဖြစ်ပေါ်စေသည်။ သို့မှသာ ကောင်းကျိုးသံသရာအဖြစ် လည်ပတ်စေနိုင်ပြီး ရေရှည်စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ထို့အတူ အရည်အသွေးမရှိသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို မဖြစ်ပေါ် စေနိုင်သည့် တိုးတက်မှုမျိုး (Unsustainable Economic Growth) ကို ရရှိထားပါက ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုမှု (Deepening Dependency on Fossil Fuels) များပြီး ကမ္ဘာကြီး ပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကို ဖြစ်ပေါ်စေကာ ဆင်းရဲနွမ်းပါးမှု (Poverty) ကို ပိုမိုဖြစ်ပေါ်စေ၍ အဆိုးကျော့သံသရာ (Vicious Circle) ကို လည်ပတ်စေမည်ဖြစ်သည်။ သို့ပါ၍ ဆင်းရဲသောနိုင်ငံများသည် အဆိုးကျော့သံသရာမှ ဖောက်ထွက်စေနိုင်ရန် ကြိုးပမ်းရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည်လည်း လွန်စွာအရေးပါပေသည်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ထိန်းသိမ်းမှု (သို့မဟုတ်) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်များ (Environmental sustainability vis-à - vis environmental performance)

နိုင်ငံတော်အစိုးရသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ အဖွဲ့အစည်းများ (Environmental legislation and institutions) ပေါ်ပေါက်စေရန် အားပေးရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်အား ညစ်ညမ်းစေသည့် (သို့) ပျက်စီးစေသည့် ကိစ္စရပ်များကို အဖြစ်နိုင်ဆုံးထိန်းသိမ်းရန်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည်ပြည့်ဝသည့် စီးပွားရေးတိုးတက်မှု ဖြစ်ပေါ်စေရန်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများကို မည်သို့ စီမံခန့်ခွဲမည်နည်းဆိုသည်မှာ အလွန်အရေးကြီးပေသည်။ လက်တွေ့



ဆန်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်ချက်များ ဖြစ်ပေါ်စေရန်မှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများ၊ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ထိန်းသိမ်းမှု ဖြစ်ပေါ်စေရန်မှာ ဂေဟစနစ် အမြဲရှင်သန်နေစေရန်၊ မပျက်သုဉ်းစေရန် ပြန်လည် ပြုစုပျိုးထောင်နေသော သဘာဝ သယံဇာတများ မဖြစ်ထွန်းသေးခင် တည်ရှိနေပြီးသော သယံဇာတများကို စည်းကမ်းမဲ့ သုံးဖြုန်းခြင်းမဖြစ်ပေါ်စေရန် လိုအပ်ပါသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ထိန်းသိမ်းမှုကို ရည်ရွယ်၍ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် အောက်ပါ သဘောတရားများအား နှိုင်းယှဉ်ချိန်ထိုး ဆောင်ရွက်သင့်ပါသည်-

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် စီမံကိန်း မူဝါဒပိုင်းဆိုင်ရာအနေဖြင့် ကာလတို၊ ကာလလတ်အမြင်ဖြင့် ဦးစားပေးဆောင်ရွက်သင့်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ထိန်းသိမ်းမှုအတွက်ကိုမူ ကာလရှည် (ရေရှည်) အမြင်အရ မျှော်မှန်းဆောင်ရွက်ရပါမည်။
- သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများအတွက် ထိန်းချုပ်ရန်စနစ်တစ်ခု ထူထောင်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်များအဖြစ် လက်ရှိစားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံများကို တိုးတက်အောင်၊ ထုတ်လုပ်စားသုံးမှုများ မှန်ကန်အောင်ဆောင်ရွက်ရမည့် နည်းလမ်းများ (Corrective approach) နှင့် ကာကွယ်သည့် နည်းလမ်း (Preventive approach) တို့ ဆောင်ရွက်ရမည်ဖြစ်ပေသည်။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စဉ်ဆက်မပြတ် ထိန်းသိမ်းမှုအတွက်ကိုမူ စားသုံးမှုနှင့် ထုတ်လုပ်မှုလုပ်ဆောင်ချက်များကို ပိုမိုစွမ်းဆောင်ရည်ပြည့်ဝစေရန်၊ လူမှုစီးပွားရေး ဆောင်ရွက်ချက်များဖြစ်ပေါ်စေရန် အခြေခံကျသော ပြုပြင်ပြောင်းလဲမှုများရှာဖွေခြင်း၊ သဘာဝပတ်ဝန်းကျင်အား အသုံးချရာတွင် အကျိုးသက်ရောက်စေနိုင်သော ဆုံးဖြတ်ချက် ချမှတ်မှုများ လိုအပ်ပါသည်။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်များ တာဝန်ယူလုပ်ဆောင်ရန် အတွက် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးဆိုင်ရာ အစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍတို့ ပါဝင်မည်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ထိန်းသိမ်းမှုအတွက်ကိုမူ အစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍများ၊ လူမှုအဖွဲ့အစည်းများမှ ပိုမိုကျယ်ပြန့်စွာ ပါဝင် လုပ်ဆောင်ရမည်ဖြစ်ပါသည်။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်များအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးကို တိုင်းတာသောညွှန်ကိန်းများ ဥပမာ-သစ်တောဧရိယာ၊ လေထု၊ ရေထုများတွင် ညစ်ညမ်းမှုကို တိုင်းတာခြင်းစသည့် သမားရိုးကျတိုင်းတာမှု ညွှန်ကိန်းများသုံး၍ တိုင်းတာသင့်ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ထိန်းသိမ်းမှုအတွက် လုပ်ဆောင်ချက်အဖြစ် လူသားများအနေဖြင့် ဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်သော ကုန်စည်များ ဝန်ဆောင်မှုများအသုံးပြုခြင်း စသည်ဖြင့် ဆောင်ရွက်နိုင်ပါသည်။

ယခုအခါတွင် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ဟူသော မဏ္ဍိုင်ကြီးသုံးရပ်တွင် အဆိုပါ မဏ္ဍိုင်သုံးရပ်နှင့် ဆက်စပ်လျက်ရှိသော၊ ကောင်းစွာအကျိုးသက်ရောက်စေနိုင်သည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ မဏ္ဍိုင် (Environmental Pillar) ကို စတုတ္ထမဏ္ဍိုင်အဖြစ် ထည့်သွင်းစဉ်းစားလာကြသည်။ သဘာဝပတ်ဝန်းကျင် နယ်ပယ်သည် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ဟူသော မဏ္ဍိုင်ကြီးသုံးရပ်လုံးနှင့် ဆက်စပ်နေပါသည်။ စိမ်းလန်းသော တိုးတက်မှု (Green growth) အတွက် စိမ်းလန်းသော စီးပွားရေးလုပ်ငန်းများ ထူထောင်အားပေးကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရှုထောင့်အမြင်ဖြင့် တိုးတက်မှုကို ရှာဖွေရန်လိုအပ်ပေသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်နွမ်းမှုကြောင့် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ရာ ရေရှည် စဉ်ဆက်မပြတ် တိုးတက်မှုအတွက် သဘာဝပတ်ဝန်းကျင်ကို အတတ်နိုင်ဆုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည် ဖြစ်ပါသည်။




# အခွန်ကျရောက်ခြင်းနှင့် အခွန်ပေးဆောင်ခြင်း

|သန်းဇော်|

အစိုးရသည် နိုင်ငံတော်၏ အဓိကမဏ္ဍိုင် (၃) ရပ်ဖြစ်သည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး ကိစ္စရပ်များ ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရန် အသုံးစရိတ်များကို ကျခံသုံးစွဲရပါသည်။

ဥပဒေပြုရေးအတွက် အသုံးစရိတ်များ (လွှတ်တော်အသီးသီးအတွက် အသုံးစရိတ်များ)၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အသုံးစရိတ်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်း သာယာရေးအတွက် အသုံးစရိတ်များ (တရားဥပဒေပြဋ္ဌာန်းခြင်း၊ တရားရုံးများ ဖွဲ့စည်းတည်ထောင်ခြင်း၊ အုပ်ချုပ်ရေးရုံးများဖွင့်လှစ်ခြင်း၊ ရဲတပ်ဖွဲ့များဖွဲ့စည်းခြင်း၊ မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းခြင်း၊

လူဝင်မှုရှုံးများဖွင့်လှစ်ခြင်း)၊ လူမှုရေးလုပ်ငန်းများအတွက် အသုံးစရိတ်များ (ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကလေးများဂေဟာများ တည်ဆောက်ခြင်း)၊ မရှိမဖြစ်သော ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံး စရိတ်များ (စည်ပင်သာယာရေး လုပ်ငန်းများ - ရေ၊ လျှပ်စစ်မီး၊ လမ်းတံတား၊ သန့်ရှင်းရေး၊ ပို့ဆောင်ရေး လုပ်ငန်းများ၊ ဆက်သွယ်ရေး လုပ်ငန်းများ)၊ စီးပွားရေး တိုးတက်မှုအတွက် အသုံးစရိတ်များ (Expenditure) အားလုံးကို အစိုးရမှ ကျခံသုံးစွဲရသည်။

အစိုးရအနေဖြင့် တိုင်းပြည်အတွက် မရှိမဖြစ် လိုအပ်သော လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်၊ တစ်နိုင်ငံလုံး အတွက် အုပ်ချုပ်ရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန် စသည်တို့အတွက် **ရငွေရရှိရန်** (**Revenue**) လိုအပ်သည်။ ထို့ကြောင့် အစိုးရသည် **အသုံးစရိတ်များ** အတွက် လိုအပ်သော ငွေကြေးရရှိရန် ဥပဒေများ ပြဋ္ဌာန်း၍ လူပုဂ္ဂိုလ်များနှင့် လုပ်ငန်းများထံမှ အခွန်ကောက်ခံရခြင်း ဖြစ်ပါသည်။ နိုင်ငံတော်က အခွန်ကောက်ခံခြင်းသည် ဘဏ္ဍာရန်ပုံငွေ ရရှိရုံသက်သက် မဟုတ်ပါ။ ငွေကြေးစီးဆင်းမှု၊ ငွေကြေးလှည့်ပတ်မှု မှန်ကန်စေရေး၊ ငွေကြေးဖောင်းပွမှု လျော့နည်းစေရေး၊ ဝင်ငွေကွာဟမှု လျော့နည်းစေရေး၊ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသော စီးပွားရေးစနစ်ကို အထောက်အကူပြုရေး ရည်ရွယ်ချက်များလည်း ပါဝင်သည်။

အခွန်များမှာ ဥပဒေနှင့်အညီ အစိုးရသို့ မပေးမနေရ ပေးဆောင်ရသော ငွေကြေး ဖြစ်သည်။ အခွန်များသည် အစိုးရအတွက် သာမန်ရငွေရရှိရာ အရေးကြီးဆုံး ဇာစ်မြစ်ဖြစ်သောကြောင့် နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ အစိုးရသို့ အခွန်ပေးဆောင်ရန် တာဝန်ရှိပါသည်။

အစိုးရ၏ အခွန်ကောက်ခံမှုကို **တိုက်ရိုက်ခွန်များ** (**Direct Taxes**) နှင့် **သွယ်ဝိုက်ခွန်များ** (**Indirect Taxes**) ဟူ၍ ခွဲခြားနိုင်သည်။ **တိုက်ရိုက်ခွန်များမှာ** လူပုဂ္ဂိုလ် (သို့မဟုတ်) လုပ်ငန်း ပေါ်တွင် ကောက်ခံသောအခွန်ဖြစ်ပြီး အခြားလူပုဂ္ဂိုလ် (သို့မဟုတ်) လုပ်ငန်းများသို့ လွှဲပြောင်း၍ မရသော အခွန်များ ဖြစ်သည်။ **အခွန်ပေးဆောင်သူနှင့် အခွန်ကျခံသူမှာ** တစ်ဦးတည်းဖြစ်သည်။ အဓိကအကျဆုံး တိုက်ရိုက်ခွန် အမျိုးအစားမှာ **ဝင်ငွေခွန်** (**Income Tax**) ဖြစ်သည်။

**ဝင်ငွေခွန်** (**Income Tax**) ဆိုသည်မှာ လူပုဂ္ဂိုလ်များနှင့် လုပ်ငန်းများ၏ ဝင်ငွေအပေါ် တွင် ကောက်ခံသော အခွန်ဖြစ်ပြီး **အမြတ်ခွန်၊ ကော်ပိုရေးရှင်းခွန်** (**Corporation Tax**)၊ **ငှားခ**တို့အပေါ်တွင် ကောက်ခံသောအခွန်တို့ ပါဝင်သည်။ အချို့တိုင်းပြည်များတွင် **လက်ဆောင်ပစ္စည်းများ၊ အမွေပစ္စည်းများ**အဖြစ် ရရှိသောဝင်ငွေများ၊ **အရင်းအနှီးအဖြစ် ထားရှိသော ပစ္စည်းများ တန်ဖိုးတက်လာခြင်းမှ ရရှိသောဝင်ငွေများ**အပေါ်တွင်လည်း ဝင်ငွေခွန် ကောက်ခံသည်။

အများအားဖြင့် တွေ့ရလေ့ရှိသော တိုက်ရိုက်ခွန် တစ်မျိုးမှာ **ပစ္စည်းဥစ္စာခွန်**ဖြစ်သည်။ **ပစ္စည်းဥစ္စာခွန်** (**Property Tax**) ဆိုသည်မှာ လူပုဂ္ဂိုလ် (သို့မဟုတ်) လုပ်ငန်းက ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများအပေါ်တွင် ကောက်ခံသော အခွန်ဖြစ်သည်။ ဥပမာ - မြေယာ၊ အိမ်၊ စတော့ရှယ်ယာများ၊ ယာဉ်များ စသည်တို့အပေါ်တွင် ကောက်ခံသော အခွန်များ ဖြစ်ပါသည်။

**သွယ်ဝိုက်ခွန်ဆိုသည်မှာ** ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ်တွင် ကောက်ခံသောအခွန်ဖြစ်ပြီး အခွန်ကို ကုန်စည်ထုတ်လုပ်ရောင်းချသူများက ဝယ်ယူစားသုံးမှုများ အပေါ်သို့ လွှဲပြောင်းပေးနိုင်သော အခွန်များ ဖြစ်သည်။ သွယ်ဝိုက်ခွန်၏သဘောမှာ **အခွန်ပေးဆောင်ရသူမှာ လုပ်ငန်းရှင်ဖြစ်ပြီး အခွန်ကျခံရသူမှာ စားသုံးသူ** ဖြစ်ပါသည်။ သွယ်ဝိုက်ခွန်များမှာ ကုန်စည်များ ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် ပို့ဆောင်မှုတို့အပေါ် ကောက်ခံခြင်းဖြစ်ပြီး အဓိကသွယ်ဝိုက်ခွန် အမျိုးအစားများမှာ **ရောင်းခွန်နှင့် လက်ပြောင်းခွန် (သို့မဟုတ်) ကုန်စည်ခွန်**တို့ဖြစ်သည်။

**ရောင်းခွန်** (**Sales Tax**) ဆိုသည်မှာ ကုန်စည်ကို နောက်ဆုံးစားသုံးသူ (Final Consumer) သို့ ရောင်းချမှုပေါ်တွင် ကောက်ခံသောအခွန် ဖြစ်သည်။ **လက်ပြောင်းခွန် (သို့မဟုတ်) ကုန်စည်ခွန်** (**Turnover Tax**)ဆိုသည်မှာ ကုန်စည်တစ်မျိုးကိုလက်ပြောင်းသည့်အကြိမ်တိုင်းတွင် ၎င်းတန်ဖိုးပေါ်၌ ကောက်ခံသောအခွန် ဖြစ်သည်။ မျက်မှောက်

ခေတ် နိုင်ငံများတွင် အသုံးများလာသည့် လက်ပြောင်းခွန်တစ်မျိုးမှာ **ထပ်ဆင့်တိုးတန်ဖိုးခွန်** (**Value Added Tax**) ဖြစ်သည်။ **ထပ်ဆင့်တိုးတန်ဖိုးခွန်** ဆိုသည်မှာ ကုန်စည်တစ်မျိုး၏ **ထုတ်လုပ်မှုဖြစ်စဉ်အဆင့်ဆင့်တွင် ထပ်ဆင့်တိုးလာသော တန်ဖိုးများပေါ်တွင် ကောက်ယူသည့် အခွန်** ဖြစ်သည်။ တိုင်းပြည်၏ **သွင်းကုန်နှင့် ပို့ကုန်များအပေါ်တွင်** ကောက်ယူသော အခွန်များသည်လည်း သွယ်ဝိုက်ခွန် အမျိုးအစားတွင် ပါဝင်ပြီး ဤအခွန်များကို **အကောက်ခွန်** (**Custom Duties**) ဟူ၍ ခေါ်သည်။

ကုန်စည်ဈေးနှုန်းများ မြှင့်တင်ခြင်းဖြင့် သွယ်ဝိုက်ခွန်များကို ကုန်စည်ဝယ်ယူ သုံးစွဲသူများသို့ ရွှေ့ပြောင်းနိုင်သည်။ ဥပမာအားဖြင့် ရုပ်မြင်သံကြားစက်များ ရောင်းချမှုအပေါ်တွင် ကောက်ခံသောအခွန်ကို တိုးမြှင့်လိုက်ပါက ရောင်းချသူများသည် ရုပ်မြင်သံကြားစက်များ၏ ရောင်းဈေးနှုန်းကို မြှင့်တင်ခြင်းအားဖြင့် ရောင်းခွန်တိုး၍ ထမ်းဆောင်ရသည်ကို ကာမိအောင် ဆောင်ရွက်နိုင်သည်။ သို့ဖြစ်၍ ကုန်စည်တစ်ခုအပေါ် အခွန်စည်းကြပ်ခြင်းဖြင့် ကုန်စည် ရောင်းဈေးကို မြင့်တက်သွားစေသည်။ ဈေးနှုန်းမြင့်တက်သည့် အတိုင်းအတာမှာ ကုန်စည် အတွက် ဝယ်လိုအားနှင့် ရောင်းလိုအားအခြေအနေများအပေါ် မူတည်နေသည်။


ထုတ်လုပ်ရောင်းချသူနှင့် ဝယ်ယူစားသုံးသူနှစ်ဦးလုံးက အခွန်ကိုပေးဆောင်ရမည် ဖြစ်သော်လည်း ကုန်စည်၏ ဝယ်လိုအားနှင့် ရောင်းလိုအားအလျော့အတင်းပေါ် မူတည်၍ ထုတ်လုပ်ရောင်းချသူနှင့်ဝယ်ယူစားသုံးသူတို့အပေါ် အခွန်ပမာဏ ကျရောက်မှု (အစိုးရသို့ ပေးဆောင်ရမည့် အခွန်ပမာဏ) ကွဲပြားခြားနားပါသည်။

**ကုန်စည်တစ်ခုအတွက် ဝယ်လိုအားအလျော့အတင်းဆိုသည်မှာ** ထိုကုန်စည်အတွက် ဝယ်လိုအားကို ပြဋ္ဌာန်းသောအချက် (ကုန်စည်၏ဈေးနှုန်း၊ စားသုံးသူ၏ ဝင်ငွေ၊ စားသုံးသူ၏ ကြိုက်နှစ်သက်မှု၊ အခြားကုန်စည်များ၏ဈေးနှုန်း) တစ်ခုခုပြောင်းလဲခြင်းကြောင့် ဝယ်လိုအားမည်မျှ တုံ့ပြန်ပြောင်းလဲကြောင်းကို တိုင်းတာခြင်းဖြစ်သည်။ **ရောင်းလိုအား၏ဈေးနှုန်း အလျော့အတင်းဆိုသည်မှာ** ကုန်စည်တစ်ခုအတွက် ရောင်းလိုအားကို ပြဋ္ဌာန်းသော အခြားအချက်များ မပြောင်းလဲသည့် အခြေအနေတွင် ထိုကုန်စည်၏ ဈေးနှုန်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ရောင်းချသည့် အရေအတွက်ပြောင်းလဲမှု အချိုးအစားဖြစ်သည်။


ရောင်းလိုအား အလျော့အတင်းက ဝယ်လိုအားအလျော့အတင်းထက်များပါက အခွန်များကို ဝယ်ယူသူများက ပိုမိုပေးဆောင်ရမည်ဖြစ်ပြီး ဝယ်လိုအားအလျော့အတင်းက ရောင်းလိုအား အလျော့အတင်းထက်များခဲ့လျှင် အခွန်ကို ထုတ်လုပ်သူများက ပိုမိုပေးဆောင်ရမည် ဖြစ်ပါသည်။ ရောင်းလိုအားနှင့် ဝယ်လိုအားအလျော့အတင်း ဆတူ ဖြစ်ပါက (ယူနစ်အလျော့အတင်း ဖြစ်ပါက) အခွန်ကို စားသုံးသူနှင့် ရောင်းချသူများက အညီအမျှ ကျခံရမည် ဖြစ်ပါ သည်။

**ဥပမာ**-အစိုးရက စီးကရက်အပေါ် အခွန်ကောက်ခံမှု တိုးမြှင့်လိုက်ခြင်းကြောင့် ထုတ်လုပ်သူများက စီးကရက်ဈေးနှုန်းကို တိုးလာသည့် အခွန်ပမာဏအတိုင်း တိုးမြှင့်သတ်မှတ် ရောင်းချသော်လည်း စီးကရက် ဝယ်လိုအား မပြောင်းလဲဘဲရှိနေပါက (သို့မဟုတ်) အနည်းငယ်သာ ပြောင်းလဲပါက တစ်နည်းအားဖြင့် ဝယ်လိုအား အလျော့အတင်းနည်းပါက တိုးမြှင့်အခွန်အားလုံး (သို့မဟုတ်) အားလုံးနီးပါးကို စားသုံးသူက ပေးဆောင်ရမည် ဖြစ်ပါသည်။

**ပုံ (၁) ဝယ်လိုအားအလျော့အတင်းက ရောင်းလိုအား အလျော့အတင်းထက် များသော အခြေအနေ**



**ပုံ (၂) ရောင်းလိုအားအလျော့အတင်းက ဝယ်လိုအား အလျော့အတင်းထက် များသော အခြေအနေ**




**ဝယ်လိုအား အလျော့အတင်းများသော ကုန်စည်များတွင်** ဇိမ်ခံကုန်စည်များ (ဇိမ်ခံကားများ၊ Rolex နာရီ၊ ရေမွှေး၊ စိန်၊ ဈေးကြီးသော ချောကလက်များစသည့် ကုန်စည်များ)၊ အစားထိုးကုန်စည်များ (လ္ဘက်ရည်၊ ကော်ဖီ၊ စားအုန်းဆီ ၊ မြေပဲဆီ စသည်ဖြင့် အစားထိုးသုံးစွဲနိုင်သည့် ကုန်စည်များ)၊ အလျော့အတင်းများသော ကုန်စည်များနှင့် တွဲဖက် သုံးစွဲရသော ကုန်စည်များ၊ ကြာရှည်သုံးကုန်စည်များ (ရေခဲသေတ္တာ၊ လက်ကိုင်ဖုန်း၊ အဝတ်အစား၊ စက်ဘီး၊ ပန်ကာ စသည့် ကုန်စည်များ)၊ ဝင်ငွေ၏ အစိတ်အပိုင်း အများအပြား သုံးစွဲရသည့် ကုန်စည်များ (စက်ဘီး၊ နာရီ စသည့်ကုန်စည်များ) နှင့် ဈေးနှုန်းအဆင့် မြင့်မားသော ကုန်စည်များ ပါဝင်သည်။

**အလျော့အတင်းနည်းသော ကုန်စည်များတွင်** ကြွယ်ဝမှုကို ဖော်ပြသော ကုန်စည်များ (လက်ဝတ်ရတနာ၊ ရှားပါးပစ္စည်းများ၊ နာမည်ကြီးပန်းချီဆရာများ၏ ပန်းချီကားများ)၊ အစားအစာ၊ ဆားနှင့် မီးခြစ်ကဲ့သို့သော အသက်ရှင်ရန်အတွက် မရှိမဖြစ် လိုအပ်သော ကုန်စည်များ၊ အလျော့အတင်းနည်းသော ကုန်စည်များနှင့် တွဲဖက်သုံးစွဲရသော ကုန်စည်များ၊ အလေ့အကျင့်အရ သုံးစွဲသော ကုန်စည်များ (စီးကရက် သောက်သုံးခြင်း၊ အရက် သောက်သုံးခြင်း)၊ ဝင်ငွေ၏အစိတ်အပိုင်းအနည်းငယ်သာ သုံးစွဲရသည့် ကုန်စည်များ (ဘောပင်၊ ခဲတံ၊ အပ်၊ အပ်ချည် စသည့် ကုန်စည်များ) နှင့် ဈေးနှုန်းအဆင့် နည်းသော ကုန်စည်များ ပါဝင်သည်။

**မြန်မာနိုင်ငံအနေဖြင့်** ပြည်သူပြည်သားများ၏ အခြေခံလိုအပ်သော၊ မရှိမဖြစ် သုံးစွဲရန် လိုအပ်သော **အောက်ပါကုန်စည်များအပေါ် အခွန်ကောက်ခံမှုမရှိပါ -**

**နံစားသီးနှံ အုပ်စုဝင် ကုန်စည်များ** (ဆန်နှင့် ဆန်ထွက် ပစ္စည်းများ၊ ဂျုံနှင့်ဂျုံထွက်ပစ္စည်းများ၊ ပြောင်း အမျိုးမျိုးနှင့် အခြားနံစားသီးနှံများစသည့် ကုန်စည်များ)၊

**ဆီထွက်သီးနှံများ** ( မြေပဲ၊ နှမ်း၊ မုန်ညင်း၊ နေကြာ၊ ဝါ၊ ဆီအုန်း စသည့် ကုန်စည်များ)

**အသား၊ ငါးနှင့်ဥ** (သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကြက်ဥ၊ ဘဲဥ စသည့် ဥအမျိုးမျိုး)

**အသီးအရွက်များ**(သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီး ဟင်းရွက်အမျိုးမျိုး)

**မီးဖိုချောင်သုံးပစ္စည်းများ** (ဆား၊ ငံပြာရည်၊ ငါးပိ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီး၊ နနွင်းမှုန့်၊ ချင်း၊ အာလူးစသည့် ပစ္စည်းများ)

**စက်မှုကုန်ကြမ်းအမျိုးမျိုး** (ပဲအမျိုးမျိုး၊ ဂုန်လျှော်နှင့် အခြား လျှော်များ၊ ကြံ စသည့် ကုန်စည်များ၊ လက်ခစား အပ်ကုန် စနစ်ဖြင့် ကုန်ချော ကုန်စည် ထုတ်လုပ်ပေးခြင်း အတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက် အသုံး ပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုး ရာတွင် အသုံးပြုသည့် ကုန်စည်များ)

**စိုက်ပျိုးရေးသုံးပစ္စည်းများ**(ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ လယ်ယာနှင့် မွေးမြူရေး သုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးသုံးစက်နှင့် စက်အပိုပစ္စည်းများ)

**တောထွက်အိမ်သုံးပစ္စည်းများ**(သက်ငယ်၊ အပေါ့၊ ဓနိ၊ တောင်ထန်း၊ သနပ်ခါး၊ ကြိမ်၊ ပျားရည်၊ ချိပ်များ စသည့်ကုန်စည်များ)

**လောင်စာ/ဆီ** (ထင်း၊ ဝါး၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ)

**ကျောင်းသုံးပစ္စည်းများ** (ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ပေတံ၊ ခဲဖျက်၊ ခဲတံ၊ ချွန်စက်၊ ကျောင်းသုံးစာအုပ် အမျိုးမျိုး၊)

**ကျန်းမာရေးသုံးပစ္စည်းများ** (ပရဆေးပင်၊ ဓါတ်မှန်ရိုက် ပစ္စည်းကိရိယာများ၊ ဆေးဂွမ်း၊ ဆေးပတ်တီး၊ ဆေးရုံသုံး အထွေထွေပစ္စည်းများ၊ နည်းဥပဒေ၊ စည်းမျဉ်းဖြင့် ကန့်သတ်ထားသော လူသုံး ဆေးဝါးများမှအပ အိမ်သုံးဆေးဝါး နှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုး၊ ဆေးဝါးကုန်ကြမ်းများ စသည့်ကုန်စည်များ)


၄င်းအပြင် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း၂၀၀ ထက် မပိုလျှင် အခွန်ကောက်ခံခြင်း မရှိပါ။

အိမ်ငှားရမ်းခြင်း၊ ယာဉ်ရပ်နားရန် နေရာငှားရမ်းခြင်း၊ အသက်အာမခံလုပ်ငန်း၊ အသေးစားငွေချေးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှု၊ ကုန်စည်သယ်ယူပို့ဆောင်ရေး၊ အလုပ်အကိုင်ရှာဖွေရေး၊ ဘဏ်လုပ်ငန်း၊ အကောက်ခွန်၊ ဆိပ်ကမ်း ရှင်းလင်းရေးလုပ်ငန်း၊ ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း၊ ကုန်ကြမ်းပေးကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်း၊ နာရေးဝန်ဆောင်မှု၊ ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှု၊ လမ်းအသုံးပြုခကောက်ခံမှုလုပ်ငန်း၊ ပြည်ပလေကြောင်းခရီးသည် ပို့ဆောင်ရေးလုပ်ငန်း၊ ယဉ်ကျေးမှုအနုပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊ အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အများသုံးသန့်စင်ခန်း အသုံးပြုလုပ်ငန်း၊ မြန်မာ့ရိုးရာ အကြောပြင်လုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ စသည့် **ဝန်ဆောင်မှုအမျိုးအစားများ**ပေါ်တွင်လည်း **အခွန်ကင်းလွတ်ခွင့်**ပြုထားပါသည်။

၄င်းအပြင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း၂၀၀ ထက် မပိုလျှင် **အခွန်ကောက်ခံခြင်း မရှိပါ။**

ဝန်ဆောင်မှုဆိုင်ရာ အခွန်ကောက်ခံမှု၊ အခွန်ပေးဆောင်မှုနှင့် ပတ်သက်၍ စားသောက်ဆိုင်များ၏ ငွေလက်ငင်းဖြတ်ပိုင်းတွင် တံဆိပ်ခေါင်းကပ်ခြင်းနှင့် လေ့လာမည် ဖြစ်ပါသည်။ စားသောက်ဆိုင် ပိုင်ရှင်များက နိုင်ငံတော်သို့ အခွန်ကြိုတင်ပေးဆောင်ထားရပြီး ၄င်းကြိုတင်ခွန်နှင့် ညီမျှသော တံဆိပ်ခေါင်းကို Label Stamp အဖြစ်အသုံးပြုရန် ပြည်တွင်းအခွန်များ ဦးစီးဌာနက ထုတ်ပေးထားပါသည်။ စားသုံးသူများ လာရောက် စားသုံးချိန်တွင် ငွေလက်ငင်းဖြတ်ပိုင်းတွင် တံဆိပ်ခေါင်းကပ်ပေးခြင်းဖြင့် အခွန်များကို စားသုံးသူထံမှ ပြန်၍ကောက်ယူခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စားသုံးသူများက မိမိပေး ဆောင်ရသော အခွန်များ နိုင်ငံတော်သို့ အမှန်တကယ် ရောက်ရှိစေရန် တံဆိပ်ခေါင်းပါသော ငွေလက်ငင်းဖြတ်ပိုင်းကို စားသောက်ပြီးတိုင်း ရယူရန် လိုအပ်ပါသည်။ သို့မဟုတ်ပါက မိမိပေးဆောင်လိုက်သော အခွန်သည် နိုင်ငံတော်သို့ မရောက်သည့်အပြင် စားသောက် ကုန်ကျစရိတ်များသည်လည်း စားသောက်ဆိုင်၏ ဝင်ငွေ တွက်ချက်မှုတွင် စာရင်းမဝင်ပါသဖြင့် ဝင်ငွေခွန် ကောက်ခံရရှိမှုကိုလည်း လျော့နည်းစေပါသည်။

ထို့ကြောင့် အခွန်များကို ထုတ်လုပ်ရောင်းချသူ (သို့မဟုတ်) ဝယ်သူစားသုံးသူက မည်မျှစီ ပေးဆောင်ရမည်ဆိုသည်မှာ **ဈေးနှုန်းပြောင်းလဲမှုနှင့် ဝင်ငွေအခြေအနေအရ ၄င်းတို့၏ တုံ့ပြန်မှုအခြေအနေပေါ်တွင်** မူတည်လျက် ရှိပါကြောင်း တင်ပြလိုက်ပါသည်။




# ဖြစ်တန်စွမ်းအပေါ် အခြေခံသောနမူနာရွေးချယ်ခြင်း

|ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ)|

၁။ Population (ဦးရေ) ကို ကောက်ချက်ချနိုင်ရန် အတွက် မိမိရွေးချယ်ထားသည့် နမူနာ (sample) သည် ဦးရေကို ကိုယ်စားပြုသည့် နမူနာ (representative sample) ဖြစ်ရန် လိုအပ်ပါသည်။ Representative sample ဖြစ်စေရန်လိုအပ်ချက်တစ်ခုမှာ နမူနာရွေးချယ်မှု နည်းလမ်း (sampling) ရွေးချယ်မှု မှန်ကန်ရမည် ဖြစ်ပါသည်။

၂။ Sampling နှင့် ပတ်သက်ပြီး ဆက်လက်လေ့လာမည်ဆိုပါက Sampling ကို ဖြစ်တန်စွမ်းအပေါ် အခြေခံသော နမူနာရွေးချယ်ခြင်း (probability sampling) နှင့် ဖြစ်တန်စွမ်းအပေါ် အခြေမခံသော နမူနာရွေးချယ်ခြင်း (non-probability sampling) ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

**Probability sampling** တွင် –

(၁) သာမန် ကျပန်းနမူနာရွေးချယ်နည်း (Simple Random Sampling)

(၂) အလွှာခွဲကျပန်းနမူနာရွေးချယ်နည်း (Stratified Random Sampling)

(၃) အုပ်စုလိုက် နမူနာရွေးချယ်နည်း (Cluster Sampling)

(၄) အကွာညီနမူနာရွေးချယ်နည်း (Systematic Sampling)

**Non-Probability sampling** တွင် -

(၁) ဝေပုံကျ သတ်မှတ်၍ နမူနာရွေးချယ်နည်း (Quota Sampling)

(၂) ရည်ရွယ်ချက်အပေါ် အခြေခံ၍ နမူနာရွေးချယ်နည်း (Purposive Sampling)

(၃) အဆင်ပြေနိုင်မှုအပေါ် အခြေခံ၍ နမူနာရွေးချယ်နည်း (Convenience Sampling)

(၄) ဖြေဆိုသူ မှတစ်ဆင့် ချိတ်ဆက်၍ နမူနာရွေးချယ်ခြင်း (Snowball Sampling)


၃။ Probability Sampling ကို လေ့လာကြည့်မည်ဆိုပါက ဥပမာအားဖြင့် စီးပွားရေးတက္ကသိုလ်ကျောင်းသား/သူများ၏ ဘာသာရပ်များအပေါ် ၎င်းတို့၏ အမြင်သဘောထားကို လေ့လာကြည့်မည်ဆိုပါက – ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်ဟူ၍ (၃) ခုရှိပြီး၊ အဆိုပါတက္ကသိုလ်တိုင်းတွင် စီမံခန့်ခွဲမှုပညာအထူးပြု၊ စာရင်း

ကိုင်ပညာအထူးပြုနှင့် စာရင်းအင်းပညာအထူးပြု စသည်ဖြင့် ဘာသာရပ် (၃) ခုသင်ကြားသည် ဆိုပါစို့။

## သာမန် ကျပန်းနမူနာကောက်နည်း (Simple Random Sampling)

၄။ သာမန်ကျပန်းနမူနာကောက်နည်း (Simple Random Sampling) သည် ရွေးချယ်ခံရမည့် ကျောင်းသား/သူများအားလုံးကို စာရင်းပြုစုပြီး (sampling frame တည်ဆောက်ပြီး) ကံစမ်းမဲနှိုက်သည့်အလား ကျပန်းရွေးချယ်သည့် သဘောမျိုးဖြစ်သည်။ Theory အရ random number table ကို ကြည့်၍လည်းကောင်း၊ Microsoft Excel တွင် random number generate လုပ်၍ လည်းကောင်း နမူနာများကို ရွေးချယ်လေ့ရှိကြပါသည်။ Simple Random Sampling ၏ ကောင်းကွက်တစ်ခုမှာ ပါဝင်သည့် element တိုင်းကို ညီတူညီမျှ အခွင့်အရေးရရှိစေခြင်း (Equal Chance) ပင် ဖြစ်ပါသည်။


## သာမန် ကျပန်းနမူနာရွေးချယ်နည်း (Simple Random Sampling)




## အလွှာခွဲကျပန်းနမူနာကောက်နည်း (Stratified Random Sampling)

၅။ အလွှာခွဲကျပန်းနမူနာကောက်နည်း (Stratified Random Sampling) သည် နမူနာများကို မရွေးချယ်မီ ပထမဦးစွာ Population ထဲတွင်ရှိသော element များကို ဝင်ငွေအုပ်စုအလိုက်၊ ဌာနအလိုက်၊ စီးပွားရေးလုပ်ငန်းအမျိုးအစားအလိုက်/ အရွယ်အစားအလိုက် စသည်ဖြင့် အလွှာ ခွဲခြားသတ်မှတ်ခြင်းဖြစ်သည်။ ထို့နောက် အဆိုပါ ခွဲခြားထားသည့် အုပ်စုအသီးသီးမှ သတ်မှတ် နမူနာအရေအတွက်ကို ကျပန်းနမူနာကောက်နည်းဖြင့် ရွေးချယ်ခြင်း ဖြစ်ပါသည်။

## အလွှာခွဲကျပန်းနမူနာကောက်နည်း (Stratified Random Sampling)



၆။ Stratified Random Sampling တွင် –

**Within strata** တွင် အလွှာ (strata) တစ်ခုအတွင်း ပါဝင်သည့် element တစ်ခုသည် အခြား element များနှင့် သဘောသဘာဝအရ တူညီရမည်ဖြစ်ပြီး၊ **Between strata** တွင် အလွှာ (strata) တစ်ခုသည် အခြားအလွှာ (strata) များနှင့် သဘောသဘာဝအရ ကွဲပြားရမည်ဖြစ်သည်။

၇။ ယခုလေ့လာမှုအရ –


**Within strata:** စီမံခန့်ခွဲမှု အလွှာထဲတွင် ပါဝင်သော ကျောင်းသား/သူများ (elements)သည် စီမံခန့်ခွဲမှု ပညာဘာသာရပ်ကိုသာ အထူးပြု တက်ရောက်နေကြသူများဖြစ်ပြီး၊ စာရင်းကိုင်အလွှာထဲတွင် ပါဝင်သော ကျောင်းသား/သူများ (elements) သည် စာရင်းကိုင်ပညာဘာသာရပ်ကိုသာ အထူးပြုတက်ရောက်နေကြသူများဖြစ်သည်။ ထို့အတူ စာရင်းအင်းအလွှာထဲတွင် ပါဝင်သော ကျောင်းသား/သူများ (elements) သည် စာရင်းအင်းပညာဘာသာရပ်ကိုသာ အထူးပြုတက်ရောက်နေကြသူများဖြစ်သဖြင့် အလွှာ (strata) တစ်ခုတွင် ပါဝင်သည့် element တိုင်းသည် သဘောသဘာဝ တူညီကြောင်းတွေ့ရသည်။

**Between strata:** စီမံခန့်ခွဲမှုအလွှာ (strata) သည် စာရင်းကိုင်အလွှာ (strata) နှင့် စာရင်းအင်းအလွှာ (strata) တို့နှင့် ဘာသာရပ်ပုံစံ ကွဲပြားခြားနားသည်ကို တွေ့ရသည်။ ထို့အတူ စာရင်းကိုင်အလွှာ (strata) သည်လည်း စီမံခန့်ခွဲမှုအလွှာ (strata) နှင့် စာရင်းအင်းအလွှာ (strata) တို့နှင့် ဘာသာရပ်ပုံစံ ကွဲပြားနေကြောင်းတွေ့နိုင်ပါသည်။

## အုပ်စုလိုက် နမူနာကောက်နည်း (Cluster Sampling)

၈။ အုပ်စုလိုက်နမူနာကောက်နည်း (Cluster Sampling) သည် နမူနာများကို မရွေးချယ်မီ ပထမဦးစွာ ပထဝီအနေအထားအရ (Geographical Location) သော်လည်းကောင်း ၊ နယ်ပယ် အပိုင်းအခြားအရ (City, Block, etc.,) သော်လည်းကောင်း အုပ်စု (Cluster) များ သတ်မှတ်ခြင်းဖြစ်သည်။ ထို့နောက် အဆိုပါ Cluster များထဲမှ လိုအပ်သော Cluster ကိုသာ ကျပန်းနမူနာ ကောက်နည်းဖြင့် ရွေးချယ်ခြင်း ဖြစ်ပါသည်။

## အုပ်စုလိုက်နမူနာကောက်နည်း (Cluster Sampling)




၉။ Cluster Sampling တွင် –

**Within cluster** တွင် အုပ်စု (Cluster) တစ်ခုအတွင်း ပါဝင်သည့် Element တစ်ခုသည် အခြား Element များနှင့် သဘောသဘာဝအရ ကွဲပြားရမည်ဖြစ်ပြီး၊ **Between cluster** တွင် အုပ်စု (Cluster) တစ်ခုသည် အခြားအုပ်စု (Cluster) များနှင့် သဘောသဘာဝအရ တူညီရမည်ဖြစ်သည်။ (*Stratified Random Sampling ၏ ယူဆချက်နှင့် ပြောင်းပြန်ဖြစ်သည်*)

၁၀။ ယခုလေ့လာမှုအရ –

**Within cluster:** ရန်ကုန် စီးပွားရေးတက္ကသိုလ် (Cluster) ထဲတွင် ပါဝင်သော ကျောင်းသား/သူများ (Elements) တွင် စီမံခန့်ခွဲမှုပညာ အထူးပြု ကျောင်းသား/သူများ၊ စာရင်းကိုင်ပညာအထူးပြု ကျောင်းသား/သူများနှင့်

စာရင်းအင်းပညာအထူးပြု ကျောင်းသား/သူများစသည်ဖြင့် အထူးပြု မတူညီ (ကွဲပြားနေ) သည့် ကျောင်းသား/သူများ ပါဝင်နေမည်ဖြစ်ပါသည်။ ထို့အတူ မုံရွာစီးပွားရေး တက္ကသိုလ်နှင့် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်များတွင်လည်း ထိုနည်းတူ ပါဝင်နေ ကြမည်ဖြစ်သည်။

**Between strata:** ရန်ကုန်စီးပွားရေးတက္ကသိုလ် (Cluster) ထဲတွင် ပါဝင်နေသည့် Element တို့ နှင့် မုံရွာစီးပွားရေး တက္ကသိုလ် (Cluster) နှင့် မိတ္ထီလာစီးပွားရေး တက္ကသိုလ် (Cluster) တွင်လည်း ပါဝင်နေသည့် Element တို့၏ ပုံစံ သဘောသဘာဝ တူညီနေသည်ကို တွေ့ရမည်ဖြစ် သည်။

## အကွာညီနမူနာကောက်နည်း (Systematic Sampling)


၁၁။ အကွာညီနမူနာကောက်နည်း (Systematic Sampling) ကို မရွေးချယ်မီ ပထမဦးစွာ အကွာ (K) တန်ဖိုး ကို ရှာရမည်ဖြစ်သည်။

$$k = \frac{Population\ size}{Sample\ size}$$


ထို့ကြောင့် ဥပမာအားဖြင့်
population size (ဦးရေအရွယ်အစား) = 100,
sample size (နမူနာအရွယ်အစား) = 20 ဖြစ်ပါက
k (အကွာတန်ဖိုး) = 5 ဖြစ်မည် ဖြစ်သည်။

၁၁။ k (အကွာ) တန်ဖိုး 5 ဖြစ်သည့်အတွက် Student Senior No. 1 မှ 5 ထဲမှ ကိန်းဂဏန်းတစ်လုံးအား ကျပန်း နမူနာကောက်ယူရမည်ဖြစ်သည်။ အကယ်၍ No 3 ရွေးချယ် ခံရပါက နောက် ရွေးရမည့် Student Senior No. မှာ 8 (3+5) ဖြစ်မည်ဖြစ်သည်။ တတိယရွေးချယ်ခံရမည့် Student Senior No. မှာ 13 (8+5) ဖြစ်ပါသည်။ ထိုကဲ့သို့ ဆက်တိုက် ရွေးချယ်ပါက Population Size (ဦးရေအရွယ် အစား) 100 အတွင်း မိမိလိုချင်သည့် Sample Size (နမူနာ အရွယ်အစား) 20 ကို ရရှိမည် ဖြစ်ပါသည်။

## အကွာညီနမူနာကောက်နည်း (Systematic Sampling)




| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 | 28 | 29 | 30 |
| 31 | 32 | 33 | 34 | 35 | 36 | 37 | 38 | 39 | 40 |
| 41 | 42 | 43 | 44 | 45 | 46 | 47 | 48 | 49 | 50 |
| 51 | 52 | 53 | 54 | 55 | 56 | 57 | 58 | 59 | 60 |
| 61 | 62 | 63 | 64 | 65 | 66 | 67 | 68 | 69 | 70 |
| 71 | 72 | 73 | 74 | 75 | 76 | 77 | 78 | 79 | 80 |
| 81 | 82 | 83 | 84 | 85 | 86 | 87 | 88 | 89 | 90 |
| 91 | 92 | 93 | 94 | 95 | 96 | 97 | 98 | 99 | 100 |



# စားသုံးသူတို့၏ အခွင့်အရေးနှင့် စားသုံးသူတို့၏ အခန်းကဏ္ဍ

|စောနိုင် (အသုံးချဘောဂဗေဒ)|

## အစနိဒါန်းနှင့် ဖြစ်ထွန်းတိုးတက်မှု

ယနေ့ကမ္ဘာတွင် စားသုံးသူ၏အခန်းကဏ္ဍ ပိုမိုကြီးမားလာမှုနှင့်အတူ စားသုံးသူအခွင့်အရေးသည်လည်း သတိပြုစရာ ဖြစ်လာနေပြီဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း မတ်လ (၁၅) ရက်နေ့ကိုလည်း ကမ္ဘာ့စားသုံးသူများ အခွင့်အရေးနေ့ (World Consumer Rights Day–WCRD) အဖြစ် သတ်မှတ်၍ အမှတ်တရ အခမ်းအနားများပင် ကျင်းပမှုများ ပြုလုပ်လာကြပါသည်။

အနီးဆုံးကာလ သမိုင်းနောက်ခံကို ပြန်ကြည့်သောအခါ လွန်ခဲ့သော နှစ် ၆၀ နီးပါး၊ ၁၉၆၂ ခုနှစ်က အမေရိကန် သမ္မတ ဂျွန်အက်ဖ်ကနေဒီ (John F.Kennedy) သည် အမေရိကန်ကွန်ဂရက်၌ စားသုံးသူများ၏ အခွင့်အရေးများ (Consumers’ Rights) နှင့် ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့ဖူးသည်ဟု သိရသည်။ သမ္မတကနေဒီ၏ အဆိုပါ မိန့်ခွန်းအလွန် ဖြစ်ပေါ်လာသော နောက်ဆက်တွဲရလဒ်မှာ စားသုံးသူ အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်း ပေါ်ထွက်လာခြင်း

ဖြစ်သည်။ အမေရိကန်သမ္မတတစ်ဦး၏ စားသုံးသူအခွင့်အရေးကို အဓိပ္ပါယ် ဖွင့်ဆို၍ စားသုံးသူများနှင့်ပတ်သက်၍ အလေးအနက်ထား ပြောကြား ခဲ့သည့် ထိုနေ့ရက်ကိုလည်း ကမ္ဘာ့စားသုံးသူများ အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ သမ္မတ ဂျွန်အက်ဖ်ကနေဒီ၏ မိန့်ခွန်းမှ မြစ်ဖျားခံ၍ ဖြစ်ပေါ်လာခဲ့သော စားသုံးသူ ဥပဒေမူကြမ်းတွင် ပါဝင်သည့် စားသုံးသူ အခွင့်အရေးများမှာ အဘာယ်နည်း။ စားသုံးသူ အခွင့်အရေး ဆိုင်ရာ အခြေခံကျသော အချက် (၄) ချက် အဖြစ်တွေ့ရသည်။

(၁) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်း၊ လုံခြုံစွာစားသုံး (အသုံးပြု)ခွင့် (Right to safety)၊

(၂) ဝယ်ယူစားသုံး (အသုံးပြု) သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် ပတ်သက်၍ သတင်းအချက် အလက် ပြည့်စုံစွာရရှိခွင့် (Right to information)

(၃) မိမိတို့၏ နှစ်သက်ရာကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို စိတ်ဆန္ဒအတိုင်း ရွေးချယ်ဝယ်ယူစားသုံး (အသုံးပြု) ခွင့် (Right to choose) နှင့်

(၄) ဝယ်ယူစားသုံး (အသုံးပြု) လိုက်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် ပတ်သက်၍သော်လည်းကောင်း၊ ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ပတ်သက်၍သော်လည်းကောင်း မကျေနပ်မှုများ၊ စိုးရိမ်စရာဖြစ်မှုများကို ထုတ်ဖော်ပြောဆိုခွင့် (Right to be heard) တို့ဖြစ်သည်။

၁၉၈၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စားသုံးသူများကို ပိုမိုအကာအကွယ်ပြုနိုင်ရန် နောက်ထပ် အခွင့်အရေး (၄) မျိုးဖြစ်သည့် လူတစ်ယောက်၏ အခြေခံလိုအပ်ချက် စား၊ ဝတ်၊ နေရေးအပါအဝင် ကျန်းမာရေး၊ ပညာရေးတို့ကို ရရှိခံစားခွင့် (the right to basic needs)၊ ထုတ်လုပ်သူဘက်မှ မှားယွင်းသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် သင့်လျော်သည့် ဖြေရှင်းပေးမှု၊ လျော်ကြေး ပြန်လည်ခံစားခွင့် (the right to redress)၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူအသုံးပြုရာတွင် သိရှိရမည့် အချက်အလက်များနှင့် စားသုံးသူ အခွင့်အရေး ဆိုင်ရာများ အသိပညာပေးမှုကို ရရှိခွင့် (the right to consumer education)၊ စားသုံးသူများ၏ အကျိုးစီးပွားကို သေချာစေသော ကောင်းမွန်သည့်၊ ခြိမ်းခြောက်မှုများ မရှိသည့် နေထိုင်မှုဝန်းကျင်နှင့် အလုပ်ခွင်ဝန်းကျင် ဖြည့်ဆည်းပေးခြင်းကို ရရှိခွင့် (the right to a healthy environment) တို့ကို ထပ်မံဖြည့်စွက် ပြဋ္ဌာန်းပေးခဲ့သည်။

## စားသုံးခြင်း၊ စားသုံးသူနှင့် စားသုံးသူအခွင့်အရေး

စားသုံးသူများအခွင့်အရေး (Consumers' Rights) အကြောင်း စိတ်ဝင်စားမှုရှိလာသောကြောင့် စားသုံးခြင်း (Consumption) နှင့် စားသုံးသူ (Consumer) ဟူသော ဝေါဟာရများနှင့် ပတ်သက်၍လည်း ဆက်စပ်စဉ်းစားမိလာသည်။ ဘောဂဗေဒဘာသာရပ်တွင် စားသုံးခြင်း (Consumption) သည် ကုန်စည်နှင့် ဝန်ဆောင်မှုကို အသုံးပြုခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုကို တိုက်ရိုက် အသုံးပြုခြင်း (စားသုံးခြင်း) ပြုလုပ်ရန်ဖြစ်စေ၊ (လက်ရှိ သို့မဟုတ် အနာဂတ်ကာလ) အသုံးဝင်မှုတစ်ခုအတွက်ဖြစ်စေ၊ အခြားသော အကြောင်းအမျိုးမျိုးအတွက်ဖြစ်စေ ဝယ်ယူအသုံးပြုခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်သော သူတို့ကို စားသုံးသူများဟုခေါ်သည်။ ဈေးကွက်အင်အားစုထဲတွင် ဝယ်လိုအားနှင့် ရောင်းလိုအား အင်အားစုဟူ၍ရှိရာ စားသုံးသူများ

> လူတစ်ဦးသည် တစ်ချိန်တွင် စားသုံးသူဖြစ်သကဲ့သို့ အခြားတစ်ချိန်တွင် ထုတ်လုပ်သူ၊ ရောင်းချသူ ဖြစ်သည်။

သည် ဝယ်လိုအား အင်အားစုတွင်ပါဝင်ပြီး ဈေးကွက်ယန္တရားအတွက် ထုတ်လုပ်ရောင်းချသူများ ပါဝင်သောရောင်းလိုအား အင်အားစုထက်ပို၍ အဓိကကျသည်ဟု ယေဘုယျဆိုနိုင်သည်။ ဈေးကွက်ယန္တရားကို လည်ပတ်လှုပ်ရှားစေရေးအတွက် ကနဦးလှုံ့ဆော်မှုပြုနိုင်သည့် အင်အားစုဟုလည်း ယူဆကြသည်။

အမေရိကန် စိတ်ပညာရှင် Maslow ၏ လိုအပ်ချက် အဆင့်ဆင့် သီအိုရီ (Hierarchy Of Needs Theory) အရဆိုလျှင် လူတို့ (စားသုံးသူတို့) သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်အတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများကို စားသုံးခြင်း (အသုံးပြုခြင်း) ကို လူ တစ်ယောက်၏ လိုအပ်ချက် ကနဦး၊ အခြေခံအဆင့်မှာပင် ပြုလုပ်နေကြရသည်ကို သတိပြုလေ့လာမိနိုင်သည်။ အသက်ရှင် ရပ်တည်မှုအတွက်လည်းကောင်း၊ အသက်အိုးအိမ်စည်းစိမ်၊ အလုပ်အကိုင် လုံခြုံစိတ်ချမှုအတွက်လည်းကောင်း၊ လူမှုရေးဆိုင်ရာ လိုအပ်ချက် အတွက်လည်းကောင်း၊ လေးစား တန်ဖိုးထားမှု ရရှိရန်လိုအပ်ချက်နှင့် မိမိကိုယ်မိမိ ယုံကြည်မှုရှိစွာဖြင့် ဘဝတိုးတက်မှုအတွက် ဖန်တီးတည်ဆောက်နိုင်ရေးအတွက်လည်းကောင်း ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတို့ကို အခြေအနေအမျိုးမျိုးတွင် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုနေကြရသည်။ ထို့ကြောင့် စားသုံးသူများသည် စားသုံးခြင်း (အသုံးပြုခြင်း) အပြုအမူကို အမြဲမပြတ် ပြုလုပ်ရင်း ဈေးကွက်တွင်းရှိ အခြားသော အင်အားစုဖြစ်သည့် ထုတ်လုပ် ရောင်းချသူများကို လှုံ့ဆော်နေသည့် သဘောမျိုးရှိနေသည်။ ထို့အတူ ထုတ်လုပ်ရောင်းချသူများကလည်း ၄င်းတို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုများကို စားသုံးသူများ ပိုမိုဝယ်ယူအသုံးပြု (စားသုံး) လာစေရန် ဆန်းသစ်တီထွင်ထုတ်လုပ်မှုများ ဖြင့် ဆွဲဆောင်ကြသည့် အခြေအနေရှိသည်။ ထုတ်လုပ်ရောင်းချခြင်းနှင့် ဝယ်ယူစားသုံး (အသုံးပြု) ခြင်းတို့၏ ဈေးကွက်ကို တည်မြဲစေသော နောက်ဆုံးပန်းတိုင်မှာ စားသုံးသူစိတ်ကျေနပ်မှု ရရှိရေးဖြစ်သည်။

ကုန်ထုတ်လုပ်မှုတစ်ခုကို အသုံးပြုရန်အတွက်လည်းကောင်း၊ အမြတ်အစွန်းအတွက် ပြန်လည်ရောင်းချရန်အတွက် ဝယ်ယူသူတို့ကို စားသုံးသူများဟု မသတ်မှတ်ပေ။ ထို့ကြောင့် စားသုံးသူအခွင့်အရေးဆိုသည်မှာ တိုက်ရိုက်စားသုံးမှု (အသုံးပြုမှု) အတွက် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု တစ်ခုခုကို ဝယ်ယူစားသုံး (အသုံးပြု) သောသူများ ကြုံတွေ့နစ်နာမှုများ မရှိစေရန်၊ ကျင့်ဝတ်အရဖြစ်စေ၊ ဥပဒေအရဖြစ်စေ ပြင်ဆင်ထားသော အခွင့် အရေးများဖြစ်သည်။ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူ၊ ဝန်ဆောင်မှုပေးသူ (ရောင်းချသူ) က ၄င်းတို့ ရောင်းချလိုက်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်ပတ်သက်၍ စားသုံးသူ အခွင့်အရေးများ သေချာစေခြင်းသည် စားသုံးသူများကို အကာအကွယ်ပေးနိုင်ခြင်းဖြစ်သဖြင့် စားသုံးသူ အခွင့်အရေးများကို စားသုံးသူများသာမက ထုတ်လုပ်ရောင်းချသူများပါ သိရှိနားလည်ပြီး လိုက်နာခြင်း၊ ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်မှသာ အောင်မြင်မှု ရရှိနိုင်မည်။

## စားသုံးသူ၏ အရေးပါမှု

လူတစ်ဦးသည် တစ်ချိန်တွင် စားသုံးသူဖြစ်သကဲ့သို့ အခြားတစ်ချိန်တွင် ထုတ်လုပ်သူ၊ ရောင်းချသူ ဖြစ်သည်။ တစ်ခါတစ်ရံတွင် စားသုံးသူရော ထုတ်လုပ်ရောင်းချသူ တစ်ကိုယ့်နှစ်စိတ် တစ်ပြိုင်နက်ဖြစ်နေတတ်သည်။ ထို့ကြောင့် စားသုံးသူသည် နိုင်ငံတစ်နိုင်ငံ၊ စီးပွားရေးအဆောက်အအုံတစ်ခုအတွင်း၌ အရေးကြီးဆုံး အစိတ်အပိုင်းဖြစ်ပြီး စီးပွားရေးစနစ်တစ်ရပ် ပုံမှန်လည်ပတ်နိုင်စေရေးအတွက် အရေးအပါဆုံး သက်ရှိယန္တရား အစိတ်အပိုင်းလည်းဖြစ်သည်။ စီးပွားရေးအဆောက်အအုံအတွင်း ကျင့်သုံးနေသည့် စီးပွားရေးစနစ်နှင့်အညီ မှန်ကန်စွာ လည်ပတ်စေရေးအတွက် စားသုံးသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးခြင်းသည် နိုင်ငံသားများ အားလုံး၏ အကျိုးစီးပွားကို ထိန်းသိမ်းပေးနေခြင်းဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး အဆင့်အတန်း တိုးတက်မြင့်မားမှုအတွက် အားထုတ်နေခြင်းဟုလည်း ဆိုနိုင်ပေသည်။

စားသုံးသူများ အကျိုးစီးပွားပျက်စီးခဲ့လျှင် ထုတ်လုပ်ရောင်းချသူများ၏ အကျိုးဖြစ်ထွန်းမှုကို ထိခိုက်လာမည်။ တစ်နွယ်ငင်တစ်စင်ပါ နိုင်ငံ့အကျိုးစီးပွားကို ဆိုးကျိုးသက်ရောက်မှုများ ဖြစ်လာနိုင်မည်ကို သတိပြုသင့်သည်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အခြေအနေမျိုးဖြစ်

သောကြောင့် စားသုံးသူအကျိုး ပျက်စီးလျှင် မဝေးတော့သည့်အချိန်၌ ထုတ်လုပ်သူ၏ အကျိုးစီးပွားပါ ပျက်စီးလာတော့မည်ဖြစ်ပြီး ဈေးကွက်ယန္တရားလည်ပတ်မှုကို ထိခိုက်လာမည်မှာ သေချာသော အခြေအနေဖြစ်သည်။ စားသုံးသူတစ်ဦးတစ်ယောက်ချင်းစီ ထိခိုက်မှု ဖြစ်လာခဲ့လျှင် စီးပွားရေးအဆောက်အအုံတစ်ခုလုံးကို တဖြည်းဖြည်း ထိခိုက်လာစေနိုင်ပြီး ၊ စီးပွားရေးစနစ်၏ လည်ပတ်မှုကို ပျက်စီးစေသဖြင့် စားသုံးသူများ ထိခိုက်မှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပေးမှုသည် အရေးကြီး သည့် ကြိုတင်ဆောင်ရွက်မှုဟုလည်း မှတ်ယူရပေမည်။

## ဈေးကွက်စနစ်နှင့် စားသုံးသူအခွင့်အရေးကာကွယ်ခြင်း

ဈေးကွက်စီးပွားရေးဆိုသည်မှာ လွတ်လပ်စွာဖြင့် ပြိုင်ဆိုင်ရောင်းဝယ်မှုရှိသော စနစ်ဖြစ်သည်။ ပြိုင်ဆိုင်မှု အားကောင်းမှ ဈေးကွက်စီးပွားရေးစနစ် ပီပြင်မည်။ ပြိုင်ဆိုင်မှု အားကောင်းခဲ့လျှင် ဈေးကွက်များ စီးပွားရေးအရ စွမ်းဆောင်ရည်ရှိလာပြီး ထုတ်လုပ်သူများ စွမ်းဆောင်ရည် မြင့်မားလာမည်၊ စားသုံးသူများ ရွေးချယ် စားသုံးခွင့်များပြားလာမည်။ နှစ်ဖက်အကျိုးစီးပွား မြင့်မားလာစေနိုင်သည်။ ဈေးကွက်များ ထိုအခြေအနေမျိုးဖြစ်ထွန်းလာစေရန် အထောက်အကူပြုသော အင်စတီကျူးရှင်းများ ထူထောင်ခြင်းကို ဆောင်ရွက်ရုံသာမက စားသုံးသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးခြင်းကိုပါ အလေးထား ဆောင်ရွက်ရမည်။

စွမ်းဆောင်ရည်ရှိသော ဈေးကွက်စနစ်အောက်တွင် ထုတ်လုပ်သူများအနေဖြင့် ပြိုင်ဆိုင်ထုတ်လုပ် ရောင်းချရသည့် သဘာဝရှိသဖြင့် ဈေးကွက်ဝေစု မပျောက်စေရန် ထုတ်ကုန်များကို အရည်အသွေး မှန်ကန်စွာ ထုတ်လုပ်ခြင်း၊ အမြဲတီထွင်ကြံဆ ထုတ်လုပ်နေရခြင်း အမြဲပြုလုပ်နေကြရသည်။ ထို့ကြောင့် ထုတ်လုပ်သူ တစ်ဦးတစ်ယောက် ချင်းမှ တစ်ဆင့် စီးပွားရေးအဆောက်အအုံတစ်ခုလုံး၏ ကုန်ထုတ်လုပ်မှုကဏ္ဍ စွမ်းရည်မှာလည်း မြင့်မားတိုးတက် လာမည်။ ပြည်တွင်းဈေးကွက် ဝေစုကြီးမားလာမည်။ ပြည်တွင်းထုတ်ကုန် သတင်းကောင်းများသည် နိုင်ငံတကာ ဈေးကွက်များတွင်ပါ သတင်းများပျံ့နှံ့ဖြစ်ပေါ်ပြီး ပို့ကုန်ကဏ္ဍတိုးတက်ရေးအတွက်လည်း ထောက်ကူပြုလာနိုင်သည်။

အကယ်၍ စားသုံးသူအခွင့်အရေး ဆုံးရှုံးမှုများ ရှိနေခဲ့လျှင် သို့မဟုတ် စားသုံးသူတို့၏ အကျိုးစီးပွားကို ကောင်းစွာကာကွယ်ပေးနိုင်ခြင်း မရှိခဲ့လျှင် စားသုံးသူတို့ အကျိုးစီးပွားပျက်စီးခြင်း ကြုံတွေ့ရပေလိမ့်မည်။ ထုတ်လုပ်ရောင်းချသူတို့အပေါ် ယုံကြည်မှုကျဆင်းကာ ကုန်ထုတ်လုပ်မှု အခြေအနေကို ထိခိုက်မှုဖြစ်လျက် ထုတ်လုပ်သူတို့၏ အကျိုးစီးပွားပါ ထိခိုက်လာပေမည်။ စားသုံးသူအုပ်စု (ဝယ်လိုအားအုပ်စု) နှင့် ထုတ်လုပ် ရောင်းချသူအုပ်စု (ရောင်းလိုအားအုပ်စု) အကျိုးစီးပွား ဆက်စပ်ထိခိုက်မှုများ ဖြစ်လာသောအခါ ဈေးကွက်ယန္တရားမှာ စွမ်းဆောင်ရည်ရှိစွာ လည်ပတ်နိုင်ခြင်း မရှိတော့ပေ။ ထို့သို့ ဈေးကွက်ယန္တရားလည်ပတ်မှု ကောင်းမွန်ခြင်း မရှိသောအခါ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းမှ ရရှိမည့်ကောင်းကျိုးဆုံးရှုံးကာ စီးပွားရေး အဆောက်အအုံထဲတွင် ဆိုးကျိုးများဖြင့်သာ ကြုံတွေ့လာရပေမည်။ ထို့ကြောင့် စားသုံးသူများအခွင့်အရေးများကိုစောင့်ရှောက်ပေးခြင်း၊ အကာအကွယ်ပေးခြင်းတို့သည် ဈေးကွက်စနစ် ကျင့်သုံးမှု ဖွံ့ဖြိုးလာစေရေးအတွက် အလွန်အရေးကြီးသည်ကို သတိပြုသင့်သည်။

## အမှန်တကယ် အလေးထားမှသာလျှင်

လွတ်လပ်စွာ ပြုမူလှုပ်ရှားမှုကို အလေးပေးသော ဒီမိုကရေစီစနစ်၊ လွတ်လပ်စွာရောင်းဝယ်၊ ဖောက်ကားထုတ်လုပ်မှု၊ စားသုံးမှုကို အလေးထားသော ဈေးကွက်ယန္တရားတို့ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ဦးတည်ချီတက်နေသော မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ စားသုံးသူ၏အခန်းကဏ္ဍ၊ စားသုံးသူ၏ အရေးပါမှု တို့ကို သဘောပေါက် နားလည်မှသာ စားသုံးသူ အခွင့်အရေးဆိုသည်ကို လက်ခံအသိအမှတ်ပြုကြပေလိမ့်မည်။ စားသုံးသူတို့ အခွင့်အရေးဆိုသည်ကို လက်ခံအသိအမှတ်ပြု၍ အလေးထားပြုမူမှသာ ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကိုလည်း ပီပြင်စွာ ကျင့်သုံးနိုင်စွမ်းရှိလာပေလိမ့်မည် ဖြစ်ပေသည်။




# ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို တိုးတက်စေနိုင်သည့် ကုန်သွယ်မှုသင်တန်းကျောင်း

|သိန်းမြင့်ဝေ|

ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute-TTI) ကို ၂၀၁၂ ခုနှစ်တွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ စီးပွား/ကူးသန်းရုံး၌ ဖွင့်လှစ်ထားသည်။ TTI သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း (International Trade Basic Course) ကို ရုံးဖွင့်ရက်ဖြစ်သော တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် နံနက် ၉ နာရီခွဲမှ နေ့လယ် ၁၂ နာရီခွဲထိ တက်ရောက်ရပြီး သင်တန်းကာလမှာ ၃ လခွဲ ဖြစ်သည်။ တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် မတက်ရောက်နိုင်သောသူများအတွက် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက် သင်တန်းကိုလည်း ဖွင့်လှစ်ထားပါသည်။ စနေ၊ တနင်္ဂနွေ သင်တန်းတွင် နံနက် ၉း၀၀ နာရီမှ နေ့လယ် ၁၂း၀၀ နာရီထိ တက်ရောက်ရပြီး သင်တန်းကာလမှာ ၄ လဖြစ်သည်။

## အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်း

ကုန်သွယ်မှုသင်တန်းကျောင်းသည် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်း (Vocational Training School) တစ်ခုကဲ့သို့ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင်တန်းတွင် ပို့ချသော ဘာသာရပ်အကြောင်းအရာများသည် လက်တွေ့ဆန်ပြီး လုပ်ငန်းခွင်တွင် ချက်ခြင်းပြန်လည် အသုံးချ၍ရသောကြောင့်ဖြစ်ပါသည်။

သင်တန်းတွင် ကုန်သွယ်မှုနှင့်ဆက်နွှယ်လျက်ရှိသော ဘာသာရပ်များကို လက်တွေ့လုပ်ဆောင်နေသော

သင်တန်းနည်းပြကြီးများက သင်ကြားပို့ချသောကြောင့် ပိုမိုထိရောက် နားလည်လွယ်သည်။ ယေဘုယျအားဖြင့် လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချနိုင်သော လုပ်ထုံးလုပ်နည်း ၇၀ ရာခိုင်နှုန်းကျော်ပါဝင်ပြီး လုပ်ငန်းရှင် တစ်ယောက်အတွက် အနိမ့်ဆုံးသိရှိနားလည် ထားရမည့် စီးပွားရေးနှင့်ကုန်သွယ်ရေး သဘောတရား ၃၀ ရာခိုင်နှုန်းခန့်ပါဝင်သည်။

## သင်ကြားသော ဘာသာရပ်များ

ပို့ချသော ဘာသာရပ်အကြောင်းအရာများ စုံလင်လှသည်။ ဘာသာရပ်အကြောင်းအရာ စုံလင်သော်လည်း အဓိကအားဖြင့် ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိသော အကြောင်းအရာများသာ ဖြစ်သည်။ လက်တွေ့ဆန်သော ဘာသာရပ်များအဖြစ် ကုမ္ပဏီတည်ထောင်မှတ်ပုံတင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် သက်ဆိုင်သော ဝေါဟာရများ၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း၊ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခြင်း၊ ငွေကြေးပေးချေမှု နည်းလမ်းများ၊ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်ရေး အာမခံ ထားရှိခြင်းနှင့် အာမခံ၏ အရေးပါပုံ၊ ဆိပ်ကမ်းအကောက်ခွန် လုပ်ထုံးလုပ်နည်းများ၊ ဆိပ်ကမ်းရှင်းလင်းရေးကိစ္စရပ်များ၊ ပြည်တွင်းတွင် ပေးဆောင်ရမည့် အခွန်နှုန်းထားများနှင့် အခွန်၏သဘောသဘာဝ၊ ကုန်ပစ္စည်း စစ်ဆေးရေးအဖွဲ့၏ အခန်းကဏ္ဍ၊ အငြင်းပွားမှုဖြေရှင်းခြင်း၊ ဘေးအန္တရာယ် သို့မဟုတ် ဆုံးရှုံးနိုင်ချေ စီမံခန့်ခွဲမှု (Risk Management) စသည့် အကြောင်းအရာများကို တွေ့မြင်နိုင်သည်။

ထို့ပြင် သီအိုရီပိုင်းဆိုင်ရာ နားလည်သိရှိထားရမည့် ဘာသာရပ်များအဖြစ် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးပေါ်လစီနှင့် သဘောတရားများ၊ စီးပွားရေးလုပ်ငန်းကျင့်ဝတ်၊ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု၊ ဈေးကွက်သုတေသနနှင့်ဈေးကွက်တိုးတက်မှု နည်းလမ်းများ၊ အိမ်နီးချင်းနိုင်ငံများ၏ ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အရေးပါပုံ၊ လွတ်လပ်သော ကုန်သွယ်မှုဒေသများ၊ ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်နှင့်ပင်ရင်းနိုင်ငံစည်းမျဉ်း (Certificate of origin and rules of origin)၊ တစ်ဖက်သတ်အကောက်ခွန်သက်သာခွင့်နှင့် ကင်းလွတ်ခွင့် (GSP)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့်အာဆီယံတို့၏ အခန်းကဏ္ဍ၊ နယ်စပ်ကုန်သွယ်ရေးနှင့်မျက်နှာစာအလိုက် ကုန်သွယ်မှုအခြေအနေ၊ Online မှ ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားခြင်းစသည့် အကြောင်းအရာများ ပါဝင်သည်။ ထို့မျှသာမက ပြည်တွင်းရှိ သံရုံးများမှ စီးပွားရေးသံမှူးများကလည်း သက်ဆိုင်ရာနိုင်ငံ၏ ကုန်သွယ်ရေးနှင့်စီးပွားရေး ဗဟုသုတများကို လာရောက်မျှဝေပေးကြပါသည်။

## စီးပွားရေးဟောပြောပွဲနှင့်လေ့လာရေးခရီးစဉ်များ

သင်တန်းတွင် အထက်ပါဘာသာရပ် အကြောင်းအရာများအပြင် စီးပွားရေးဟောပြောပွဲ (Business Talk) များကိုလည်း ထည့်သွင်းထားသည်။ ထင်ရှားသည့် ပညာရှင်ကြီးများဖြစ်ကြသည့် ဒေါက်တာဦးမြင့်၊ ဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာနုနုယဉ်၊ ဒေါက်တာမောင်မောင်သိမ်း၊ ခင်မောင်ညို(ဘောဂဗေဒ) စသည့် ဆရာကြီး၊ ဆရာမကြီးများက လာရောက်ဟောပြောပေးသည်။ ပညာရှင်များအပြင် လက်တွေ့စီးပွားရေးလောကတွင် အောင်မြင်လျက်ရှိသော ဒေါက်တာကိုကိုကြီးနှင့် ဒေါက်တာမြင့်ဦး စသည့်လုပ်ငန်းရှင်များကလည်း ယင်းတို့၏ အတွေ့အကြုံများကို လာရောက် မျှဝေပေးပါသည်။ အဆိုပါ ဟောပြောပွဲများကို Public Seminar အဖြစ် ကျင်းပပေးခြင်းဖြစ်သောကြောင့် လက်ရှိတက်ရောက်နေသော သင်တန်းသားများနှင့် သင်တန်းသားဟောင်းများအပြင် စိတ်ပါဝင်စားသူတိုင်း အခမဲ့တက်ရောက်နိုင်သည်။

ထို့ပြင် TTI သည် သင်တန်းသားများအတွက် လက်တွေ့လေ့လာသိရှိစေရန်အတွက် လေ့လာ ရေးခရီးများ ပို့ဆောင်ပေးသည်။ အဆိုပါခရီးစဉ်များတွင် ရန်ကုန်သီလဝါဆိပ်ကမ်း၊ သီလဝါအထူး စီးပွားရေးဇုန်၊ ဒဂုံတောင်ပိုင်းစက်မှုဇုန်ရှိ မော်တော်ကားတပ်ဆင်ထုတ်လုပ်သည့် စက်ရုံများ၊ ပရိဘောဂစက်ရုံနှင့် အထည်ချုပ်စက်ရုံများ၊ ထရန်စဖော်မာ ထုတ်လုပ်သည့် စက်ရုံများ၊ ပျဉ်းမပင်၊ လှိုင်သာယာနှင့် ရွှေပြည်သာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံ၊

ပဲခွဲစက်၊ ဆန်စက်၊ အအေးခန်း သိုလှောင်ရုံများ၊ ရန်ကုန်အေးရှားဝေါလ်ဆိပ်ကမ်း၊ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်နှင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်စသည်ဖြင့် စီးပွား ရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ လေ့လာရေးခရီးများကို စီစဉ်ပေးပါသည်။

## အကျိုးကျေးဇူးများ

သင်တန်းတက်ရောက်ပြီးပါက ပို့ကုန်လုပ်ငန်းသို့မဟုတ် သွင်းကုန်လုပ်ငန်းကို ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်နိုင်သည့် လုပ်ငန်းရှင်တစ်ယောက်ဖြစ်လာပါမည်။ ကုမ္ပဏီမှလာတက်သော ကုမ္ပဏီဝန် ထမ်းသင်တန်းသားများအနေဖြင့်လည်း သင်တန်းပြီးဆုံးပါက ရာထူးတိုးတက်ရရှိခြင်း၊ လုပ်ပိုင်ခွင့် ပိုမိုလာခြင်း၊ လုပ်ခလစာတိုးတက်ရရှိခြင်းစသည့်ကောင်းကျိုးများကို ခံစားရသည်။ အထူးသဖြင့် လာရောက်ပို့ချသော သင်တန်းနည်းပြများနှင့်သင်တန်းသားများ အဆက်အသွယ် အချိတ်အဆက် ရရှိသွားခြင်းဖြစ်သည်။ ဥပမာအားဖြင့် ကုမ္ပဏီတည်ထောင်မှတ်ပုံတင်ခြင်းဘာသာရပ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးကိုယ်တိုင် လာရောက်ပို့ချခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများကို ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးကိုယ်တိုင်က သင်ကြားပို့ချပေးခြင်းကို တွေ့မြင်နိုင်သည်။ သင်တန်းပြီးဆုံး၍ ကုမ္ပဏီစတင်တည်ထောင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ သွားရောက်ရမည်ဖြစ်သည်။ ထိုနည်းတူစွာပင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်ကိစ္စများ ဆောင်ရွက်ရန်ရှိပါက အထက်ဖော်ပြပါ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ရုံးသို့သွားရောက်ရမည်ဖြစ်သည်။ ထိုအခါ သင်တန်းသားနှင့် သင်တန်းဆရာ တွေ့ဆုံပြီး လုပ်ငန်းအဆင်ပြေချောမွေ့မှုကို ရရှိခံစားရပါမည်။

ထို့ပြင် သင်တန်းသားအချင်းချင်း ခင်မင်ရင်းနှီးပြီး စီးပွားရေးဝန်းကျင်ကောင်းထဲသို့ ရောက်ရှိသွားပါသည်။ တက်ရောက်သော သင်တန်းသားများတွင်ကုမ္ပဏီပိုင်ရှင်၊ စက်ရုံပိုင်ရှင်၊ CEO နှင့် Director စသည့် လုပ်ငန်းရှင်များနှင့်အဆင့်မြင့်အရာထမ်းများ ပါဝင်သကဲ့သို့ အလုပ်အကိုင်ရှာဖွေနေသူများနှင့်စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်မည့်သူများလည်းပါဝင်သည်။ စီးပွား ရေးလုပ်ငန်းရှင်သို့မဟုတ် အလုပ်ခန့်ပိုင်ခွင့်ရှိသူနှင့်အလုပ်ရှာဖွေနေသူတွေ့ဆုံပြီး အဆင်ပြေသွားသည်လည်းရှိသည်။ စီးပွားရေးလုပ်ငန်းအတွေ့အကြုံရှိထားပြီးသူနှင့်လုပ်ငန်းစတင်မည့်သူ တွေ့ဆုံပြီး အဆင်ပြေသွားသည်က ပိုများမည်ထင်ပါသည်။

ထိုမျှသာမက အချို့ကုမ္ပဏီကြီးများသည် ကုန်သွယ်မှုသင်တန်းဆင်းသင်တန်းသားများကို ဝန်ထမ်းအဖြစ်ခန့်ထားလိုသောကြောင့် ကုန်သွယ်မှုသင်တန်းကျောင်းမှ သင်တန်းဆရာများနှင့် ချိတ်ဆက်ထားသည်လည်း ရှိပါသည်။ အလုပ်အကိုင်ရရှိရန် မခက်ခဲသော အလုပ်ရလွယ်သည့် သင်တန်းတစ်ခုဖြစ်ပါသည်။

"ကျွန်တော်က အစတုန်းက ကုမ္ပဏီက စာရေးဝန်ထမ်းဖြစ်ပါတယ်။ အဲဒီအလုပ်ကထွက်ပြီး ဒီသင်တန်းကိုတက်ခဲ့တာပါ။ အခု Trading ကုမ္ပဏီကြီးတစ်ခုမှာ အမေရိကန်ဒေါ်လာ ၅၀၀ ရနေပါပြီ။ လခပိုရသလို စာရေးကနေမန်နေဂျာရာထူးကိုလည်း တိုးတက်ရရှိပါတယ်"ဟူ၍ ပြောဆိုသူများလည်းရှိပါသည်။

"ကျွန်တော် ဒီသင်တန်းပြီးတော့ Import ကုမ္ပဏီတစ်ခုမှာ အလုပ်ရတယ်။ အခု အကြီးတန်း မန်နေဂျာ ဖြစ်နေပြီ။ အိန္ဒိယနဲ့ ထိုင်းတို့ကို ကုမ္ပဏီကိစ္စနဲ့ ခရီးသွားရတာတွေရှိတယ်။ မန္တလေး၊ မုံရွာနဲ့မော်လမြိုင်မှာ စက်ရုံတွေဆောက်တယ်။ နိုင်ငံခြားသားတွေနဲ့အတူ ကျွန်တော်ပဲ တာဝန်ခံပြီး လုပ်ရတယ်"စသည်ဖြင့် ရင်ဖွင့်သူလည်းရှိသည်။

"နောက်ထပ်ဖွင့်မယ့်သင်တန်းတွေရှိရင် တက်ချင်ပါတယ်။ သင်တန်းက ဒီနေ့သင်ပြီး မနက် ဖြန်အသုံးချလို့ရတယ်။ ကျွန်တော်က စီးပွားရေးလုပ်နေတာ။ စီးပွား/ကူးသန်းနဲ့ အဆက်အသွယ် မပြတ်ချင်ဘူး" ပြောပြသူလည်းရှိသည်။

"အခြားသူငယ်ချင်းတွေကိုလည်း ပြောပါတယ်။ ဒီသင်တန်းမှာက တခြားနေရာတွေနဲ့ မတူဘူး။ အခြားသင်တန်းတွေ ကျွန်မတက်ခဲ့ဖူးပါတယ်။ ဒီမှာက Update လုပ်ထုံးလုပ်နည်းတွေ သိရတဲ့အပြင် အဆက်အသွယ်

ကောင်းတွေလည်းရပါတယ်။ ပေးရတာကိုမမြင်ပါဘူး။ ရလိုက်တာကအများကြီးမို့လို့ပါ။ ပေးရတဲ့ သင်တန်းကြေး ကလည်း တော်တော်နည်းပါတယ်'' ဟူ၍ သင်တန်းကို အခမဲ့ကြော်ငြာပေးသူများလည်းပါဝင်သည်။

## ပြည်ပပြပွဲနှင့်လေ့လာရေးခရီးစဉ်များ

ကုန်သွယ်မှုသင်တန်းကျောင်းသည် ထူးချွန်စွာ အောင်မြင်သော သင်တန်းသား၊ သင်တန်းသူများကို တရုတ်၊ ထိုင်းနှင့်ဂျပန်စသည့် နိုင်ငံများသို့ အခါအားလျော်စွာ စေလွှတ်ပါသည်။ ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁) တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သင်တန်းသား၊ သင်တန်းသူ သုံးဦးကို တရုတ်နိုင်ငံ နန်နင်းကုန်စည်ပြပွဲသို့ အခမဲ့ ပို့ဆောင်ပေးခဲ့ပါသည်။ အလားတူ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် (၂) နှင့်နောက်ပိုင်း အမှတ်စဉ်များမှ ထူးချွန်သင်တန်းသားများကိုလည်း ထိုင်း နိုင်ငံနှင့် ဂျပန်နိုင်ငံသို့ ရက်တိုလေ့လာရေးခရီး ပို့ဆောင် ပေးခဲ့သည်။ ဆက်လက်ပို့ဆောင်ရန်လည်း ရှိပါသည်။ ဤ လေ့လာရေး ခရီးစဉ် ကို Toyota Tsusho Corporation (TTC) ၏ အထောက်အပံ့ဖြင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံတွင် ၃ ရက်နှင့်ဂျပန်နိုင်ငံတွင် ၅ ရက်လေ့လာရသည့် ခရီးစဉ်ဖြစ်သည်။ ထို့ပြင် ကုန်သွယ်မှုသင်တန်း ကျောင်းတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းကျင်းပသည့် ဆွေးနွေးပွဲများ၊ သင်တန်းများနှင့်အလုပ်ရုံဆွေးနွေးပွဲများကိုလည်း တက်ရောက်ခွင့် ရရှိသည်။

## ဖွင့်ပွဲ၊ ဆင်းပွဲ၊ စာမေးပွဲနှင့် ညစာစားပွဲ

TTI ၏ သင်တန်းဖွင့်ပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြီးအကဲများက ဖွင့်လှစ်ပေးပါသည်။ သင်တန်းကာလအတွင်း စာမေးပွဲ ၂ ကြိမ် ဖြေဆိုရပါသည်။ လူမှုရေးကွန်ရက် ပိုမိုကောင်းမွန်ရေးနှင့် သင်တန်းသားအချင်းချင်း ပိုမိုရင်းနှီးမှုရရှိရေးအတွက် သင်တန်းကာလအတွင်း ညစာစားပွဲများကိုလည်း ကျင်းပပေးသည်။ စာမေးပွဲ အောင်စာရင်းများ ထွက်ရှိပြီးနောက် သင်တန်းဆင်းပွဲ ကျင်းပသည်။ သင်တန်းဆင်းပွဲတွင် သင်တန်းဆင်း အောင်လက်မှတ်အပြင် ပထမ၊ ဒုတိယနှင့် တတိယရရှိသော သင်တန်းသားများကို ဆုချီးမြှင့်သည်။ စာမေးပွဲ အောင်မြင်သူအားလုံး၏ အောင်လက်မှတ်များတွင် ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးပြီး အောင်လက်မှတ်ပေးအပ်ကြောင်း သိရသည်။

## ဒီပလိုမာသင်တန်း

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အောင်မြင်သူများ ဆက်လက်တက်ရောက်နိုင်ရန်နှင့် အဆင့်မြင့် ကုန်သွယ်မှုပညာရပ်များ ပို့ချရန်ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဒီပလိုမာသင်တန်း (Post-Graduate Diploma in International Trade) ကို ဖွင့်လှစ်ရန် စီစဉ်နေကြောင်း သိရှိရပါသည်။

## သင်တန်းဝင်ခွင့်သတ်မှတ်ချက်


အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း တက်ရောက်လိုသူများသည် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိရမည်ဖြစ်ကြောင်း၊ သို့သော်လည်း လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းနှင့် စီးပွားရေး လုပ်ငန်းအတွေ့အကြုံတို့အပေါ် အခြေခံပြီး ပညာအရည်အချင်း သတ်မှတ်ချက် လျှော့ပေါ့စဉ်းစားကြောင်းသိရသည်။ သင်တန်းတက်ရောက်လိုပါက လျှောက်လွှာများကို ''ကုန်သွယ်မှုသင်တန်းကျောင်း၊ စတုတ္ထထပ်၊ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့'' ၌ ရယူလျှောက်ထားနိုင်ကြောင်း၊ ထပ်မံ သိရှိလိုသော အချက်များရှိပါက ဖုန်း - ၀၁-၃၇၈၇၉၈ နှင့် ၀၉-၅၀၉၆၁၃၁ သို့လည်းကောင်း၊ အီးမေးလ် tti.commerce.mm@gmail.com နှင့် theinmyintwai9@gmail.com သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရှိရပါသည်။

# လျှပ်စစ်လိုအပ်ချက်ဖြည့်တင်းရေးနှင့် မြန်မာ့စီးပွားရေး

|ဒေါက်တာညီညီမောင်|

**မိတ်ဆက်**

အခြေခံအဆောက်အအုံလိုအပ်ချက် ကြီးမားလွန်းတဲ့ စာရေးသူတို့ မြန်မာနိုင်ငံအဖို့ နိုင်ငံတကာနှင့်ယှဉ်ရင် ရင်းနှီးမြှုပ်နှံသူများက ကိန်းဂဏန်းတွက်ချက်မှုမှာ အမြဲပိုပိုသာသာ တွက်ချက်ကြရမြဲဖြစ်ပါတယ်။ မြေဈေးကြီးမြင့်မှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု လျှပ်စစ်မီးလုံလောက်အောင် ပံ့ပိုးပေးနိုင်မှု အားနည်းချက်များအပြင် အလုပ်သမားပြဿနာများနှင့် ပြင်ပနိုင်ငံရေး ပယောဂပေါင်းစုံတို့ကြောင့် စနစ်တကျ လေ့လာတွက်ချက်ရသည်အထိဖြစ်ကြောင်း ရင်းနှီးသောရင်းနှီးမြှုပ်နှံသူအချို့၏ ညည်းသံများကို စာရေးသူ ကြားရမြဲဖြစ်ပါတယ်။ အချို့အားမနာတမ်း ပြောသူများကဆိုရင် ခင်များတို့နိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်နေတာလား၊ ပိတ်ပင်နေတာလား မကွဲပြားဘူးလို့ မကြာခဏ အပြစ်ဆိုတာကိုလည်း ခံခဲ့ရဖူးပါတယ်။



တကယ်တော့ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူတွေအဖို့ အခြေခံအဆောက်အအုံ လိုအပ်ချက်များလေ ရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အလမ်းများလေပဲ မဟုတ်ပါလား။ ပြည့်စုံပြီးသားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံခြင်းထက် မပြည့်စုံတဲ့ နိုင်ငံမှာ ရင်းနှီးမြှုပ်နှံခြင်းက နှစ်ဦးနှစ်ဖက် အကျိုးများစေနိုင်တာမို့ လက်တွေ့ကျကျ လာရောက်ရင်းနှီးမြှုပ်နှံသင့်ပါတယ်။ အပြစ်ဖို့နေတာထက်စာရင် လက်တွေ့လာရောက်ထိတွေ့ဆက်ဆံ အကောင်အထည်ဖော်ခြင်းကသာ အကျိုးများစေမှာလည်း ဖြစ်ပါတယ်။ ဒါကတော့ စာရေးသူတို့ရဲ့ အတွေးပါ။ နိုင်ငံချစ်စိတ်နဲ့ ပြောဆိုကြခြင်းမျှပါ။ စီးပွားရေးလုပ်ငန်းရှင်များကတော့ အန္တရာယ် အနည်းဆုံး၊ လုံခြုံမှုအရှိဆုံးနှင့် ကိုယ့်အကျိုးစီးပွားများရာ ဒေသမှာသာ ရင်းနှီးမြှုပ်နှံလိုကြတာသဘာဝပါ။

နိုင်ငံစီးပွားရေးမှာ ထုတ်ကုန်များများ ထုတ်နိုင်ဖို့၊ ပြည်ပပို့ကုန်များများပို့နိုင်ဖို့၊ တန်ဖိုးမြင့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ဖို့ဆိုရာမှာ အဓိကသော့ချက်ကတော့ လျှပ်စစ်မီး လိုအပ်ချက်ပဲ ဖြစ်ပါတယ်။ ပြည့်မီတဲ့ လျှပ်စစ်ဓါတ်အားကို ပြည့်ပြည့်ဝဝပေးနိုင်မှသာ ခေတ်မီတဲ့ နည်းပညာမြင့် ပစ္စည်းများကို စနစ်တကျ မပျက်စီးစေဘဲ ရေရှည်အသုံးခံမှာလည်းဖြစ်ပါတယ်။ ထိန်းသိမ်းစောင့်ရှောက်စရိတ် ကြီးမြင့်လှတဲ့ ယနေ့ခေတ်မှာ ကုန်ကျစရိတ် အထူးလျော့နိုင်မှာဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားလိုအပ်တဲ့နေရာတွေမှာ ဘတ်ဂျက်ကို ပိုမိုအသုံးပြုစေပြီး အကျိုးများစေမှာလည်းဖြစ်ပါတယ်။ ယနေ့အချိန်ထိ မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံဖို့ လာရောက်ကြသူများရဲ့ခွင့်ပြုမိန့်တင်ပြလွှာများကို ကြည့်မည်ဆိုလျှင် တင်သွင်း မည့် ပစ္စည်းစာရင်းမှာ မီးစက်ကြီးများစွာကို အခွန်ကင်းလွတ်ခွင့်နှင့် တင်သွင်းခွင့် တောင်းခံထားကြတာကို တွေ့ကြရမှာပါ။ ယခင်ခေတ်ကာလတွေမှာလည်း လိုအပ်သလောက် အခွန်ကင်းလွတ်ခွင့်နှင့် တင်သွင်းခဲ့ကြတာကိုလည်း တွေ့ကြရမှာဖြစ်ပါတယ်။ မှာယူတင်သွင်းပြီး အမှန်တကယ် လုပ်ငန်းခွင်မှာ အသုံးမပြုဘဲ တစ်ဆင့် ပြန်လည်ရောင်းချခြင်းများ စသည့်မသမာမှုများကို ပြုလုပ်ခဲ့ကြတာကိုလည်း တွေ့ခဲ့ကြရမှာပါ။ တကယ်တော့ လုံလောက်တဲ့ ပြည့်ဝတဲ့ လျှပ်စစ်ဓါတ်အားကို ရှုထောင့်ပေါင်းစုံကနေ ထုတ်လုပ်ပါမှ နိုင်ငံတော်ရဲ့ စီးပွားရေးအဆောက်အအုံကို ခိုင်ခိုင်မာမာ တည်ဆောက်ရာမှာ ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ ဒီဆောင်းပါးမှာ စာရေးသူ တင်ပြလိုတာက အခြား ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်တွေကို အသုံးချပြီး လျှပ်စစ်ဓါတ်အား လိုအပ်ချက်ကိုဖြည့်ဖို့ ကြိုးစားကြဖို့ တိုက်တွန်းလိုရင်းဖြစ်ပါတယ်။

## လျှပ်စစ်စွမ်းအင် ဘယ်တွေကရသလဲ

ကမ္ဘာ့နိုင်ငံတိုင်းဟာ လျှပ်စစ်စွမ်းအင်ကို နည်းလမ်းမျိုးစုံ ထုတ်ယူသုံးစွဲနေကြတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ ယခုအခါမှာတော့ ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်တဲ့ လျှပ်စစ်ဓါတ်အား ထုတ်လုပ်မှုတွေကို ပိုမိုဖောင်းပေးလာကြတာကိုလည်း တွေ့ကြရပါတယ်။ မဖြစ်မနေ လိုအပ်ချက်များနေတဲ့ နိုင်ငံတွေမှာတော့ အန္တရာယ်ကို သိသိနဲ့ပဲ ဆက်ပြီး အသုံးပြုနေကြတာကိုလည်း တွေ့ကြရမှာပါ။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးကြီးဆုံး အဓိကသော့ချက်က လုံလောက်တဲ့ လျှပ်စစ်ဓါတ် အား ဖြန့်ဖြူးအသုံးပြုနိုင်ရေးပဲဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲ အထက်အဆင့်က နိုင်ငံတွေနှင့်ဖွံ့ဖြိုးပြီးနိုင်ငံတွေဟာ တစ်ချိန်က လျှပ်စစ်ဓါတ်အား ရရှိဖို့အတွက် ကျောက်မီးသွေး၊ နျူ



ကလီးယား ဓါတ်အားပေးစက်ရုံတွေကနေတစ်ဆင့် နိုင်ငံလိုအပ်ချက်ကို ဖြည့်တင်းခဲ့ကြပြီး နိုင်ငံဖွံ့ဖြိုး တိုး တက်လာတဲ့အခါမှာတော့ အန္တရာယ်များတဲ့ အပြုအမူတွေ ကို အထူးလျှော့ချလာခဲ့ကြတာလည်းဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဆိုရင် နိုင်ငံရဲ့လျှပ်စစ်ဓါတ်အားလိုအပ်ချက်ကို တိုရီယမ်နျူကလီးယားဓါတ်ပေါင်းဖို တွေကို တစ်နိုင်ငံလုံးမှာ တည်ဆောက်ပြီး ပြည့်မီတဲ့ ဓါတ်အားကို ဖြန့်ဖြူးနိုင်တာကို တွေ့ရပါတယ်။ မွန်ဂိုလီးယားလိုနိုင်ငံမှာတောင် ရွှေထုတ်လုပ်ခြင်းနှင့်အတူ လျှပ်စစ်ဓါတ်အားကို ထုတ်ယူဖြန့်ဖြူး အသုံးပြုတာကို တွေ့ရှိရပါတယ်။ စာရေးသူတင်ပြလိုတာက ကိုယ့်နိုင်ငံမှာရှိတဲ့ လျှပ်စစ်ဓါတ်အား ထုတ်ယူဖို့အတွက် လောင်စာအများဆုံးရရှိတဲ့ အရင်းအမြစ်ကို အသေအချာ စိစစ်တွက်ချက်ပြီး နှစ်ရှည်အသုံး ပြုနိုင်ဖို့ အစီအစဉ်တကျ ဆောင်ရွက်ခြင်းကိုပါ။ ဆိုလိုတာကတော့ အိန္ဒိယနိုင်ငံဟာ တိုရီယမ်သတ္တုသိုက်တွေ အများဆုံးရှိနေကြပြီး မွန်ဂိုလီးယားနိုင်ငံကတော့ ရွှေသတ္တုသိုက်တွေ ပေါများတာကို တွေ့ရှိ ရမှာဖြစ်ပါတယ်။

လျှပ်စစ်ဓါတ်အား ကို ထုတ်ယူသုံးစွဲတဲ့နေရာမှာ တစ်ချိန်ကတော့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို အလေးမထားခဲ့ကြဘဲ ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုသာ အလေးထား ဆောင်ရွက်ခဲ့ ကြတာပါ။ ခုချိန်မှာတော့ နည်းပညာမြင့်မားလာတာနဲ့အမျှ သဘာဝပတ်ဝန်းကျင် ထိခိုက်စေမည့် လောင်စာထွက် အဆိပ်အတောက်များကို တစ်ဆင့်လျှော့ချနည်းပညာများ အသုံးပြုပြီး လျှပ်စစ်ဓါတ်အားကို ထုတ်လုပ် သုံးစွဲနေကြပြီလည်း ဖြစ်ပါတယ်။ သမ္မတကြီး ဦးသိန်းစိန်လက်ထက်က အမေရိကန်နှင့် ဂျပန် နိုင်ငံများအထိ လျှပ်စစ်ဓါတ်အား ထုတ်ယူမှုစနစ်တွေကို လေ့လာရေးစေလွှတ်မှုတွေ၊ ခေါ်ယူမှုတွေ တွေ့ရှိရမှာ လည်းဖြစ်ပါတယ်။

လျှပ်စစ်ဓါတ်အားကို ထုတ်ယူဖို့ အသုံးပြုတဲ့ အရင်းအမြစ်တွေကို လေ့လာကြတဲ့အခါ ကိုယ့်နိုင်ငံ အနေအထား၊ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးမှု၊ အရင်းအမြစ် ပေါကြွယ်ဝမှုတွေကို စနစ်တကျတွက်ချက်ကြည့်ပြီးမှ ဆောင်ရွက်တတ်ကြဖို့ လိုအပ်ပါတယ်။ ဥပမာအားဖြင့် သဘာဝဓါတ်ငွေ့သိုက် တစ်ခုကိုတွေ့လို့ နှစ်ဘယ်လောက်ကြာကြာ ထုတ်ယူနိုင် မလဲ၊ ကုဗပေဘယ်လောက်ရှိတဲ့ သတ္တုသိုက်လဲစသည့် တွက်ချက်မှုများကို မှန်မှန်ကန်ကန် ပြုလုပ်ပြီးမှ သဘာဝဓါတ်ငွေ့ကနေ လျှပ်စစ်ထုတ်ယူရရှိမည့် ခန့်မှန်းခြေကို ချယူတွက်ချက်ပြီးမှသာ သင့်လျော်သည့် သဘာဝဓါတ် ငွေ့သုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံနှင့် နည်းပညာကို မှာယူအသုံးချ လက်တွေ့အကောင်အထည်ဖော်ဆောင်ရမည်လည်း ဖြစ်ပါတယ်။

လျှပ်စစ်ဓါတ်အားထုတ်ယူသုံးစွဲဖို့ သုံးမကုန်နိုင်တဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုပြီး လိုသလောက် ထုတ်ယူနိုင်မည့်နည်းပညာကို ကောင်းကောင်းအသုံးချနိုင်မည်ဆိုရင် နိုင်ငံရဲ့ လျှပ်စစ်ဓါတ်အားလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်မှာဖြစ်သလို နိုင်ငံစီးပွားရေးအတွက် အထောက်အပံ့ကောင်း များစွာ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ၁၉၉၀ ဝန်းကျင်ကတည်းက ဂျာမနီနိုင်ငံမှာ နေစွမ်းအင်နှင့်လေစွမ်း အင်ကို အသုံးချပြီး လျှပ်စစ်ဓါတ်အားထုတ်ယူသုံးစွဲဖို့ ကြိုးပမ်းခဲ့ကြတာဖြစ်ပြီး ယခုအချိန်မှာတော့ နျူကလီးယားဓါတ်ပေါင်းဖိုတွေ တစ်ခုပြီးတစ်ခု ပိတ်သိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုမျှချေကို ဆောင်ရွက်နေနိုင်ပြီလည်းဖြစ်ပါတယ်။ နိုင်ငံတိုင်းဟာ ကိုယ့်နိုင်ငံတိုးတက်ဖို့အတွက်

**ခုချိန်မှာတော့ နည်း ပညာမြင့်မားလာတာနဲ့အမျှ သဘာဝပတ်ဝန်းကျင် ထိခိုက်စေမည့် လောင်စာထွက် အဆိပ်အတောက်များကို တစ်ဆင့် လျှော့ချနည်းပညာများ အသုံးပြုပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ် သုံးစွဲနေကြပြီလည်း ဖြစ်ပါတယ်။**

ကိုယ့်နိုင်ငံသဘာဝနှင့် ကိုက်ညီတဲ့ စွမ်းအင်အရင်းအမြစ်ကို အသုံးချပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းနိုင်သမျှ နည်းအောင် လုပ်ဆောင်ကြတာချည်း ဖြစ်ပါတယ်။

ဂျပန်နိုင်ငံဟာ ကျောက်မီးသွေးသုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံတွေကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ထွက်ရှိလာတဲ့ အဆိပ်အတောက်တွေကို စနစ်တကျ ဖယ်ရှားပြီး လက်ရှိ အချိန်ထိ အောင်အောင်မြင်မြင် အသုံးချနေနိုင်တာကို တွေ့ရပါတယ်။ ဒါ့အပြင် နျူကလီးယားစွမ်းအင်ကိုလည်း ဆက်လက်အသုံးပြုနေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ဂျပန်နိုင်ငံဖြစ်ဖြစ်၊ အိန္ဒိယနိုင်ငံဖြစ်ဖြစ် အရေးပေါ် အစီအစဉ်တွေကို ကြိုတင်တွက်ချက်ပြီး အရေးပေါ်အကူအညီနှင့် ဆေးကုသမှု၊ ပြန်လည်ကုစားမှု အစီအစဉ်တွေကို စနစ်တကျ ကြိုတင်ရေးဆွဲထားပြီး၊ စီစဉ်ထားပြီးလည်းဖြစ်ပါတယ်။ စာရေးသူဆိုလိုချင်တာကတော့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို သုံးသည်ဖြစ်စေ၊ အခြားသတ္တုလောင်စာများကို အသုံးပြုလျက် လျှပ်စစ်ဓါတ်အား ထုတ်လုပ်သည်ဖြစ်စေ၊ ကြိုတင်စီမံဆောင်ရွက်ရမည့် အရေးပေါ်အစီအစဉ်များ ချမှတ်ထားကြရမည်လည်း ဖြစ်ပါတယ်။

ဒီတော့ လျှပ်စစ်ဓါတ်အားထုတ်ပေးတဲ့ အရင်းအမြစ်တွေဖြစ်တဲ့ ကျောက်မီးသွေး၊ သဘာဝဓါတ်ငွေ့၊ ရေနံ၊ နျူကလီးယား လောင်စာများအပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်တဲ့ လေ၊ ရေနှင့် နေစွမ်းအင်တို့ကို စနစ်တကျနည်းပညာမြင့်မြင့် အသုံးပြုတတ်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ကတော့ ဘယ်လိုလျှပ်စစ်ဓါတ်အားဖြည့်တင်းရင် သင့်တော်မလဲဆိုတာကို စာဖတ်သူတို့ အတွေးနဲ့တင် သင်တော်တဲ့ အရင်းအမြစ်ကို ရှာတွေ့နိုင်မယ်လို့ မျှော်လင့်မိပါတယ်။

## အားကျမိတဲ့နိုင်ငံအချို့အကြောင်း

အချို့နိုင်ငံတွေဟာ ကိုယ့်နိုင်ငံသားတွေနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုံလောက်တဲ့ လျှပ် စစ်ဓါတ်အားရရှိနိုင်ဖို့အတွက် အရမ်းခက်ခဲတယ်ဆိုတဲ့ နေရာတွေမှာတော့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကိုအသုံးပြုပြီး လျှပ်စစ်ဓါတ်အားပေးနိုင်အောင် အားထုတ်ထားတာကို တွေ့ရှိကြရပါတယ်။ ဥပမာပေးရလျှင် တရုတ်နိုင်ငံရဲ့ ယူနန်ပြည်နယ်ကိုပဲ လေ့လာကြည့်ရရင် ပင်မဓါတ်အားပေးစနစ်မရှိတဲ့ ဒေသတွေမှာ လေစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓါတ်အားပေး စက်ရုံတွေကို လှလှပပ တည် ဆောက်ထားကြတာကို တွေ့ရှိကြရမှာလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ၂၀၀၀ ခုနှစ် ပတ်ဝန်းကျင်က နေ ရောင်ခြည်စွမ်းအင်သုံး ဘက်ထရီမီးလေးတွေနဲ့ အသုံးပြုကြတာ အရောင်း/အဝယ် ဖြစ်ကြ တာကိုလည်း တွေ့ရှိကြရ ပါတယ်။ ဒါပေမဲ့ ကြီးမားတဲ့ ထုတ်လုပ်နိုင်မှုအဆင့်၊ ဓါတ်အားထုတ်လုပ်စက်ရုံ တွေအဖြစ်တော့ မတွေ့မြင်ရပါဘူး။ ယနေ့လိုနေရောင်ခြည် မြင့်မားတဲ့ ဒေသလည်းဖြစ် ရေနံထုတ်ကုန်များဖြစ်တဲ့ ဓါတ်ဆီ/ဒီဇယ်ဆီများကလည်း ဈေးကောင်းနေပြီး ပြည်ပကနေတင်သွင်းရတဲ့ကာလမှာ မြန်မာ နိုင်ငံအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဓါတ်အားပေး စက်ရုံတွေ၊ လေစွမ်းအင်သုံးစက်ရုံတွေ၊ လမ်းမပေါ်မှာ နေစွမ်းအင်သုံးမော်တော်ကားတွေ ခေတ်စားသင့်နေပြီလို့ စာဖတ်သူတို့ ထင်မြင်ယူဆ မိမယ်ထင်ပါတယ်။ တကယ်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသေအချာ စီမံချက်ချပြီး ကျွမ်းကျင်တဲ့ နည်းပညာနှင့် အတတ်ပညာရှင်တွေကို နိုင်ငံတကာက အကူအညီရယူပြီး ကြိုးစားဆောင် ရွက်ကြချိန်လည်း ရောက်နေပြီဖြစ်ပါတယ်။ နောက်ထပ် ဥပမာတစ်ခုကတော့ မွန်ဂိုလီးယားနိုင်ငံအနေနဲ့ ရွှေသတ္တု မိုင်းတွေ ပေါပေါများများရှိတဲ့အတွက် ရွှေတူးဖော်သန့်စင်ရာကနေ ထွက်လာတဲ့စွမ်းအင်ကို အသုံးချပြီး လျှပ်စစ်ဓါတ်အားကို တစ်နိုင်ငံလုံး ဖြန့်ဖြူးပေးနေခြင်းပါ။ ရေခဲ မှတ်အောက်ရောက်နေတတ်တဲ့ နိုင်ငံအနေနဲ့ လေစွမ်းအင် / နေစွမ်းအင် အသုံးပြုဖို့ဆိုတာ ခက်ခဲပေမဲ့ မိမိသဘာဝအရင်း အမြစ်ကို အသုံးချနိုင်တာဟာ ချီးကျူးစရာဖြစ်ပါတယ်။ ကမ္ဘာပတ်ပြီး နမူနာယူစရာ နိုင်ငံတွေကတော့ ဒုနဲ့ဒေးပါပဲ။ မိမိနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အရပ်စကား အရ မီးမရှိရင် မီးအား မပြည့်ရင် မဖြစ်နိုင်ပါဘူး။ စာရေးသူ အင်စပတ်တာလုပ်ခဲ့ရစဉ်ကာလက ဆေးရုံတွေရဲ့ ဓါတ်ရောင်ခြည်ထုတ်ပစ္စည်းတွေဖြစ်တဲ့ ဓါတ်မှန်၊ CT Scan စသည်များ စစ်ဆေးရန် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့ပေါ်က ဆေးရုံအချို့ကို

စစ်ဆေးရေး သွားရောက်ခဲ့တဲ့ အခါက အတွေ့အကြုံလေးကို မျှဝေပါရစေ။ အိုင်အေအီးအေက ကျွမ်းကျင်သူတွေက မေးကြပါတယ် မင်းတို့နိုင်ငံရဲ့ လျှပ်စစ်ဓါတ်အားက ဘယ်လောက်ဗို့အားနဲ့ ပေးသလဲဆို တော့ ကျွန်တော်က 220 ဗို့၊ 50/60 Hz အားပါဆိုတော့ အော် အမေရိကန်စံအတိုင်းပါ လားတဲ့။ ခဏနေတော့ စက်တွေကို စစစ်ဆေးတဲ့အခါ စက်တွေရဲ့ မီးအဝင်ကို သူတို့ကြည့်မိ တော့ တက်လိုက်ကျလိုက်နဲ့ 220 ဗို့ မပြည့်တာကို စတွေ့ ပါတော့တယ်။ ခဏနေတော့ ပိုင်ရှင်က မီးအားမြှင့်စက်နှင့် UPS ကိုဖွင့်တော့ ထပ်မေးပြန်ပါတယ်။ စာရေးသူက စက်တွေ မီးအားအတက်အကျမှာ လုပ်ငန်းဆက်လုပ်နိုင် အောင် သုံးတာဆိုတော့ ခေါင်းတခါခါနဲ့ ဒါကြောင့် စက်တွေရဲ့ ပုံမှန်ဓါတ်ရောင်ခြည်ထွက်မှုကလည်းမှုမမှန်ဘဲ ပုံမှန်မဟုတ် တော့တာ ခုဆို တက်လိုက်ကျလိုက်နဲ့ စက်တွေ အမြန် ပျက် ဆီးတာပေါ့ ကွာလို့ ဆိုကြပါတော့တယ်။ ဓါတ်အားပေး တဲ့လိုင်းဗို့အမှန်ဖြစ်အောင် တည်ငြိမ်အောင် မပေးနိုင်ခြင်းကလည်း ဆိုးဝါးတဲ့ အကျိုးဆက်တွေကို ဖြစ်ပေါ်စေတာ အမှန်ပဲဖြစ်ပါတယ်။

၂၀၀၂ ခုနှစ်ဝန်းကျင်က မြန်မာနိုင်ငံမှာ ဇီဝဓါတ်ငွေ့နဲ့ ဇီဝမြေသြဇာတွေထုတ်တာ ခေတ်စားခဲ့ပါတယ်။ လျှပ်စစ်ဓါတ်အားထုတ်ယူနိုင်ရုံမက သဘာဝမြေသြဇာကိုပါ ထုတ်ယူနိုင်တာမို့ ကျေးလက်ဒေသ တွေမှာ အတော်ခရီးရောက်ခဲ့ပါတယ်။ အဲအချိန်က တာဝန်ရှိသူတစ်ဦး တောင်ကိုရီးယားနိုင်ငံကို လေ့လာ ရေးခရီးတစ်ခုကမပြန်ခင်မှာ ဇီဝဓါတ်ငွေ့ကနေလျှပ်စစ်ကို တွင်တွင်ကျယ်ကျယ် ထုတ်ဝေနိုင်ဖို့ နည်း ပညာများရှိရင်လေ့လာဖို့ပြောတဲ့အခါ အဖြေကို ချက်ချင်းမပေးကြဘဲ ပြန်ခါနီးအချိန်ကျမှ သူတို့နိုင်ငံအနေနဲ့ လွန်ခဲ့တဲ့ နှစ် ၃၀ လောက်ကသာအသုံးပြုခဲ့တဲ့နည်းပညာဖြစ်တဲ့အတွက် ယခုအချိန်မှာတော့ မရှိတော့တဲ့အတွက် အားနာပါကြောင်း ပြန်လည်ပြောဆိုခဲ့ကြတာကိုကြည့်ရင် ဘယ်နိုင်ငံမှာမဆို ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ အဆင့်မြင့်နည်းပညာတွေမရရှိခင်မှာ ဖြည့်တင်းနိုင်တဲ့ဘက်ကနေ ကောင်းကောင်း အသုံးပြုပြီး လုပ်ဆောင်ခဲ့ကြတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

စာရေးသူတို့နိုင်ငံအတွက် လက်ရှိအချိန်မှာ လျှပ်စစ်ဓါတ်အားမရသေးတဲ့ ဒေသတွေ၊ ရရှိပေမဲ့ လုံလောက်မှုမရှိတဲ့နေရာတွေက အတော်ပင်များပြားနေဆဲဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့နိုင်ငံအနှံ့ခရီးစဉ်တွေမှာ ပြောကြားချက်တွေ အရ ၂၀၂၀ ခုနှစ်မှာ တစ်နိုင်ငံလုံးရဲ့ ၅၀ ရာခိုင်နှုန်းကို လျှပ်စစ်ဓါတ်အားလွှမ်းခြုံနိုင်မယ်လို့ဆိုပါတယ်။ အထက် ဖော်ပြခဲ့တဲ့ ဥပမာအချို့ကိုကြည့်ရင် နိုင်ငံရဲ့ ပင်မဓါတ်အားလိုင်းမရရှိတဲ့ နေရာတွေမှာ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုပြီး လျှပ်စစ်ဓါတ်အားပေး စက်ရုံတွေ တည်ဆောက်ပြီး အလုပ်ဖြစ်မြောက်အောင် ပံ့ပိုးပေးနိုင်မည်ဆိုပါက ကုန်ပစ္စည်းထုတ်လုပ်နိုင်မှုစွမ်းအားများ အသေအချာ မြင့်တက်လာနိုင်ရုံသာမက လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုး တိုးတက်မှုမှာလည်း အတော်ပင်ထိရောက်လာမှာ အသေအချာပင်ဖြစ်ပါတယ်။

## နိဂုံး

စာရေးသူတို့ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ မိတ်ကောင်းဆွေကောင်းတွေရှိဖို့၊ ဈေးကွက်ကောင်းတွေရှိဖို့လိုသလို ထုတ်ကုန်များများထုတ်နိုင်ဖို့နှင့် ပို့ကုန်များများပို့နိုင်ဖို့ကလည်း အရေးကြီးတဲ့အတွက် နိုင်ငံအတွက် အခြေခံအဆောက်အအုံကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ကလည်း အမှန်တကယ် လိုအပ်ချက်ကြီးတစ်ခုဖြစ်တာမို့ နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး၊ ပြည်သူတို့ အကျိုးအများဆုံးရရှိနိုင်မှု၊ မြန်မာ့ယဉ်ကျေးမှုအနုပညာနှင့် သမိုင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ပြီး ပေါကြွယ်ဝတဲ့ သဘာဝအရင်းအမြစ်များကို အသုံးချကာ လိုအပ်နေတဲ့ လျှပ်စစ်ဓါတ်အားကို ဖြည့်တင်းနိုင်အောင် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ အတူလက်တွဲ ကြိုးပမ်းနိုင်ပါစေကြောင်း အကြံပြုတိုက်တွန်းရေးသားရင်း နိဂုံးချုပ်လိုက်ရပါတယ်။




# KOICA ၏ WFK နှင့် CIAT အစီအစဉ်

## |ဒေါက်တာပင်လုံအေး|

၁၉၅၀ ပြည့်နှစ်တွင် ဖြစ်ပွားသော ကိုရီးယားကျွန်းဆွယ်၏ ပြည်တွင်းစစ်အပြီး ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံဖြစ်ခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံသည် ပြန်လည်ထူထောင်ရေးကာလအတွင်း နိုင်ငံခြား အကူအညီဖြစ်သော အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးနှင့် ကုန်ကြမ်းပစ္စည်းများဖြင့် ခက်ခဲစွာ ရပ်တည်ခဲ့ရသည်။ ၁၉၅၀ ပြည့်လွန်ကာလများတွင် ကိုရီးယားသမ္မတနိုင်ငံ၏ သွင်းကုန် ၇၀ ရာခိုင်နှုန်းကျော်သည် နိုင်ငံခြားအကူအညီများဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် စတင်သော ပထမ ငါးနှစ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း နောက်ပိုင်း နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးကဏ္ဍ တည်ငြိမ်အားကောင်းလာပြီး အစိုးရအနေဖြင့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတကာမှ အကူအညီရယူမှုများလည်း လျော့နည်းလာခဲ့သည်။

### KOICA ၏ သမိုင်းကြောင်း

ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင် ရွက်ရေးအေဂျင်စီ (KOICA) ကို ၁၉၉၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကို အထောက်အကူ ဖြစ်စေမည့် တရားဝင် ဖွံ့ဖြိုးမှု အကူအညီ (ODA) များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အစိုးရအဖွဲ့ အစည်းတစ်ခုဖြစ်သည်။ ၁၉၉၇- ၉၈ ခုနှစ်တွင်ဖြစ်ပွားသော ကမ္ဘာ့စီးပွားပျက်ကပ်ကို အောင်မြင်စွာ ကျော်လွှာပြီး နောက်ပိုင်း ကိုရီးယားသမ္မတနိုင်ငံသည် အဆင့် (၁၁) ရှိ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး အခက်အခဲများမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့သည့် အလေ့အကျင့်ကောင်းများကို မျှဝေရန် South-

South Cooperation ကို အခြေပြု၍ နည်းပညာနှင့် အထောက်အပံ့များကို နိုင်ငံတကာသို့ ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

စတင်တည်ထောင်စဉ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများ၏ အခြေခံ လိုအပ်ချက်နှင့် လူ့စွမ်းအား ရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့သော်လည်း လက်ရှိအချိန်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့် ဒေသခံပြည်သူလူထု၏ လိုအပ်ချက်များကို တိုးမြှင့်ဖြည့်ဆည်းရေးနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်ချက်များဖြစ်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆင်းရဲမွဲတေမှု ပပျောက်ရေး၊ ကျား/မ တန်းတူ အခွင့်လမ်းရရှိရေးတို့အတွက် ကဏ္ဍစုံ တွင် ကျယ်ပြန့်စွာအကောင်အထည်ဖော်လျက်ရှိသည်။

ကိုရီးယားသမ္မတနိုင်ငံသည် ၁၉၅၃ ခုနှစ် ကိုရီးယားကျွန်းဆွယ်စစ်ပွဲအပြီး အဆင်းရဲဆုံးနိုင်ငံတစ်ခုမှ Organization for Economic Cooperation and Development - OECD ၏ Development Assistance Committee အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင်ခဲ့ရာ ၎င်းတို့၏ အတွေ့အကြုံကောင်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အထောက်အကူဖြစ်စေသည်။

## အကူအညီလက်ခံရယူသူမှ အလှူရှင်အဖြစ်သို့

KOICAသည် ပြည်သူလူထု (People)၊ ငြိမ်းချမ်းရေး (Peace)၊ကြွယ်ဝချမ်းသာမှု (Prosperity) နှင့် ကမ္ဘာမြေ (Planet) စသော အဓိကမဏ္ဍိုင် (၄) ရပ်ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို အကူအညီပေးလျက်ရှိသည်။ ၂၀၁၇ ခုနှစ်တွင် ကိုရီးယား သမ္မတနိုင်ငံသည် အာဆီယံနိုင်ငံများ နှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကို ရည်ရွယ်၍ နိုင်ငံခြားရေးရာ မူဝါဒတစ်ရပ် ဖြစ်သော New Southern Policy-NSP ကို မိတ်ဆက်ခဲ့ရာ KOICAအနေဖြင့် NSPအတွက် အထောက်အကူပြုစေမည့် အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

၁၉၇၅ ခုနှစ် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံအကြား နှစ်နိုင်ငံသံတမန် အဆက်အသွယ် ထူထောင်ပြီးသည့် နောက်ပိုင်း မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ချေးငွေကို Korea EXIM Bank နှင့် အကူအညီများကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) မှပေးအပ်လျက်ရှိသည်။

## မြန်မာနိုင်ငံတွင် KOICA၏ အကောင်အထည်ဖော်ဆောင်ရွက်မှု

KOICA(မြန်မာ) ရုံးကို ၁၉၉၁ ခုနှစ်တွင် ရန်ကုန်မြို့၌ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးမှု စီမံကိန်းများနှင့် နည်းပညာအကူအညီများကို လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက် ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးစီမံခန့်ခွဲမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အဓိက ကူညီပေးလျက်ရှိသည်။ ထို့အပြင် KOICA မှ မြန်မာနိုင်ငံသို့ ပညာသင်ဆုများပေးအပ်ခြင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပသည့်ဆွေးနွေးပွဲများသို့ဖိတ်ကြားခြင်း၊ ကျွမ်းကျင်သူများနှင့် လုပ်အားပေးများ စေလွှတ်ခြင်းများကိုလည်း ပေးအပ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် KOICA မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အကူအညီနှင့် အထောက်အပံ့များအနက် လုပ်အားပေး အစီအစဉ် (World Friends KOICA-WFK Volunteers) နှင့် အနာဂတ်အတွက် အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Capacity Improvement and Advancement for Tomorrow – CIAT) သည် ထင်ရှားပါသည်။

## WFK Volunteers အစီအစဉ်

WFK-Volunteersသည် ကိုရီးယားသမ္မတနိုင်ငံ အစိုးရမှ ဆောင်ရွက်နေသည့် Overseas Volunteer Programကို ၁၉၉၀ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၀၉ ခုနှစ်၊ မေလမှ စတင်၍ World Friends Korea - WFKအဖြစ် အမည်ပြောင်းလဲခဲ့သည်။ အဆိုပါအစီအစဉ်သည် ဖွံ့ဖြိုးဆဲနိုင်ငံ (၄၀) ကျော်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကိုရီးယားနိုင်ငံ၏ ကျွမ်းကျင်မှု၊ အသိပညာနှင့် အတွေ့အကြုံများအား

၄င်း၏ မိတ်ဖက်နိုင်ငံများသို့မျှဝေရန်၊ ဆင်းရဲမှုလျှော့ချရေး အတွက် ကူညီ ထောက်ပံ့ရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် အထောက်အပံ့ပေးလျက်ရှိသည်။




KOICA အနေဖြင့် မြန်မာနိုင်ငံသို့ သူနာပြု၊ ဗိသုကာ၊ သိပ္ပံပညာရပ်၊ ပညာရေး၊ ခရီးသွားလုပ်ငန်း၊ စက်မှု၊ ရုပ်ပိုင်းဆိုင်ရာကုထုံး၊ အနုပညာ၊ အလှပြင်လုပ်ငန်း၊ ခေတ်ရောင်ခြည်ကုထုံး၊ အထွေထွေကျန်းမာရေး၊ စာကြည့်တိုက်ပညာ၊ လူမှုဝန်ထမ်း၊ ချည်မျှင်နှင့်အထည်၊ သင်္ချာ၊ အချက်အပြုတ်၊ ဂဟေဆက်ပညာ၊ ကလေးသူငယ်ပညာပေး၊ ဂီတ၊ ဆေးရုံဆေးခန်းများဆိုင်ရာရောဂါဗေဒ၊ မော်တော်ယာဉ်စက်ပစ္စည်း၊ လျှပ်စစ် စွမ်းအင်၊ အီလက်ထရွန်နစ်၊ မုန့်ဖုတ်လုပ်ငန်း၊ ရုပ်ပိုင်းဆိုင်ရာ ပညာပေး အစီအစဉ်၊ တိုက်ကွမ်ဒို၊ မူလတန်းပညာရေး၊ ဒီဇိုင်းကွန်ပျူတာ၊ ကိုရီးယားဘာသာစကား၊ လူငယ်ဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ အစားအသောက်လုပ်ငန်း၊ မွေးမြူရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်ပယ်များတွင် လုပ်အားပေးများ စေလွှတ်လျက်ရှိပြီး ၁၉၉၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ WFK-Volunteers(၂၅၉) ဦးကို ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာ နယ်ပယ်များတွင် တာဝန်ထမ်းဆောင်ရန် လက်ခံခဲ့သည်။

## CIAT အစီအစဉ်

အနာဂတ်အတွက် အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် Capacity Improvement and Advancement for Tomorrow-CIAT သည် KOICA မှ မိတ်ဖက်နိုင်ငံများရှိ မူဝါဒချမှတ်သူများနှင့် ဝန်ထမ်းများကို ကိုရီးယားသို့ဖိတ်ခေါ်၍ ၄င်းတို့၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်စေရန် ကိုရီးယားသမ္မတနိုင်ငံ၏ အတွေ့အကြုံများ၊ နည်းပညာနှင့် အသိပညာများကို ဖြန့်ဝေရန် လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်၍ ၁၉၆၃ ခုနှစ်တွင် စတင်ခဲ့သည်။

CIAT အနေဖြင့် မိတ်ဖက်နိုင်ငံများ၏ မတူကွဲပြားသော လိုအပ်ချက်များအပေါ် အခြေခံ၍ မူဝါဒနှင့် နည်းပညာဆိုင်ရာ အရည်အသွေးမြင့်မားရေးအတွက် နိုင်ငံနှင့် ဒေသတွင်းဆိုင်ရာအစီအစဉ်များ၊ ပညာသင် ဆုပေးအပ်ရေး အစီအစဉ်များ၊ နိုင်ငံအလိုက်၊ ဝန်ကြီးဌာနအလိုက် အဆိုပြုလိုသော အရည်အသွေး မြှင့်တင်မှု အစီအစဉ်၊ KOICA နှင့် မိတ်ဖက်နိုင်ငံများ၏ဖက်စပ်ဆောင်ရွက်မှုနှင့် ဒေသ လိုအပ်ချက်များကို ကာလအလိုက် ခွဲခြားသတ်မှတ်ကာ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ သတင်းနှင့် အချက်အလက်နည်းပညာ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား/ မ တန်းတူ အခွင့်အရေးရရှိရေး၊ လူ့အခွင့်အရေးနှင့် စွမ်းအင်ကဏ္ဍတို့တွင် အကူအညီပေးလျက်ရှိသည်။ ၁၉၉၁ ခုနှစ်မှ စတင်၍ ၂၀၁၈ ခုနှစ်ထိ KOICA ၏ CIAT မှ အစီအစဉ်ပေါင်း (၂၀၈၅) ခု ပေးအပ်ပြီးဖြစ်သည်။




## နိဂုံး


ကျွန်းဆွယ်စစ်ပွဲအပြီး နိုင်ငံတကာအကူအညီများဖြင့် ခက်ခဲစွာရပ်တည်ခဲ့ရသော ကိုရီးယားသမ္မတ နိုင်ငံသည် ၄င်းတို့၏ မှန်ကန်သောမူဝါဒ၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များမှတစ်ဆင့် ကမ္ဘာ့အဆင့်မီ နည်းပညာနှင့် စီးပွားရေးကို ထိပ်တန်းတွင်ရပ်တည်နိုင်ခဲ့ရာ ၄င်း၏ ဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံများကို မြန်မာနိုင်ငံ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာတွင် ဝေမျှလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ အကူအညီ ပေးလျက်ရှိသော WFK နှင့် CIAT အစီအစဉ်များမှတစ်ဆင့် ၄င်းတို့၏အကူအညီများနှင့် အလေ့အထကောင်းများကို အတုယူ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သင့် ပါသည်။



# ရာသီဥတုပြောင်းလဲလာခြင်း၏နောက်ကွယ်

|မယု (စက်မှု)|

ကျွန်ုပ်တို့အသက်ရှင်နေထိုင်ရာ ကမ္ဘာမြေကြီးပေါ်တွင် သက်ရှိသက်မဲ့ပေါင်းမြောက်များစွာ တို့သည် ရေ၊ လေ၊ မြေ၊ တောတောင် စသည့် သဘာဝတရားကြီးနှင့်အတူ အပြန်အလှန် အပေးအယူမျှတစွာဖြင့် အမှီသဟဲပြုနေထိုင်လာသည်မှာ နှစ်သန်းပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ လူသားများ၏ မဆင်မခြင်လုပ်ဆောင်မှုများကြောင့် သက်တမ်းကြာမြင့်ပြီဖြစ်သော မိခင်ကမ္ဘာကြီးသည် ယခုအခါ အိုမင်းရင့်ရော်၍



အလုပ်တရားများ ပျက်ပြယ်လာပြီ ဖြစ်ပါသည်။ ကမ္ဘာမြေ တစ်ဝန်း၌ ရာသီဥတုပြောင်းလဲလာမှုများသည် ၂၁ ရာစုနှစ် အစောပိုင်းကာလများမှစ၍ သိသာထင်ရှားလာခဲ့ပါသည်။ လူသားတို့ကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပျက်စီးယိုယွင်းလာမှုများ၏ ဆိုးကျိုးများနှင့် အတူ ရာသီဥတုများ ပြောင်းလဲဖောက်ပြန်လာခြင်းနှင့် နောက် ဆက်တွဲဖြစ်သည့် ကမ္ဘာကြီး၏ ဂေဟစနစ် တစ်နေ့တခြား ယိုယွင်းလာပြီး ကမ္ဘာ့သက်တမ်း တဖြည်းဖြည်းကျဆင်း လာခြင်းပင် ဖြစ်ပါသည်။

ကမ္ဘာကြီး၏ ဂေဟစနစ် ယိုယွင်းလာခြင်း၊ ရာသီဥတုပြောင်းလဲ ဖောက်ပြန်လာခြင်းနှင့် အတူ သဘာဝ ဘေးအန္တရာယ်များဖြစ်သည့် လေထုညစ်ညမ်းခြင်း၊ ရေထုညစ်ညမ်းခြင်း၊ သစ်တောများ ပြုန်းတီးလာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်းနှင့် နောက်ဆက်တွဲ မုန်တိုင်း တိုက်ခြင်း၊ ရေကြီးခြင်း၊ လျှပ်စီးလျှပ်ခတ်ခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း အစရှိသည့် သဘာဝဘေးဒဏ်ကို သက်ရှိအားလုံး အလူးအလဲခံစား နေရပါသည်။ အထူးသဖြင့် လူတို့နေ့စဉ်ရှူရှိုက်နေသည့် လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ သက်တမ်းသည် လည်း ကျဆင်းလာကာ အရွယ်မတိုင်ခင် သေဆုံးနေကြရ ပါသည်။ လေထုညစ်ညမ်းမှုသည် လူသားတို့၏ ကျန်းမာ ရေးကို ခြိမ်းခြောက်နေသည့် အကြီးမားဆုံးသော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ပင်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization) ၏ နိုင်ငံပေါင်း ၁၀၈ နိုင်ငံရှိ မြို့ကြီး ၄၃၀၀ မြို့ကို လေ့လာ ဆန်းစစ်မှုမှ ရရှိလာသည့် တွေ့ရှိမှုများအရ ကမ္ဘာပေါ်ရှိ လူ (၁၀) ဦးတွင် (၉) ဦးသည် မသန့်ရှင်းသော လေကို ရှူရှိုက်နေရပြီး အိမ်ပြင်ပတွင် သာမက အိမ်တွင်း၌ ပါ လေထု မသန့်ရှင်းကြောင်း တွေ့ရှိရပြီး လေထုညစ်ညမ်းမှု ကြောင့် နှစ်စဉ်လူဦးရေ ၇ သန်းခန့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိရကြောင်းလည်း ဆန်းစစ်မှုများအရ သိရှိရပါသည်။ ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာ့လေထုညစ်ညမ်းမှုကြောင့် လူ (၈) ဦးတွင် (၁) ဦးနှုန်းသေဆုံးခဲ့ရပြီး အဓိကသေဆုံးရ သည့် အကြောင်းရင်းမှာ လေဖြတ်ခြင်း၊ နှလုံးရောဂါ၊ အဆုတ်ကင်ဆာနှင့် နာတာရှည်အဆုတ်ရောင်ရောဂါများ ကြောင့် ဖြစ်သည်ဟု သိရှိရသည်။ အထူးသဖြင့် ကလေးများ တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရှိရသည်။ လေထုညစ်ညမ်းမှု ကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကို လူဦးရေ ၄.၂ ဘီလီယံကျော်ရှိပြီး လူနေထူထပ်သည့် အာရှ-ပစိဖိတ်ဒေသ များတွင် ပိုမိုခံစားနေရပါသည်။ လူဦးရေများပြားသည့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် လေထု ညစ်ညမ်းမှု ဒဏ်ကို ပိုမိုခံစားကြောင်းလည်း သိရှိရပါသည်။

ကမ္ဘာပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် လေထု ညစ်ညမ်းမှု အဆိုးရွားဆုံးနိုင်ငံအဖြစ် တည်ရှိနေပြီး လေထုညစ်ညမ်းမှု အဆိုးရွားဆုံး ခံစားနေရသည့် မြို့ကြီး (၂၀) တွင် တရုတ်နိုင်ငံမှ (၁၆) မြို့ ပါဝင်ကြောင်းလည်း ကမ္ဘာ့ဘဏ်၏ တွေ့ရှိချက်များအရလည်း သိရှိရသည်။ တရုတ်နိုင်ငံအတွင်း စောင့်ကြည့်လေ့လာမှုများအရ မြို့ကြီး (၃၄၀) တွင် သုံးပုံနှစ်ပုံသည် သတ်မှတ်လေထု စံချိန်စံညွှန်း နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါသည်။ လေထု

> **သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပျက်စီးယိုယွင်းလာမှုများ၏ ဆိုးကျိုးများနှင့် အတူ ရာသီဥတုများ ပြောင်းလဲဖောက်ပြန်လာခြင်းနှင့် နောက်ဆက်တွဲဖြစ်သည့် ကမ္ဘာကြီး၏ ဂေဟစနစ် တစ်နေ့တခြား ယိုယွင်းလာပြီး ကမ္ဘာ့သက်တမ်း တဖြည်းဖြည်းကျဆင်းလာခြင်းပင် ဖြစ်ပါသည်။**


ညစ်ညမ်းမှုကြောင့် တရုတ်နိုင်ငံအတွင်း လူဦးရေ ၁ သန်းကျော်သည် နှစ်စဉ်အချိန်မတိုင်မီ သေဆုံးနေကြရပြီး ဆန်၊ ဂျုံ၊ ပဲ၊ ပြောင်း တန်သန်း ၂၀ ခန့်လည်း ပျက်စီးဆုံးရှုံးနေရကြောင်း သိရှိရပါသည်။ ၂၀၁၀ ခုနှစ် အတွင်း ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှုကြောင့် အရွယ်မတိုင်ခင် သေဆုံးကြရသူများ၏ ၄၀% သည် တရုတ်နိုင်ငံမှ ဖြစ်သည်ဟု စစ်တမ်းများအရ သိရှိရပါသည်။ ထို့အပြင် မြို့နေလူထု၏ ၅ ပုံ ၁ ပုံသည် ကန့်နှင့် ခဲဓာတ်ပါဝင်မှုမြင့်မားသည့် ကျောက်မီးသွေးမီးခိုးနံ့များ၊ ခဲဓာတ်ပါဝင်မှုများသော ဓာတ်ဆီနံ့များ၊ မီးခိုးနံ့များ စသဖြင့် မသန့်ရှင်းသော လေကို ရှူရှိုက်နေရကြောင်း သိရှိခဲ့ရပါသည်။

ထို့အတူပင် လူဦးရေများပြားသည့် အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံကဲ့သို့ပင် လေထု ညစ်ညမ်းမှုဒဏ်ကို ပြင်းထန်စွာ ခံစားနေရပြီး ၂၀၀၀ -၂၀၁၀ ခုနှစ်အတွင်း အရွယ်မတိုင်ခင် သေဆုံးခဲ့ကြရသည့် လူဦးရေခြောက်သိန်းခန့်သည် လေထုညစ်ညမ်းမှုနှင့် ဆက်စပ်နေသည့် ရောဂါများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၄ ခုနှစ် ထုတ်ပြန်ပြောကြားချက်အရ ကမ္ဘာတစ်လွှား လေထုညစ်ညမ်းသည့် မြို့ကြီး (၁၆၀၀) တွင် နယူးဒေလီမြို့သည် အဆိုးရွားဆုံးဟု ထုတ်ပြန်ပြောကြားခဲ့ပါသည်။ လေထုညစ်ညမ်းမှုကြောင့် ကင်ဆာရောဂါနှင့် နှလုံးရောဂါခံစားရသူများလည်း ပိုမိုများပြားလာကြောင်းလည်း သိရှိရသည်။ ထို့အပြင် အနက်ရောင်ကာဗွန် (Black Carbon) ခေါ်သည့် ကျေးလက်ဒေသများတွင် နေ့စဉ်အစားအသောက် ချက်ပြုတ်ရာမှ ထွက်ရှိလာသည့် ထင်းနှင့် မီးသွေး မီးခိုးများ၊ ဆိုင်ကယ်အိတ်ဇောမှ ထွက်ရှိသည့် မီးခိုးများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသည့် မီးခိုးငွေ့များ၊ ဓာတုဒြပ်ပစ္စည်း ပျော်ရည်များမှ ထွက်ရှိသည့် အခိုးအငွေ့များကြောင့် လည်း လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာခြင်းဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် လူဦးရေများပြားသည်သာမက ဆယ်စုနှစ်အတွင်း ကျေးလက်နေသော လူအများစုသည် မြို့ပြများသို့ ပြောင်းရွှေ့နေထိုင်လာကြခြင်း၊ မိရိုးဖလာ လယ်ယာလုပ်ငန်းခွင်များမှ မြို့ပေါ်သို့ပြောင်းရွှေ့လုပ်ကိုင်လာကြခြင်း၊ လယ်ယာကဏ္ဍမှ စက်မှုကဏ္ဍသို့အလုံးအရင်း ထုထည်ကြီးမားစွာ ပြောင်းလဲလုပ်ဆောင်လာကြခြင်းတို့ကြောင့် လည်းကောင်း၊ စက်ရုံများ၊ ဆိုင်ကယ်များ၊ လူစီးယာဉ်များ၊ လူအသုံးအဆောင်များနှင့် နေ့စဉ်စားသောက်နေထိုင်မှုများကြောင့် လည်းကောင်း၊ အထူးသဖြင့် ကျောက်မီးသွေးစက်ရုံများ (Coal-fired Power Plants) မှ ထွက်ရှိလာသည့် မီးခိုးငွေ့များကြောင့် လည်း လေထုညစ်ညမ်းမှု ပိုမိုဖြစ်ပွားလာရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် လေထုညစ်ညမ်းမှု ဘေးအန္တရာယ်ကို ခံစားနေရသကဲ့သို့ မြန်မာနိုင်ငံသည်လည်း ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးဒဏ်များနှင့် လေထုညစ်ညမ်းမှုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုခံစားလာနေရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တွေ့ရှိချက်များအရ ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်း မြို့ပြများဖြစ်သည့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်နေပြီး PM10 (particulate matter which passes through a size-selective inlet with a 50% efficiency cut-off at 10 micrometer[μm]aerodynamicdiameter)ပါဝင်မှုနှုန်းမြင့်မားနေကြောင်းလည်း ဖော်ပြထားပါသည်။ အရှေ့တောင်အာရှနိုင်ငံများအတွင်း PM10 Concentration တိုင်းတာမှုများအရ စင်ကာပူသည် အနိမ့်ဆုံးဖြစ်ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၏ PM10 Concentration မြင့်မားနေကြောင်း တွေ့ရှိရပါသည်။ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဧရိယာတစ်လျှောက် ၇၁.၇၅ μg/m3 မှ ၁၁၂.၄၉ μg/m3၊ လူနေရပ်ကွက်များတွင် ၆၁.၇ μg/m3 မှ ၆၅.၃ μg/m3၊ စက်မှုဇုန် ဧရိယာများတွင် ၁၃၁.၅၄ μg/m3 မှ ၁၃၆.၈၂ μg/m3 အထိ မြင့်တက်နေကြောင်း သိရှိရသည်။ မော်တော်ကား၊ ဆိုင်ကယ်အစရှိသည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးယာဉ်များကြောင့်လည်း လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသကဲ့သို့ အစားအသောက် ချက်ပြုတ်ရာတွင် အသုံးပြုသည့် ထင်း၊ မီးသွေးလောင်စာများကြောင့်လည်းကောင်း၊ အမှိုက်သရိုက်များ မီးရှို့ ဖျက်ဆီးရာမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် လည်း

ကောင်း လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်စေခဲ့ပါသည်။




ထို့အပြင် မြန်မာနိုင်ငံအတွင်း ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကြောင့် လည်း သဘာဝဘေးများ ပိုမိုကျရောက်လာခဲ့ရပါသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ကို ပြင်းပြင်း ထန်ထန် ခံစားခဲ့ရပြီးနောက် သဘာဝဘေးဒဏ်ကို တအိအိခံစားနေခဲ့ရကာ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝှမ်းရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကို အကြီးအကျယ် ခံစားခဲ့ရပါသည်။ ကယား ပြည်နယ်နှင့် တနင်္သာရီတိုင်းမှအပ ကျန်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးအလူးအလဲ ခံစားခဲ့ရခြင်းဖြစ်ပြီး နှစ်ပေါင်း ၆၀ အတွင်းအဆိုးရွားဆုံးသော ရေကြီးမှု ဖြစ်ခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်ကို Year of Disaster ဟုပင် သတ်မှတ်ခဲ့ကြပါသည်။ ထူးကဲစွာ မိုးရွာသွန်းခဲ့သောကြောင့် ရေကြီးရေလျှံမှုများပေါ်ပေါက်ခဲ့သည် မှန်သော်လည်း ဖြစ်သင့်သည်ထက်ပိုမို၍ရေကြီးသည့် ဧရိယာဒေသ ပိုမိုများပြားခြင်း၊ စီးဆင်းသောရေတွင် ရွှံ့နွံများ၊ သစ်ကိုင်းများနှင့် အမှိုက်သရိုက်များအမြောက်အများ ပါဝင်လာခြင်း၊ မြေပြိုမှုများပြားလာခြင်း၊ မြစ်ချောင်းအင်းအိုင်များနှင့် ဆည်မြောင်းများ၊ ရေလှောင်တမံများ ရေလျှံလွယ်ခြင်း စသည်တို့သည် သစ်တောပြုန်းတီးလာမှုနှင့်အတူ ရွှံ့နှင့်သတ္တုများကို စည်းကမ်းမဲ့စွာထုတ်ယူမှုများကြောင့်လည်း ဖြစ်ပါသည်။

အာရှဖွံ့ဖြိုးမှုဘဏ်မှ ပြုစုခဲ့သည့် စာတမ်းတွေ့ရှိချက်များအရ မြန်မာနိုင်ငံအတွင်း သစ်တောများ တစ်စတစ်စပြုန်းတီးလာကာ ၁၉၈၉ ခုနှစ်တွင် ၃၉.၇ သန်း ဟက်တာရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ၃၀.၅ သန်း ဟက်တာအထိ ကျဆင်းသွားခဲ့ပါသည်။ ပျမ်းမျှတစ်နှစ်လျှင် ၄၃၈၀၀၀ ဟက်တာခန့်ဆုံးရှုံးနေရကြောင်းတွေ့ရှိရပါသည်။ သစ်တောဧရိယာကျဆင်းလာမှုသည် နှစ်စဉ်ပျမ်းမျှ ၁.၁% ကျဆင်းလာခဲ့ရာမှ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ၁.၉% သို့ တိုးမြင့်ကျဆင်းလာကြောင်း ဖော်ပြထားပါသည်။

မည်သို့ပင်ဆိုစေကာမူ သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးလာမှုနှင့်အတူ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲ ဖောက်ပြန်လာမှုများ၏ အကျိုးဆက်ဖြစ်သည့်သဘာဝဘေးအန္တရာယ်များသည် ၂၁ ရာစုနှစ် အစောပိုင်းကာလများမှစ၍ သိသာထင်ရှားစွာ ခံစားလာနေရပါသည်။ လူတို့၏ ဆန်းသစ်တီထွင်ကြံဆမှုများ၊ ဖွံ့ဖြိုးတိုးတက်လာမှုများ၊ လူသားတို့၏ ဖန်တီးနိုင်စွမ်းအား တို့ကြောင့်ပင်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခဲ့ပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပျက်စီးယိုယွင်းလာမှု ဆိုးကျိုးများနှင့်အတူ ရာသီဥတုပြောင်းလဲ ဖောက်ပြန်လာခြင်း၏နောက်ဆက်တွဲဖြစ်သည့် သဘာဝဘေးအန္တရာယ်များကိုထိုလူသားတို့ပင် အလူးအလဲခံစားနေရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ မျိုးဆက်သစ် နောင်လာ နောက်သားများ၏ဘဝအေးချမ်း သာယာစွာ ကျန်းမာသန်စွမ်းစွာ ရှင်သန်နေထိုင်နိုင်ရေးအတွက် ကျွန်ုပ်တို့၏ ကမ္ဘာ့သက်တမ်းအဓွန့်ရှည်စေမည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်နိုင်ရန်အတွက် စာရေးသူအနေဖြင့်လက်လှမ်းမီသမျှ ပြုစုတင်ပြခြင်းပင်ဖြစ်ပါသည်။




# မတူကွဲပြားမှုနှင့် မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း

## |ဝင်းဝင်းဝါ|

သက္ကရာဇ် ၂၀၀၀ ဝန်းကျင် ခေတ်ပိုင်းလောက်က ကျွန်မတို့ ဗဟိုစာရင်းအင်းအဖွဲ့ ဝန်ထမ်း ဖြစ်ခါစအချိန်က စစ်တမ်းဆိုတာ ရုံးကဝန်ထမ်းများဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခရီးထွက် ကောက်ယူခဲ့တာကို မှတ်မိနေပါသေးသည်။ ဦးစီးအရာရှိများက အဖွဲ့ခေါင်းဆောင်များအဖြစ် တာဝန်ယူ၍ ရွေးချယ်သတ်မှတ်သည့် တိုင်းဒေသကြီး (သို့) ပြည်နယ် ဒေသတစ်ခုကို အဖွဲ့ လေးဖွဲ့လောက် ဖွဲ့၍ အတူသွားကောက်ယူရန် ပြင်ဆင်ခဲ့ပါသည်။ ထိုသို့ ကောက်ယူသည့်အချိန်တွင် ရုံးတွင် အခန်းစောင့်ဝန်ထမ်းတစ်ယောက်၊ နှစ်ယောက်လောက်ကလွဲ၍ မည်သူမျှမရှိတာကို သတိရမိပါသည်။ ရာသီတွေ အလီလီ ပြောင်းလဲလို့ နှစ်တွေလည်း တဖြည်းဖြည်း အိုမင်းလာခဲ့ပါပြီ။ ထိုပြောင်းလဲအိုမင်းမှုနှင့်အတူ ယခု မိမိတို့ရုံးမှ ၂၀၁၇ ခုနှစ်တွင် ကောက်ယူခဲ့သည့် မြန်မာနေထိုင်မှု အခြေအနေ

စစ်တမ်းကတော့ ယခင်စစ်တမ်းများနဲ့မတူ ကွဲပြားခြားနားခဲ့ပြီ ဖြစ်ပါသည်။ ဒါကြောင့် မတူကွဲပြားတဲ့ အချက်အလက်များအကြောင်းကို တစေ့တစောင်း ဖော်ပြလိုပါသည်။

## စစ်တမ်းအတွက် အဓိကကျသည့် အချက်များ

စစ်တမ်းတစ်ခု ကောက်ယူမယ်ဆိုရင် မေးခွန်းလွှာပြင်ဆင်ခြင်း၊ ရှေ့ပြေးစစ်တမ်း ကောက်ခြင်း၊ ကွင်းဆင်းစစ်တမ်းကောက်ခြင်း၊ အချက်အလက်စိစစ်ခြင်းနှင့် အစီရင်ခံစာ ထုတ်ပြန်ခြင်းစတဲ့ အဆင့်များဟာ အဓိကကျလို့ သေချာစွာဆောင်ရွက်နိုင်ရန် လိုအပ်ပါတယ်။ ယခင်စစ်တမ်းတွေက အများအားဖြင့် နိုင်ငံတော်ဘတ်ဂျက်နဲ့ ဆောင်ရွက်တာဖြစ်ပြီး ယခု မြန်မာနေထိုင်မှုအခြေအနေ စစ်တမ်းကတော့ နိုင်ငံတကာအကူအညီနဲ့ ဆောင်ရွက်တာဖြစ်လို့ ဘဏ္ဍာငွေအသုံးပြုမှု စတင်ကွာခြားခဲ့ ပါတယ်။

## မေးခွန်းလွှာပြင်ဆင်ခြင်း

ယခင်က စစ်တမ်းဆောင်ရွက်ရာမှာ မေးခွန်းလွှာတစ်ခု ပြင်ဆင်ဖို့ ရုံးမှ ညွှန်ကြားရေးမှူးအဖွဲ့ဝင်များ စုပေါင်း၍ တိုင်ပင်ဆောင်ရွက်ခဲ့ကြပြီး စစ်တမ်းဌာနဝန်ထမ်းများက အဓိက ဦးစီးဆောင်ရွက်သူများ ဖြစ်ကြပါတယ်။ ယခု မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း မေးခွန်းလွှာပြင်ဆင်မှုကတော့ နိုင်ငံတကာကူညီ ထောက်ပံ့မှုနဲ့အတူ ကျွမ်းကျင်ပညာရှင်များပါဝင်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ထိုသို့ တည်ဆောက်ရာမှာလည်း သက်ဆိုင်ရာဌာနများမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်တွင်း/ပြည်ပ ပါဝင်ပတ်သက်သူများကို ဖိတ်ခေါ်ပြီး တွေ့ဆုံညှိနှိုင်းမှု အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ် ဆောင်ရွက်ပြီး အတည်ပြုချက်ရယူခဲ့ပါတယ်။ မေးခွန်းလွှာ ပြင်ဆင်ခြင်းဟာ ဦးခေါင်းပိုင်းကို တန်ဆာဆင်တာနဲ့တူလို့ အဓိက အရေးကြီးပါတယ်။

## ရှေ့ပြေးစစ်တမ်း ကောက်ခြင်း

မေးခွန်းလွှာ ရှင်းလင်းသေချာပြီဆိုရင် ပထမဆုံး အနေနဲ့ တကယ့်စစ်တမ်းကြီး မကောက်ယူမီ ရှေ့ပြေးစစ်တမ်း ကောက်ယူခြင်းကို စတင်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ သို့မှသာ ပြုပြင်စရာတွေ ရှိလာခဲ့ရင်၊ မေးမြန်းမှုမှာ နားမလည်တာတွေရှိခဲ့ရင် ပြန်လည် ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ယခင် စစ်တမ်းတုန်းကတော့ ရှေ့ပြေးစစ်တမ်း ကောက်တာကို ရုံးမှ အရာရှိပိုင်းတွေကပဲ ဦးဆောင်ပြီး စစ်တမ်းဌာနစိတ်မှ ဝန်ထမ်းများနဲ့ သွားရောက်တာ ဖြစ်ပါတယ်။ ယခု မြန်မာနေထိုင်မှုအခြေအနေ စစ်တမ်းကတော့ တာဝန်ရှိတဲ့ စစ်တမ်းဌာနစိတ်နဲ့ အထောက်အပံ့ပေးတဲ့ အဖွဲ့အစည်းမှ နိုင်ငံတကာကျွမ်းကျင် ပညာရှင်များ လိုက်ပါဆောင်ရွက်တာဖြစ်ပြီး စစ်တမ်းကောက်ယူမယ့် စာရင်းကောက်များအားလုံးလည်း ပါဝင်ပါတယ်။ ခန္ဓာကိုယ်ကြီး အားကောင်းဖို့အတွက် ခြေလက်တွေအားကောင်းဖို့ လိုအပ်သလို တကယ်စစ်တမ်းကြီး ကောက်ယူတဲ့အခါ ပိုမို အဆင်ပြေ ချောမွေ့စေဖို့အတွက် ရှေ့ပြေးစစ်တမ်းကောက်ခြင်းဟာ ခြေတွေ၊ လက်တွေကို အားဖြည့်ပေးတာဖြစ်ပါ တယ်။

## ကွင်းဆင်းစစ်တမ်းကောက်ခြင်း

စစ်တမ်းကြီးတကယ်ကောက်ယူဖို့ဆိုရင် ယခင်က ရုံးဝန်ထမ်းတွေကပဲ ကောက်ယူတာမို့ သင်တန်းအနေနဲ့ တစ်ရုံးလုံးနီးပါး တက်ရောက်ခဲ့ရပါတယ်။ ပျော်စရာလည်း ကောင်းပြီး အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ ယခု မြန်မာနေထိုင်မှု အခြေအနေစစ်တမ်းမှာကတော့ ပြင်ပစာရင်းကောက်များကို ငှားရမ်းအသုံးပြုထားပြီး ကျွမ်းကျင်မှုရှိ/မရှိ ကို သင်တန်းပေး ရွေးချယ်ခဲ့တာဖြစ်ပါ တယ်။ ဒီလိုရွေးချယ်ဖို့ကိုလည်း တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ လျှောက်လွှာများကို စိစစ်ပြီး ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ ဒါမှလည်း စစ်တမ်းတစ်ခုရဲ့ ခန္ဓာကိုယ်ဖြစ်တဲ့ ကောက်ယူခြင်းလုပ်ငန်းစဉ်ဟာ သေချာစွာ ပြီးဆုံးအောင်မြင်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ကောက်ယူတဲ့သူတွေကို စစ်ဆေးဖို့ ကွင်းဆင်းစစ်ဆေးတဲ့ အဖွဲ့ဆိုတာလည်း လိုအပ်ပါတယ်။ ဘာလို့လိုအပ်တာလဲဆိုရင် ကောက်ယူသူတွေ အယူအဆလွဲမှားမှုများ ဖြစ်ခဲ့ရင် ကွင်းဆင်းစစ်ဆေးမှုမှာ ပေါ်လွင်မှာပဲဖြစ်ပါတယ်။ ယခင်က ကွင်းဆင်းစစ်ဆေးခြင်းမှာ ကောက်ယူတဲ့ သူတွေ ကောက်ကွက်မှာ ရှိ/မရှိ၊ မေးမြန်းမှု

မှန်/မမှန်နဲ့ အိမ်ထောင်စုစာရင်း အကူအညီပေးနိုင်တဲ့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကို ရောက်/မရောက်ကိုသာ စစ်ဆေးတာဖြစ်ပါတယ်။ ယခုကတော့ မဟုတ်တော့ပါဘူး။ မြန်မာနေထိုင်မှုအခြေ အနေစစ်တမ်းဟာ ပြည်သူ့အင်အားဦးစီးဌာနက ဆောင်ရွက်ခဲ့တဲ့ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရဲ့ ကောက်ကွက်တွေကို အခြေခံ အသုံးပြုတာကြောင့် အိမ်ထောင်စုတွေတည်ရှိတဲ့ ဒေသရဲ့မြေပုံကို ကြည့်တတ်ဖို့လိုအပ်ပါတယ်။ မြေပုံကြည့်နည်းဟာလည်း သင်တန်းမတက်ရောက်ထားဘူး၊ လက်တွေ့ဆောင်ရွက်မှု မရှိခဲ့ဘူးဆိုရင် ကြည့်တတ်ဖို့ ခက်ခဲမှာပဲဖြစ်ပါတယ်။

စစ်တမ်းကောက်ယူမှုမှာ အချိန်ကာလဟာလည်း အရေးကြီးပါတယ်။ ယခင်ကတော့ အိမ်ထောင်စုစစ်တမ်းကောက်ယူမှုမှာ အများဆုံး လပိုင်းလောက်သာ ကြာမြင့်တာကို တွေ့ခဲ့ရပါတယ်၊ ယခု မြန်မာနေထိုင်မှု အခြေအနေစစ်တမ်းကတော့ သုံးလပတ်အလိုက် တစ်နှစ်ပတ်လုံး ကောက်ယူတာဖြစ်လို့ အိမ်ထောင်စုတွေရဲ့ ရာသီအလိုက် လုပ်ကိုင်ဆောင်ရွက်မှုတွေကို တွေ့မြင်သိရှိခဲ့ရပါတယ်။ ဒါ့အပြင် ယခင်စစ်တမ်းတွေက နိုင်ငံတစ်ဝန်း ကောက်ယူတာ မရှိခဲ့ဘဲ ယခုမြန်မာ နေထိုင်မှုအခြေအနေစစ်တမ်းဟာ နိုင်ငံတစ်နိုင်ငံလုံး နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှာ ကောက်ယူခဲ့တာ ကြောင့် ယခင်စစ်တမ်းများနဲ့ ကွာခြားတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

## အချက်အလက်စိစစ်ခြင်း

ယခင် စစ်တမ်းတွေကတော့ အချက်အလက် စိစစ်ရာမှာ စစ်တမ်းကောက်ယူမှု ပြီးဆုံးလို့ပြန်လာပြီးမှ သက်ဆိုင်ရာ ဆောင်ရွက်သူတွေက အချက်အလက်တွေကို ကွန်ပျူတာမှာ ထည့်သွင်းပြီး ကွန်ပျူတာဌာနစိတ်မှ စိစစ်တာဖြစ်ပါတယ်။ ယခု မြန်မာနေထိုင်မှု အခြေအနေစစ်တမ်းမှာ ကောက်ကွက်အတွင်း ကောက်ပြီးတဲ့ အချက်အလက်တွေကို Laptop နဲ့ထည့်သွင်းပြီး ရုံးချုပ်သို့ တိုက်ရိုက်ပေးပို့တာ ဖြစ်ပါတယ်။ ရုံးချုပ်မှာ တစ်ခါ ထပ်ပြီး အချက်အလက် ထည့်သွင်းမှုလုပ်ငန်းစဉ် ပြုလုပ်တာကြောင့် အမှားဖြစ်နိုင်ချေဟာ မရှိသလောက် ရာခိုင်နှုန်းနည်းပါတယ်။ စိစစ်မှုကိုလည်း နိုင်ငံတကာကျွမ်းကျင် ပညာရှင်များနဲ့ ပူးပေါင်းဆောင်ရွက်ပြီး Stata Software နဲ့ အသုံးပြုလို့ စစ်တမ်းဌာနစိတ်မှ ဝန်ထမ်းများပါ ပါဝင်ဆောင်ရွက်တာပဲ ဖြစ်ပါတယ်။ အချက်အလက် စိစစ်ခြင်းဟာ ဦးနှောက်ကို အရောင်တင်ခြင်းပဲ ဖြစ်ပါတယ်။

## အစီရင်ခံစာ ထုတ်ပြန်ခြင်း

အစီရင်ခံစာ ထုတ်ပြန်ခြင်းကတော့ စစ်တမ်းရဲ့ အသက်ဖြစ်ပါတယ်။ ထုတ်ပြန်တာကိုလည်း အချက်အလက် သုံးစွဲသူတွေသိအောင် ပြုလုပ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ယခင်ကတော့ အစီရင်ခံစာ ရေးသားပေမဲ့ အခမ်းအနားနဲ့ လူသိအောင် ဆောင်ရွက်တာမျိုး မရှိခဲ့ပါဘူး။ ယခု မြန်မာနေထိုင်မှုအခြေအနေစစ်တမ်းမှာ အစီရင်ခံစာ (၄) မျိုး ထုတ်ပြန်မှာဖြစ်ပြီး ပထမဆုံးအနေနဲ့ အဓိကညွှန်ကိန်းများအစီရင်ခံစာကို အခမ်းအနားနဲ့ ထုတ်ပြန်ပြီးစီးခဲ့ပြီး ဆင်းရဲနွမ်းပါးမှု လေ့လာချက်အစီရင်ခံစာနဲ့ လူမှုစီးပွားအစီရင်ခံစာတွေကို အခမ်းအနားနဲ့ ဆက်လက်ဆောင်ရွက်ထုတ်ပြန်မှာဖြစ်ပါတယ်။ နည်းပညာဆိုင်ရာ အစီရင်ခံစာကတော့ သက်ဆိုင်ရာဆောင်ရွက်သူတွေ လုပ်ကိုင်ဆောင်ရွက်မှု နည်းလမ်းတွေကို သိရှိအောင် ထုတ်ပြန်တာဖြစ်တဲ့အတွက် အခမ်းအနားနဲ့ဆောင်ရွက်ဖို့ မလိုအပ်လို့ပါ။

နိဂုံးချုပ်ရရင်တော့ ယခုမြန်မာနေထိုင်မှု အခြေအနေစစ်တမ်းဟာ ယခင်က စစ်တမ်းများနဲ့ မတူဘဲ ဆွေးနွေးညှိနှိုင်းမှု ဆောင်ရွက်ချက် ကွာခြားခြင်း၊ အချိန်ကာလ ကွာခြားခြင်း၊ ကောက်ကွက်ကောက်ယူမှု ကွာခြားခြင်း၊ အထောက်အပံ့ ကွာခြားခြင်း၊ နည်းပညာ ကွာခြားခြင်း၊ ကွင်းဆင်းစစ်ဆေးမှု ကွာခြားခြင်းတို့ကြောင့် ယခင် စစ်တမ်းများနှင့်မတူ၊ ပြောင်းလဲကွာခြားသွားသော ထူးခြားတဲ့ ပထမဆုံး စစ်တမ်းဖြစ်ပါကြောင်း ဆောင်းပါး တစ်ပုဒ်အနေနဲ့ အကျဉ်းချုပ်ရေးသားတင်ပြလိုက်ပါတယ်။

# ဆက်သွယ်ပြောဆိုဆက်ဆံခြင်း (Communication) ဆိုင်ရာ နိယာမ

ညောင်တိုင် (ဗဟိုစာရင်းအင်းအဖွဲ့)




စာအရေးအသားဆိုတာကလည်း လူတစ်ယောက်ရဲ့ ခံစားချက် အတွေးအခေါ်တင်မကဘဲ အတွေ့အကြုံများမှလည်း စီးထွက်လာတာပါ။ ကျွန်မအနေနဲ့ ဒီတစ်လောအတွင်း ဘာကိုအဓိကအခက်အခဲအနေနဲ့ ရင်ဆိုင်ကြုံတွေ့နေရလဲဆိုတော့ ဆက်သွယ်ပြောဆိုဆက်ဆံခြင်း (Communication) ပါ။ လူရယ်လို့ဖြစ်လာလျှင် တစ်ဦးတစ်ယောက်တည်း ရပ်တည်၍မရဘဲ လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် နေ့စဉ်ဆက်သွယ်ပြောဆိုဆက်ဆံကြရပါတယ်။ မွေးကင်းစကလေးငယ်မှစပြီး မိခင်ကို သူနို့ဆာတဲ့အခါ အငိုနဲ့သူပျော်တဲ့အခါ အရယ်နဲ့စတဲ့ တစ်ဦးနဲ့တစ်ဦး နားလည်မှုတွေနဲ့ Communication ဖြင့်အဆင်ပြေပါတယ်။ အဲ့လိုပဲ တစ်ဦးတစ်ယောက်ချင်းမှ အိမ်ထောင်စု၊ အဖွဲ့အစည်း၊ နိုင်ငံတစ်နိုင်ငံ စသည်ဖြင့် နယ်ပယ် အလိုက် လိုအပ်ချက်တွေ၊ လုပ်ငန်းဆောင်တာတွေနဲ့ ရည်မှန်းချက်တွေ အောင်မြင်ပြည့်စုံဖို့ Communicationဆိုင်ရာ နိယာမ အမျိုးမျိုးနဲ့ နေ့စဉ်ဘဝကို ဖြတ်သန်းကြရပါတယ်။

လတ်တလောမှာ ကျွန်မက ကိုယ့်နိုင်ငံရဲ့ အစိုးရအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအကြား သတင်းအချက်အလက်တွေကို တရားဝင်အနေနဲ့အဖြစ် Emailအသုံးပြုပြီး ဆက်သွယ်ဆောင်ရွက်ပါတယ်။ အဲ့ဒီမှာ ဘာကိုတွေ့ကြုံရလည်းဆိုတော့ ကျွန်မတို့နိုင်ငံရဲ့ အစိုးရအဖွဲ့အစည်းတွေ အားလုံးနီးပါးက Emailနဲ့ Communication လုပ်တဲ့အခါမှာ သတင်းအချက်အလက်ရရှိကြောင်းကို တုံ့ပြန်မှု (Reply) မလုပ်ကြပါဘူး။ တစ်ဖက်အဖွဲ့အစည်းအနေနဲ့လည်း ပေးပို့တဲ့ Email လက်ခံရရှိကြောင်း အကြောင်းမပြန်တာက ပို့တဲ့စာ မရလို့လား/ တောင်းဆိုတဲ့ အချက်အလက်က မရနိုင်တာလား/ ခွင့်မပြုနိုင်တာလားစတဲ့ သို့လော သို့လောတွေ တွေးခေါ်တဲ့

အထိ ကြုံတွေ့ခဲ့ရပါတယ်။ အဲ့ဒီတော့ နောက်ထပ် ဖုန်းနဲ့ ဆက်သွယ်ဆောင်ရွက်ပြန်တော့ တစ်ယောက်ပြီး တစ်ယောက် လွှဲလိုက်တာ တာဝန်ရှိသူက ဘယ်သူမှန်းမသိ သတင်းအချက်အလက်တွေ အဆင့်ဆင့်အကြောင်းကြားခဲ့ရတဲ့အထိ ထပ်မံဆောင်ရွက်ခဲ့ရပြန်ပါတယ်။

အရင်ပို့ခဲ့တဲ့ Email ရယ်၊ နောက်ထပ်ဖုန်းနဲ့ Communication လုပ်တာရယ်က သတ်မှတ်တဲ့ရက်အထိ မထူးခြားပြန်တော့ နောက်တစ်ကြိမ် သတင်းအချက်အလက်ရရှိအောင် Email ကို ပို့တဲ့အခါ ဦးတည်ချင်တဲ့ ဆုံးဖြတ်ပေးနိုင်သော ပုဂ္ဂိုလ်အပြင် အခြား သက်ဆိုင်သူ ပုဂ္ဂိုလ်များကိုပါ တွဲပို့သော်လည်း တုံ့ပြန်မှု (Reply) က မရရှိခဲ့ပြန်ဘူး။ အဲ့တော့ နိုင်ငံတကာ အဖွဲ့အစည်းတွေကဖွံ့ဖြိုးဆဲနိုင်ငံတွေက လူအတော်များများမှာ နောက်ကျ တတ်တဲ့ အပြုအမူ (Late Manner) ရှိတယ်လို့ ဟာသအနေနဲ့ ပြောသော်လည်း ကျွန်မအနေနဲ့ တကယ်ခံစားခဲ့ရပါတယ်။ အစိုးရရုံး တော်တော်များများမှာ E mail လာရင် တုံ့ပြန်မှု (Reply) လုပ်ရမယ်ဆိုတဲ့ အလေ့အထ အသိပညာဗဟုသုတ (Awareness) အားနည်းကြပါတယ်။ ပြီးတော့ နိုင်ငံတကာ အဖွဲ့အစည်းကလာတဲ့ Email တွေကတော့ English ရေး သားထားတာနဲ့ လာမှာပါပဲ။ အဲ့တော့ ဘာသာရပ်ပိုင်းဆိုင်ရာ အားနည်းလို့လည်း ကြောက်ဖို့မဟုတ်ပါ။ အခုခေတ်က စာလက်ခံရရှိပါတယ်၊ ကျေးဇူးတင်ပါတယ်၊ မေးခွန်းများ မေးစရာရှိခဲ့ရင် အသိပေးခဲ့လို့ရပါတယ်စတဲ့ Auto Reply Words တွေပါပြီးသားပါ။ တကယ်တော့ မိမိတို့လုပ်ငန်း အောင်မြင်ချင်တယ်ဆိုရင် Communication ဆိုင်ရာ နိယာမကို နားလည် သဘောပေါက်ဖို့ပဲ လိုတာပါ။

Communication လို့ဆိုတဲ့ အခါမှာ သတင်းအချက်အလက်တွေကို စကားပြောဆိုခြင်း၊ စာရေးသားခြင်း၊ တစ်စုံတစ်ခုအသုံးပြု၍ ဆက်သွယ်ခြင်းတွေနဲ့ အပြန်အလှန်ဖလှယ်ခြင်း (သို့မဟုတ်) အခြေအနေတစ်ရပ်အား ဖန်တီးပေးခြင်းလည်းဖြစ်ပါတယ်။ အဲ့လို ဆက်သွယ် ပြောဆိုဆက်ဆံတဲ့ အခါမှာလည်း လူတစ်ယောက်နှင့် တစ်ယောက် (Face to Face) တိုက်ရိုက်ဆက်ဆံခြင်း (သို့မဟုတ်) တယ်လီဖုန်းလိုင်း/ မိုလ်ဘိုင်းဖုန်းနှင့် ကွန်ပျူတာများ ဖြင့် အင်တာနက်လိုင်းတို့နဲ့ ဆက်သွယ်တဲ့ ဂြိုလ်တုဖြင့် ဆက်သွယ်ခြင်း (Satellite Communications) တွေနဲ့ သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်ကြခြင်း ဖြစ်ပါတယ်။

Communication က ကျွမ်းကျင်လိမ္မာမှုစွမ်းရည် (Competencies) အတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါတယ်။ အဓိက ကျွမ်းကျင်လိမ္မာမှုစွမ်းရည် (Core Competencies) မှာ -

**Soft Skills**

- ဆက်သွယ်ပြောဆိုဆက်ဆံခြင်း စွမ်းရည် (Communication Skills)
- အတွက်အချက်တတ်ကျွမ်းသော စွမ်းရည် (Numeracy Skills)
- နည်းပညာ စွမ်းရည် (IT Skills)
- မည်သို့မည်ပုံလေ့လာရမည်ကို သင်ယူခြင်းစွမ်းရည် (Learning How to Learn)
- ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်သော စွမ်းရည် (Problem-solving Skills)
- အခြားသူများနှင့် အတူတကွဆောင်ရွက် လုပ်ကိုင်နိုင်သော စွမ်းရည် (Working with Others)
- ဘာသာရပ်ဆိုင်ရာတစ်ခုကို တိကျစွာ သိနားလည်သော ကျွမ်းကျင် လိမ္မာမှု စွမ်းရည် (Subject - specific Competencies)

**Hard Skills**

- လက်တွေ့လုပ်ငန်း/ သင်ခန်းစာဆိုင်ရာ ဗဟုသုတ (Practice Work/Course Knowledge)
- လက်တွေ့လုပ်ငန်း/ သင်ခန်းစာဆိုင်ရာ စွမ်းရည် (Practice Work/ Course Skills) စသည့် အချက်အလက်များကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လူတစ်ဦးတစ်ယောက်ချင်းစီ / အဖွဲ့အစည်းတစ်ခု / နိုင်ငံတစ်နိုင်ငံ အောင်မြင်ဖို့ အောက်ပါ Competencies အခြေခံလိုအပ်ပါတယ်။

(၁) ဆက်သွယ်ပြောဆိုဆက်ဆံခြင်း (Communication)

(၂) ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲခြင်း (Leadership & Management)

(၃) အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ခြင်း (Career Development)
(၄) လုပ်ငန်းနယ်ပယ်ဆိုင်ရာ သုတေသနပြုစု ဆောင်ရွက်၍ တာဝန်ယူခြင်း (Responsible Conduct of Research)
(၅) တစ်ဦးတစ်ယောက်ချင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ခြင်း (Personal Development)
(၆) မိမိတတ်သိပညာရပ်များကို သင်ကြားပေးခြင်း (Teaching)

မိမိတို့လုပ်ငန်းအဖွဲ့အစည်းတစ်ခု ထိရောက်သော အောင်မြင်မှုရရှိရန်အတွက် ဆက် သွယ်ပြောဆိုဆက်ဆံခြင်း စွမ်းရည် (Communication Skills)၊ ကွန်ပျူတာ စွမ်းရည် (Computer Skills)၊ စုပေါင်းလုပ်ကိုင်ဆောင်ရွက်ခြင်း (Teamwork)၊ အကောင်းမြင် သဘောထားအမြင်ဖြင့် တစ်သဘောတည်းဖြစ်ခြင်း (Positive Attitude) နှင့် မိမိ စိတ်ကြိုက် ဆန္ဒအလျောက် ဆောင်ရွက်ခြင်း (Electives) စသည့် တီထွင်ဖန်တီးနိုင်သောတန်ဖိုး (Creating Value) များအား လုံးဝဥဿုံ မမိုတ်မသုန် တစိုက်မတ်မတ်ဖြင့် ချဉ်းကပ်နည်း (Holistic Approach)နဲ့ဆောင်ရွက်သွားရမည်ဖြစ်ပါတယ်။

**ဆက်သွယ်ပြောဆိုဆက်ဆံခြင်း စွမ်းရည် (Communication Skills)** တွင် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်ခြင်း၊ အများနှင့်ဆက်ဆံပြောဆိုမှု (Public Speaking) ကျွမ်းကျင်ခြင်း၊ အချိန်တိုတိုအတွင်း ထိမိသော အချက်အလက်များ တင်ပြနိုင်မှု (Presentation) ကျွမ်းကျင်ခြင်း၊ စေ့စပ်ဆွေးနွေးမှု (Negotiation) ပါးနပ်ကျွမ်းကျင်ခြင်း နှင့် အချင်းချင်းဆက်ဆံမှုဆိုင်ရာ (Interpersonal) ကျွမ်းကျင်ခြင်းစသည်တို့ပါဝင်တယ်။

**ကွန်ပျူတာ စွမ်းရည် (Computer Skills)** တွင် Internet Explorer-IE Software ဆိုင်ရာ ပညာရပ်များ၊ စာရင်းအင်း (Statistics) ပညာရပ်၊ Advance Excel ၊ Advance Power Point၊ Database နှင့် Website ဆိုင်ရာ ပညာရပ်များ ကျွမ်းကျင်ခြင်းတို့ပါဝင်ပြီး ယင်းတို့အား တိုးတက်လာသော ခေတ်နှင့်အညီ Updates လိုက်ပါ မြှင့်တင်ရမည်ဖြစ်ပါတယ်။

**စုပေါင်းလုပ်ကိုင် ဆောင်ရွက်ခြင်း (Teamwork)** တွင် ခေါင်းဆောင်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ အတွေ့အကြုံ (Leadership and Organizational Experience) မှ ရရှိသည့် ကျွမ်းကျင်မှုသည် လုပ်ငန်းပြီးမြောက်အောင်မြင်ရန် အဓိကမောင်းနှင်သောယန္တရားဖြစ်ပါတယ်။

**အကောင်းမြင်သော သဘောထားဖြင့် တစ်သဘောတည်း ဖြစ်ခြင်း (Positive Attitude)** တွင် လုပ်ငန်းကျင့်ဝတ် (Work Ethic)၊ အကောင်းမြင် စဉ်းစားတွေးခေါ်ခြင်း (Positive Thinking) ပြဿနာကို အကောင်းဆုံး ဖြေရှင်းနိုင်ခြင်း (Problem Solving) နှင့် မိမိနှင့်ဆက်ဆံသော တခြားသူ/ Customer အား စိတ်ကျေနပ်မှုပေးနိုင်ခြင်း (Satisfaction) နှင့် အပြင်ပန်းသွင်ပြင်ရုပ်သဏ္ဍာန် (Appearance) အားဖြင့်လည်း ကောင်းမွန်ခြင်း စသည်တို့ ပါဝင်ပါတယ်။

**မိမိစိတ်ကြိုက် ဆန္ဒအလျောက်ဆောင်ရွက်ခြင်း (Electives)** သည် ကျွမ်းကျင်လိမ္မာမှု စွမ်းရည်များ (Competencies) ကိုအခြေခံ၍ ဆက်လက်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် Future Career လည်း အောင်မြင်မှုများဖြင့် လှပဝေဆာလာမည်ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ မူဝါဒတွေ အရေးကြီးသလို Soft Infrastructure နဲ့ Hard Infrastructure ဖွံ့ဖြိုးတိုးတက်လာခြင်းတို့က နိုင်ငံတော်အစိုးရပေါ်မှာ မူတည်သကဲ့သို့ လူတစ်ဦးတစ်ယောက်ချင်းစီကလည်း ဆက်သွယ်ပြောဆိုဆက်ဆံခြင်း (Communication) ဆိုင်ရာ နိယာမ သိရှိနားလည်ရန် လိုအပ်တဲ့အပြင် ကျွမ်းကျင်လိမ္မာမှု စွမ်းရည်များ (Competencies) ပြည့်ဝစေရန် ဖြည့်ဆည်းဆောင်ရွက်သွားနိုင်ကြပါရန် စေတနာဖြင့် အကြံပြုတိုက်တွန်းရေးသားလိုက်ရခြင်းဖြစ်ပါတယ်။

*မှတ်ချက်။ စာရေးသူ တွေ့ကြုံခဲ့ရသည့် အခက်အခဲ အတွေ့အကြုံများနှင့် အင်တာနက် အချက်အလက်များအား ပေါင်းစပ်၍ စာရေးသူမှ စေတနာဖြင့် အကြံပြုရေးသား တင်ပြခြင်း ဖြစ်ပါတယ်။*

# ပင်စင်ခံစားခွင့်နှင့် နိုင်ငံတော်ဘဏ္ဍာချေတာရေး

|ဒေါက်တာညီ|

## နိဒါန်း

စာရေးသူတို့ မြန်မာနိုင်ငံမှာ ပင်စင်ခံစားခွင့်လို့ဆိုလိုက်တာနဲ့ အရင်ခေတ်အခေါ် အစိုးရဝန်ထမ်းတွေ ယခုအခေါ် ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းတွေအတွက် နာမကျန်းပင်စင်၊ သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင် စသည်ဖြင့် လက်ရှိအလုပ်အကိုင်ကနေ အနားယူပြီးနောက်ပိုင်း အသက်ဆုံးပါးပြီး မိသားစုအထိ နိုင်ငံတော်က ချီးမြှင့်ပေးတဲ့ လစဉ်ခံစားပိုင်ခွင့်လို့ စာဖတ်သူတို့ လက်တန်းမြင်မိကြမှာပါ။ မေလဝန်းကျင်လောက်က လူမှုကွန်ရက်ပေါ်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးရဲ့ ပြောကြားခဲ့သည်ဆိုသော ပင်စင်လစာကြောင့် နိုင်ငံတော်ရဲ့ ဘတ်ဂျက်အတော်များများ ကုန်ကျနေတဲ့ပို့စ်က အတော်လေးပျံ့နှံ့ခဲ့တာမို့ အများစု သိပြီးဖြစ်ပါလိမ့်မယ်။ ဒါဆိုရင် နိုင်ငံတော်ဘဏ္ဍာကို ချေတာနိုင်ဖို့ ဘယ်လိုလုပ်ကြမလဲဆိုတာ နှစ်ကာလကြာရှည် ဖြစ်ပေါ်နေတဲ့ ပုစ္ဆာ တစ်ပုဒ် ဆိုတာ လူတိုင်းအသိပါ။ ဥရောပနိုင်ငံအတော်များများမှာလည်း လတ် တလော ကြုံတွေ့ နေရတဲ့ ကုန်ဈေးနှုန်းကြီးမြင့် မှုနှင့်အတူ ပင်စင်လစာမလုံလောက်မှုနှင့် သက်ကြီးရွယ်အို များပြားလာမှု ပြဿနာတွေက နိုင်ငံတွေအတွက် အတော်အခက်တွေ့နေတာလည်း ဖြစ်ပါတယ်။

စာရေးသူအနေနဲ့ကတော့ ခုဆောင်းပါးကနေ လက်တွေ့ အကောင်အထည်ဖော် သင့်တဲ့ အချက်လေးတွေကို တင်ပြပြီး နိုင်ငံအတွက် အထောက်အကူဖြစ်စေနိုင်ဖို့ ရည်ရွယ်ပါတယ်။ နိုင်ငံတော်/အစိုးရအနေနဲ့လည်း အပြုသဘော ခြေလှမ်းတွေကို စတင်လိုက်ပြီဖြစ်ပြီး ဝန်ထမ်းအဖွဲ့အစည်းတွေ နောင်ရေးစိတ်အေးစေမည့် အစီအစဉ်တွေလည်း မကြာခင်ထွက်ရှိလာတော့မှာလည်းဖြစ်ပါတယ်။



တစ်ခါတစ်ရံမှာ ပုစ္ဆာတွေက အဖြေရှိပေမဲ့ အကောင်အထည်ဖော်ရတဲ့ သူတွေအဖို့ ခက်ခဲမှုတွေ၊ လူမှုရေးဆန္ဒပြမှုတွေ၊ စိန်ခေါ်မှုများစွာ ရှိနေနိုင်တာလည်း ဖြစ်ပါတယ်။ စာရေးသူတင်ပြချက်တွေက စာရေးသူဟာ ပြည်သူတစ်ယောက်အနေနဲ့ တင်ပြခြင်းသက်သက်ဖြစ်ပါတယ်။ စာရေးသူက ဒီအပိုင်းမှာ ကျွမ်းကျင်တဲ့ပညာရှင်တစ်ယောက်မဟုတ်တဲ့အတွက် အမြင်ကျဉ်းတဲ့ အတွေးအခေါ်မျိုးတွေ ပါဝင်ခဲ့မည်ဆိုရင် စာရေးသူရဲ့ နိုင်ငံအတွက် စေတနာကိုမြင်ပြီး အပြုသဘောဆောင် ခွင့်လွှတ်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

## ပင်စင်စားများနှင့် ခေတ်ကာလအနေအထား

ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းတွေအဖို့ ဝန်ထမ်းဥပဒေများနှင့်အညီ ဝန်ထမ်းကာလ လုပ်ကိုင်ခဲ့ကြပြီး အခြေအနေအရပ်ရပ်အရ နာမကျန်းပင်စင် / လုပ်သက်ပြည့်ပင်စင် / သက်ပြည့် ပင်စင် စသဖြင့် ပင်စင်ခံစားခွင့်ကို ယေဘုယျအားဖြင့် အသက် ၆၀ နှစ်ပြည့်ရင် ပင်စင်ယူဖို့ သတ်မှတ်ထားချက်ကို စာဖတ်သူတို့ သိရှိကြပြီးဖြစ်မှာပါ။ ဝန်ထမ်းလုပ်နေစဉ် ကာလတွေမှာလည်း ရတဲ့လစာနှင့် မိသားစုဘဝ ခြိုးခြံချွေတာသုံးစွဲပြီး နိုင်ငံတော်က နေဖို့ပေးထားတဲ့ ဝန်ထမ်းအိမ်ရာတွေမှာ နေထိုင်ရင်း နပျိုတဲ့ဘဝများကို စိတ်နှစ်ဖြတ်ကျော်ခဲ့ကြရပါတယ်။ စာရေးသူတို့ ငယ်စဉ်ကနေ ခုအသက်အရွယ်အထိ ပင်စင်ယူပြီးလို့ နေထိုင်စရာအိုးအိမ်မရှိတဲ့ မိသားစုပင်စင်စားကြီးတွေ ပင်စင်လစာ အနည်းငယ်နဲ့ အသက်အရွယ် အိုမင်းလို့ နာမကျန်းဖြစ်လာတဲ့အခါ ဆေးကုသစရိတ် မတတ်နိုင်တာတွေ သားသမီးတွေ လောက်လောက်လားလားမရှိလို့ လမ်းဘေးရောက်သူတွေ အများအပြားကို တွေ့မြင်နေခဲ့ရပါတယ်။ နပျိုပြီးလုပ်ကိုင်နိုင်တဲ့အချိန်မှာ နိုင်ငံအတွက် တစ်တပ်တစ်အားလုပ်ကိုင်ရင်း ဘဝရှေ့ရေးကို မပြင်ဆင်နိုင်ခဲ့ကြသူတွေက စာရေးသူ အမြင်အရ ၇၀ ရာခိုင်နှုန်းဖြစ်မည်ထင်ပါတယ်။

နိုင်ငံကြွယ်ဝချမ်းသာမှုက ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းတွေ နောင်ရေးစိတ်အေးကြဖို့၊ အာမခံရှိတဲ့ဘဝတွေ ရရှိကြစေဖို့ကို အများကြီးသက်ဆိုင်နေတယ်လို့ ခံစားရပါတယ်။ ချမ်းသာတဲ့နိုင်ငံတွေမှာ အသက် ၇၅ နှစ်ဆိုတဲ့အသက်ဟာ တက်တက်ကြွကြွအလုပ်လုပ်ကိုင်နေကြတုန်းဖြစ်ပါတယ်။ အသက် ၆၅ နှစ်မှ ပင်စင်ခံစားခွင့်ပြုတဲ့ နိုင်ငံတွေလည်း အများအပြားပါပဲ။ ဘဝအာမခံချက်ဆိုတာမှာ သေချာတဲ့ အနာဂတ်ရှိရမှာဖြစ်ပြီး အိုမင်းမစွမ်းတဲ့ အချိန်ရောက်လာတဲ့အခါ နားမကျန်းရင် ဆေးကုပေးဖို့၊ နေစရာမရှိရင် နေစရာရှိဖို့၊ ပြုစုသူမရှိရင် ပြုစုသူငှားရမ်းနိုင်ဖို့ လုံလောက်တဲ့ အာမခံစနစ်တွေ နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးထားတာမျိုးတွေကို ခံစားရရှိနိုင်ကြဖို့ လိုအပ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာဆိုရင် ဝန်ထမ်းမှ မဟုတ်ပါဘူး၊ နိုင်ငံသားတိုင်းဟာ နာမကျန်းဖြစ်တဲ့အခါ ကျန်းမာရေးအတွက် ခံစားပိုင်ခွင့်၊ နေထိုင်စရာမရှိရင် အချိုးကျ ပေးဆပ်စနစ်နဲ့ နေထိုင်ဖို့ အိမ်ရာခံစားပိုင်ခွင့်၊ သားသမီးတွေရဲ့ ပညာရေးအတွက် ထောက်ပံ့ပေးမှုတွေကို စနစ်တကျစီစဉ်ပြီး နိုင်ငံအကျိုးမတွန့်မဆုတ် လုပ်ကိုင်နိုင်ဖို့ ဆောင်ရွက်ပေးထားကြပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ သိပ်မတွေ့ရပေမဲ့ ကွန်မြူနစ်စနစ်ကျင့်သုံးတဲ့ နိုင်ငံတွေမှာတော့ ဝန်ထမ်းတွေအတွက် နောင်ရေးစိတ်အေးစေမည့် အစီအစဉ်တွေ၊ ထောက်ပံ့မှုကောင်းတွေကို အစိုးရက စီစဉ်ပေးထားတာကို တွေ့ကြရပါတယ်။

စာရေးသူတို့မြန်မာနိုင်ငံမှာလည်း အစိုးရအဆက်ဆက် ပြည်သူ့ဝန်ထမ်းတွေ အဆင်ပြေစေဖို့အတွက် နည်းလမ်းမျိုးစုံနှင့် ထောက်ပံ့ပေးရေး အစီအစဉ်တွေ ချထားလုပ်ဆောင်ခဲ့တာ တွေ့ကြရမှာပါ။ ဒါပေမဲ့လည်း အဆမတန်ကြီးမြင့်လာတဲ့ ကုန်ဈေးနှုန်းနှင့် လူမှုစီးပွားအခြေအနေတွေက အသက်အရွယ်ကြီးရင့်ပြီး ပင်စင်လစာ တစ်ခုတည်းကို မှီခိုနေရတဲ့ ဝန်ထမ်းဟောင်းများအဖို့ အသက်ရှူမချောင်ဘဲ ရန်းကန်ရပ်တည်နိုင်မှု အတော်ခက်ခဲနေတဲ့ အခြေအနေ ဖြစ်ပါတယ်။ အစိုးရအနေနဲ့ ပင်စင်စားများ လက်ရှိကုန်ဈေးနှုန်းနှင့်အညီ လုံလုံလောက်လောက် နေထိုင်နိုင်ဖို့အတွက် လက်ရှိဝန်ထမ်းတွေကို လစာတိုးပေးတိုင်း ပင်စင်လစာတွေကိုလည်း ထပ်တိုးချီးမြှင့်ပေးပြီး လက်ရှိအနေအထားကာမိအောင် စီစဉ်ပေးနေပေမဲ့ ယခုအချိန်ထိတော့ လုံလောက်တဲ့ အနေအထားကို မရောက်ရှိသေးတာကို တွေ့ကြရမှာပဲဖြစ်ပါတယ်။ ယနေ့အချိန်ထိပိုးသာကုန် မောင်ပုံစောင်းမတတ် အခြေအနေမျိုးပါ။

နိုင်ငံတော်ဘဏ္ဍာလည်းကုန်ကျ ပင်စင်စားမိသားစုတွေလည်း စားဝတ်နေရေးကျပ်တည်းတဲ့ အနေအထားလို့ပဲ ဆိုရမှာပါ။

## အဖြေရှာကြည့်ကြမလား

ဝန်ထမ်းများ ပင်စင်ခံစားပြီးအချိန်မှာ ပထမဆုံး ရင်ဆိုင်ရတဲ့ ပြဿနာကတော့ နေစရာ ရရှိရေးဖြစ်ပါတယ်။ ဝန်ထမ်းကာလတစ်လျှောက်လုံး နိုင်ငံတော်ကပေးတဲ့ အိုးအိမ်တွေမှာ နေထိုင်ရွှေ့ပြောင်းရင် ဘဝကို မရပ်မနား ခရီးဆက်ခဲ့ကြတာမို့အခြေတကျနေထိုင်ဖို့ နေရာ သတ်သတ်မှတ်မှတ် မရှိခဲ့ကြပါဘူး။ ရာထူးခံစားခွင့်မယူဘဲ တစ်နေရာတည်းမှာ အခြေတကျ နေချင်ကြတဲ့ ဝန်ထမ်းတွေလည်း အများအပြားရှိမှာပါ။ ဘဝရပ်တည်မှုအတွက်၊ သားသမီး ပညာရေးအတွက် အားလပ်ချိန်မှာ အပြင်အလုပ်ကလေးတွေပါ တွဲပြီး လုပ်ကိုင်နေကြရသူတွေလည်း အများအပြားပါ။ လစာတစ်ခုတည်းပေါ် မှီတည်ပြီး ရရစားစား နေထိုင်ခဲ့တဲ့ ဝန်ထမ်း မိသားစုတွေအဖို့ နေထိုင်စရာ အိမ်ခန်းက ဘယ်မှာရှိပါမည်နည်း။ အချို့ရာထူးကြီးကြီးတွေတောင် ပင်စင်ခံစားပြီး နေထိုင်စရာမရှိလို့ ပင်စင်ယူပြီးကာလအတွက် ကြိုတင်ပြင်ဆင်နိုင်ဖို့ နိုင်ငံတော် ကပေးထားတဲ့ ခွင့်ကြီးလေးလကာလမှာတောင် မစီစဉ်နိုင်ကြလို့ ဆက်လက် နေထိုင်ခွင့် တင်ကြရတဲ့အဖြစ်က တကယ်တော့ ရင်နာစရာပါ။ ပင်စင်ယူပြီး ထုတ်ပေးတဲ့ ခံစားခွင့် (ကရက်ဂျူတီ) ကလည်း တိုက်ခန်းတစ်ခန်းဝယ်နိုင်အောင် လုံလောက်တဲ့ ပမာဏလည်း မဟုတ်ပြန်ပါဘူး။ လက်ရှိ တန်ဖိုးနည်းအိမ်ရာတွေကလည်း အရစ်ကျစနစ်နဲ့ ပေးချေရမယ်ဆိုရင်တောင် ထမင်းစားဖို့အတွက်က ကျန်ရှိနေပါသေးတယ်။ ပင်စင်ယူပြီးတာတောင် မနားမနေ အလုပ်ဆက်လုပ်ပြီး ရုန်းကန်နေရသူတွေလည်း ဒုနဲ့ဒေးပါ။ တောင်ကိုရီးယားနိုင်ငံသားတွေ ပင်စင်ခံစားပြီး ရတဲ့ ပင်စင်ငွေနဲ့ ကမ္ဘာပတ်ပြီး အပန်းဖြေ လေ့လာရေးခရီးတွေ ထွက်နေကြတာကိုလည်း တွေ့မြင်နေရပါတယ်။ နိုင်ငံရဲ့ လူမှုစီးပွား အဆင်ပြေနေရင် အလိုလိုပဲ ဝန်ထမ်း တွေဘဝ သာမက နိုင်ငံသားတွေအတွက်ပါ အဆင်ပြေစေတာပါ။ အသက်အရွယ်ရလာချိန်မှာ ကိုယ်တိုင်ကလည်း အလုပ်ကို သေချာမလုပ်နိုင်ဘဲ လူမှုဘဝနေထိုင်မှု ခက်ခဲလာချိန်မှာ အသက်ရှင်ရပ်တည်ဖို့ ခက်ခဲလာကြရတဲ့အခါ ပင်စင်စားများအဖို့ နုပျိုလုပ်ကိုင်နိုင်ချိန်မှာ နိုင်ငံအတွက် မြှုပ်နှံထားခဲ့ကြ ရသလောက် ယခုအချိန်မှာ ဝမ်းနည်းစိတ်ပျက်အားငယ်မိကြမှာ အမှန်ပါပဲ။ ဒါဆိုစာဖတ်သူတို့ဘယ်လိုအဖြေရှာသင့်ပါသလဲ။ အသက်ကြီးလာလို့ မလုပ်ကိုင်နိုင်တဲ့အချိန် ပင်စင်လေးရနေရင် လစဉ်ဝင်ငွေလေးရှိလို့ တော်သေးဆိုပြီး ဝန်ထမ်းဘဝကို မနှစ်သက်ဘဲ ဝင်ရောက်လုပ်ကိုင်နေရသူများအဖို့ တကယ်တမ်း နိုင်ငံတော်အပေါ် စေတနာထားအလုပ်လုပ်ဖို့ဆိုတာကလည်း တစ်ပန်းရှုံးပြီးသားလို ဖြစ်နေပြန်ပါတယ်။

လက်ရှိဝန်ထမ်းဘဝမှာ နိုင်ငံတော်က နေစရာရှိအောင် မြေနေရာချထားပေးခြင်း စသည် အခွင့်အရေးများ ပေးလင့်ကစား လက်ရှိလူမှုစီးပွားအခြေအနေအရ လက်ထဲတွင် ဆုပ်ကိုင်ထား နိုင်ခြင်းမရှိကြသည့် ဝန်ထမ်းက ၉၀ ရာခိုင်နှုန်းထက် ပိုမိုပေသည်။ လတ်တလော ကြုံနေရသည့် ဝမ်းရေးသည်သာ ပထမဖြစ်သည့်အတွက် အဆင်ပြေအောင် ဖန်တီးဖြေရှင်းလိုက်ကြရသည့်အတွက် နောင်ရေးကိုပင် မတွက်ဆနိုင်ခဲ့ကြပေ။ အစိုးရအဆက်ဆက် ပင်စင်စားဘဝ အဆင်ပြေနိုင်ရေးအတွက် နည်းမျိုးစုံ ဖန်တီးပေးခဲ့ကြပေမဲ့ လက်တွေ့မှာ အလုပ်မဖြစ်ခဲ့ကြတာကိုလည်း တွေ့ရှိကြရပါတယ်။ စာရေးသူတို့ ဘယ်လိုဖြေရှင်းကြမလဲဆိုတာ ဝိုင်းကူ အဖြေရှာကြရအောင်လား။

နိုင်ငံတကာမှာ ကျင့်သုံးကြတဲ့ လက်ရှိအလုပ် လုပ်ကိုင်နိုင်ချိန်မှာ လစာဝင်ငွေရဲ့ ၅ ရာခိုင်နှုန်းကို စုဆောင်းငွေအဖြစ် နိုင်ငံတော်မှာ စုဆောင်းပြီး နိုင်ငံတော်ဘက်ကလည်း ဝန်ထမ်း တစ်ဦးစီအတွက် ရာနှုန်းသတ်မှတ်ချက်တစ်ခုနဲ့ ရာထားသတ်မှတ်ပြီး စုဆောင်းထားရှိပြီး ပင်စင်ယူချိန်မှာ နေထိုင်ရေးနှင့် ကျန်းမာရေးစရိတ်၊ စားဝတ်နေရေးစရိတ်များ ထောက်ပံ့ခြင်းမျိုးကို ကျင့်သုံးကြရင် ကောင်းမလားဆိုတာ ပညာရှင်အတော်များများက စာရေးသူတို့ မမွေးခင်ကတည်းက အကြံပေးခဲ့ကြပေမဲ့ ယနေ့ အချိန်ထိ လက်တွေ့အကောင်အထည် မဖော်နိုင်ကြ သေးပါဘူး။

နောက်စဉ်းစားလို့ရတဲ့ အချက်ကတော့ နိုင်ငံတော်အစိုးရက အလုပ်ရှင်၊ ဝန်ထမ်းတွေက အလုပ်သမား

များအဖြစ် လူမှုဖူလုံရေးဝင်ပြီး စုဆောင်းတဲ့စနစ်နဲ့ အလုပ်သမားဆေးရုံများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလုပ်သမားခံစားခွင့် တွေဖြစ်အောင် ဖန်တီးကြမလားဆိုတဲ့ အချက်ပါ။ လက်တွေ့မှာတော့ အလုပ်မဖြစ်ပြန်ပါဘူး။

အုပ်ချုပ်ရေးပိုင်းက အမြင်အရကြည့်ရင် ဝန်ထမ်းအသစ်တွေ ခန့်ထားခြင်းက နိုင်ငံတော် ဘဏ္ဍာကို ဖြုန်းတီးရာကျနေတာမို့ ဥပမာပြောရရင် ပင်စင်ခံစားခွင့် ပေးနေရတာမို့ ဒါမျိုးတွေခြိုးခြံချွေတာနိုင်ဖို့ဆိုရင် ဝန်ထမ်း အသစ်တွေ မခန့်ထားတော့ဘဲ ဥပမာ လုံခြုံရေးဝန်ထမ်း၊ သစ်ပင်ပန်းမာန် စောင့်ရှောက်တဲ့ဝန်ထမ်းတွေ ခန့်ထားမှု လျှော့ချပြီး အပြင်ကုမ္ပဏီတွေကို ငှားရမ်းအသုံးပြုခြင်းက ပင်စင်လစာခံစားခွင့် ပေးစရာမလိုဘဲ နိုင်ငံတော်ဘဏ္ဍာကို ချွေတာရာရောက်ပြီး ပိုအလုပ်ဖြစ်တယ်ဆိုတဲ့ အတွေးအခေါ် အယူအဆတွေကလည်း လုပ်သင့်တဲ့ အလုပ်ဖြစ်ပေမဲ့ အကောင်အထည်ဖော်ဖို့ တွေးဆစရာ အတော်များများရှိနေပြန်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအတွက်လည်း နိုင်ငံတော်မှာ တာဝန်ရှိနေပြန်ပါတယ်။ ဒါပေမဲ့ ပင်စင်လစာပေးပြီး ကုန်ကျမှုများနေတဲ့ နိုင်ငံတော်ဘတ်ဂျက်အနေနဲ့ ဒီနည်းလမ်းက ပိုမို အလုပ်ဖြစ်မယ်လို့ မျှော်လင့်မိပါတယ်။ ဆိုလိုတာကတော့ ရုံးလုပ်ငန်းလုပ်တာမဟုတ်တဲ့ လုံခြုံရေးလို နေရာမျိုးတွေကတော့ ပင်စင်လစာပေးရမည့် ဝန်ထမ်းတွေခန့်ထားတာထက်စာရင် အခုအစီအစဉ်က သင့်တော်ပေမဲ့ ရုံးဝန်ထမ်းငယ်တွေ/အသစ်တွေဆက်လက်မခန့်ထားဘဲ အပြင်အပ်လို့လည်း မသင့်တော်ပြန်ပါဘူး။ အချို့နည်းလမ်းတွေဆိုတာ သင့်တော်သလိုအသုံးပြုသင့်လှပါတယ်။

ယခုအချိန်မှာ နိုင်ငံတော်အစိုးရက စင်ကာပူနိုင်ငံကို ဥပမာယူပြီး ဝန်ထမ်းတွေ ပင်စင်ယူပြီးချိန်မှာ နေထိုင်နိုင်ဖို့ အိမ်ရာတွေကို တည်ဆောက်ပေးနေပြီလို့ ကြားသိရပေမဲ့ ပင်စင်စားတွေအကုန်လုံး နေထိုင်ဖို့ ပေးနိုင်တဲ့ အနေအထားကတော့ လက်တွေ့မမြင်ရသေးပါဘူး။ လက်ရှိအသစ်ခန့်ထားတဲ့ ဝန်ထမ်းတွေအတွက်ရော၊ လက်ရှိဝန်ထမ်းတွေအတွက်ပါ နောင်ရေး စိတ်အေးအေးနဲ့ အလုပ်လုပ်ကိုင်နိုင်ပြီး နိုင်ငံတော် ဘဏ္ဍာကိုလည်း အကုန်အကျသက်သာအောင် ဘယ်လိုလုပ်ဆောင်သင့်ကြသလဲဆိုတာ အဖြေတွေကတော့ ဆက်လက်ရှာကြရမှာပါ။

စာရေးသူတို့နိုင်ငံမှာ ပင်စင်စားအဖြစ် ရပ်တည်ပြီးဖြစ်ပေမဲ့ ပြည်သူ့ဝန်ထမ်း/နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ယူနေသူတွေလည်း ရှိနေပြန်တဲ့အတွက် ချမှတ်မည့် ပင်စင် ပေါ်လစီတွေဟာ နိုင်ငံသားတိုင်း လက်ခံနိုင်ပြီး ဝန်ထမ်းတိုင်းအကျိုးရှိစေဖို့လည်း လိုအပ်နေတာဖြစ်ပါတယ်။

လက်ရှိအစိုးရအနေနဲ့ စာရေးသူ ခုဆောင်းပါးရေးနေစဉ်အတွင်းမှာပဲ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီကို အဖွဲ့ဝင် ၁၄ ယောက်နဲ့ ဖွဲ့စည်းခဲ့ပြီဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော်နိုင်ရင်ဖြင့် နောင်ကာလတွေမှာ ပင်စင်ယူကြမည့် ဝန်ထမ်းအဖွဲ့အစည်းတွေအတွက် အားတက်စရာတစ်ခုဖြစ်လာမှာ အသေအချာပါပဲ။

**နိဂုံး**

အသက်အရွယ်ကြီးရင့် လာတဲ့ နှင့် အမှျ သားထောက်သမီးခံ မရှိကြတဲ့ ပင်စင်စား ဝန်ထမ်းများအဖို့ ရရှိတဲ့ ပင်စင်လစာနဲ့ လူမှုစီးပွားရပ်တည်နိုင်ဖို့ဆိုတာ အင်မတန် ခက်ခဲနေတဲ့ အနေအထား ဖြစ်နေသလို နိုင်ငံတော်မှာလည်း ပင်စင်လစာ ချီးမြှင့်ငွေများအတွက် ဝန်ထုပ်၊ ဝန်ပိုးဖြစ်စေတာကလည်း အမှန်ပဲဖြစ်ပါတယ်။ တကယ်တော့ နှစ်ဖက်အကျိုးရှိစေမည့် ပင်စင် ပေါ်လစီနှင့် ဥပဒေတွေကလည်း ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်ဖို့လည်း လိုအပ်နေပြီ ဖြစ်ပါတယ်။ စာရေးသူအနေနဲ့ တိုက်တွန်းလိုတာကတော့ နိုင်ငံ့ဝန်ထမ်းတွေ စိတ်ဖြောင့်ဖြောင့်နဲ့ နိုင်ငံတော်အလုပ်တွေကို လုပ်ကိုင်နိုင်ပြီး နောင်ရေး မပူပင်ရအောင် ဖန်တီးပေးဖို့နဲ့ နိုင်ငံတော်အတွက်လည်း နိုင်ငံ့ဘဏ္ဍာ ချွေတာနိုင်ဖို့ စနစ်ကောင်းတွေကို အမြန်ညှိနှိုင်းအဖြေရှာ အကောင်အထည်ဖော်ပေးစေလိုပါကြောင်းနှင့် ခေတ်အဆက်ဆက်က အကောင်အထည်ဖော်ဖို့ တွန့်ဆုတ်ခဲ့ကြသော ပင်စင်စားတို့ နောင်ရေး မပူပင်ကြရစေဖို့ လက်ရှိနိုင်ငံတော်အစိုးရရဲ့ ကနဦး ခြေလှမ်းများနှင့် နောင်လာမည့် ခြေလှမ်းတိုင်းအတွက် ကြိုဆိုပါကြောင်းတင်ပြရင်း နိဂုံးချုပ်လိုက်ရပါတယ်။

# EU GSP နှင့် မြန်မာနိုင်ငံ



|မြန်မာသူဇာ|

## နိဒါန်း

၁။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဈေးကွက်သို့ အလွယ်တကူ ဝင်ရောက်နိုင်စေရန်နှင့် အဆိုပါနိုင်ငံများ၏ ပို့ကုန်ဝင်ငွေ မြင့်မားကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်ပေးသော အစီအစဉ်ဖြင့် ခွင့်ပြုပေးလျက်ရှိပါသည်။ Generalized Scheme of Preferences (GSP) စနစ်သည် ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်သွင်းလာသောကုန်စည်များကို အကောက်ခွန်ကင်းလွတ်ခွင့် / သက်သာခွင့်ပေးသည့် စနစ်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထဲတွင် ပါဝင်နေသည့်အတွက် အဆိုပါအခွင့်အရေးများကို ရရှိလျက်ရှိပါသည်။

## GSP စနစ်ပေါ်ပေါက်လာပုံ

၂။ ၁၉၆၄ ခုနှစ်တွင်ကျင်းပသည့် ပထမအကြိမ် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာညီလာခံ (United Nations Conference on Trade and Development-UNCTAD) မှစတင်၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်များကို ကမ္ဘာ့ဈေးကွက်သို့ အထူး သဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဈေးကွက်သို့ အလွယ်တကူ ဝင်ရောက်နိုင်စေရန်နှင့် အကောက်ခွန်အခွင့်အရေးများပေးရန် အလေးထား ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ၁၉၆၈ ခုနှစ်တွင် နယူးဒေလီမြို့၌ ကျင်းပသော ဒုတိယအကြိမ်မြောက် UNCTAD ညီလာခံ၏ ဆုံးဖြတ်ချက်ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို အထူးဦးစား

ပေးပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအပေါ် အထူးအလေးပေးသော ယေဘုယျသဘောဆန်ပြီး အပြန် အလှန် ကျင့်သုံးရန်မလိုသော ခွဲခြားဆက်ဆံမှုမရှိသည့် အကောက်ခွန်သက်သာကင်းလွတ်ခွင့်စနစ် (GSP) ကို ကျင့်သုံးနိုင်ခဲ့သည်။[1]

၃။ ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ကနေဒါ၊ နယူးဇီလန်၊ ဂျပန်၊ နော်ဝေ၊ အမေရိကန်ပြည် ထောင်စု၊ တရုတ်၊ တူရကီနှင့် ဆွစ်ဇာလန်နိုင်ငံတို့ အပါအဝင် နိုင်ငံများစွာတွင် GSP စနစ်ကို ကျင့်သုံးနေကြပြီး ထုတ်ကုန်အပိုင်းနှင့် လွှမ်းခြုံမှုတို့မှာ ခွင့်ပြုပေးသော နိုင်ငံပေါ်မူတည်၍ ကွဲပြားခြားနားကြသည်။[2] GSP အထူးအခွင့်အရေးသည် ရုပ်ဝတ္ထုပစ္စည်းများ အတွက်သာ အကျုံးဝင်ပြီး ဝန်ဆောင်မှုများနှင့် အသိဉာဏ်ပစ္စည်းများကဲ့သို့ အကောင်အထည်မဲ့ ကုန်ပစ္စည်းများအတွက် အကျုံးမဝင်ပါ။

## GSP ပေးရခြင်း၏ ရည်ရွယ်ချက်

၄။ တစ်ဖက်သတ် အကောက်ခွန်သက်သာခွင့်ပေးသော အစီအစဉ်ကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့သည်-

(က) ဆင်းရဲနွမ်းပါးမှုကို လျှော့ချရာ၌ အထောက်အကူပြုစေရန်

(ခ) ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရရှိစေရန်

(ဂ) ပို့ကုန်တင်ပို့မှုကို မြှင့်တင်ရန်

(ဃ) စီးပွားရေးဈေးကွက်ချဲ့ထွင်မှုကို အားပေးရန်နှင့်

(င) ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုတို့ကို မြှင့်တင်ပေးရန်

## GSP အခွင့်အရေးပေးသော နိုင်ငံများ

၅။ မြန်မာနိုင်ငံအနေဖြင့် GSP အခွင့်အရေးပေးသည့် အစီအစဉ်များကို အောက်ဖော်ပြပါ ဖွံ့ဖြိုးပြီးနိုင်ငံ (၃၉) နိုင်ငံမှ ရရှိလျက်ရှိသည်။[3] အီးယူ၏ GSP စနစ်ကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးတွင် တစ်ပုံစံတည်း ကျင့်သုံးကြသဖြင့် အစီအစဉ်တစ်ရပ်ကိုသာ တစ်ပေါင်းတစ်စည်းတည်း ပြဋ္ဌာန်းထားသည်။[4]

(၁) ဩစတြေးလျနိုင်ငံ
(၂) ဘီလာရုစ်နိုင်ငံ
(၃) ကနေဒါနိုင်ငံ
(၄) အိုက်စ်လန်နိုင်ငံ
(၅) ဂျပန်နိုင်ငံ
(၆) နယူးဇီလန်နိုင်ငံ
(၇) နော်ဝေနိုင်ငံ
(၈) ရုရှားနိုင်ငံ
(၉) ဆွစ်ဇာလန်နိုင်ငံ
(၁၀) တူရကီနိုင်ငံ
(၁၁) အမေရိကန်နိုင်ငံ
(၁၂) ဥရောပသမဂ္ဂ အီးယူ(၂၈) နိုင်ငံ

(ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ဘူလ်ဂေးရီးယား၊ ခရိုအေးရှား၊ ဆိုက်ပရပ်စ်၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အက်စ်စတိုးနီးရား ၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟန်ဂေရီ၊ အိုင်ယာလန်၊ အီတလီ၊ လတ်ဗီးယား၊ လစ်သူရေးနီးယား၊ လူဇင်ဘတ်၊ မာလ်တာ၊ နယ်သာလန်၊ ပိုလန်၊ ပေါ်တူဂီ၊ ရိုမေးနီးယား၊ ဆလိုဗက်ကီးယား၊ ဆလိုဗေးနီးယား၊ စပိန်၊ ဆွီဒင်၊ ဗြိတိန် )

## EU ၏ GSP ဆိုင်ရာ ကင်းလွတ်ခွင့်များ

၆။ အီးယူ၏ Generalized Scheme of Preferences (GSP)စနစ်သည် အီးယူနိုင်ငံများသို့ ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်သွင်းလာသော ကုန်စည်များကို အကောက်ခွန်ကင်းလွတ်ခွင့် / သက်သာခွင့်ပေးသည့်စနစ်ဖြစ်သည်။ အီးယူသည် GSP စနစ်ကို ၁၉၇၁ ခုနှစ်မှစ၍ ကျင့်သုံးခဲ့ပါသည်။ နိုင်ငံပေါင်း ၂၈ နိုင်ငံရှိ လူဦးရေ ၅၁၂.၆ သန်းဖြင့်

1 Guidance on the EU Generalized Scheme of Preferences and its Rules of Origin, 3rd Edition

2 Guidance on the EU Generalized Scheme of Preferences and its Rules of Origin, For Government Authorities and Private Sector Stakeholders in Myanmar, 4th Edition (2018)

3 GSP and Free Trade Agreements in Myanmar, https://seafood-tip.com/sourcing-intelligence/countries/myanmar/trade-investment-regulations/gsp-free-trade-agreements/

4 https://www.commerce.gov.mm/my/category/gsp

ပေါင်းစုထားသည့် အီးယူဈေးကွက်သည် ကမ္ဘာပေါ်တွင် အကြီးဆုံး ပေါင်းစည်းဈေးကွက်တစ်ခုဖြစ်ပြီး အီးယူနိုင်ငံပြင်ပမှ ကုန်ပစ္စည်းများအား အခွန်ကောက်ခံမှုစနစ်တစ်ပြေးညီ ဆောင်ရွက်ထားသည့် တစ်ခုတည်းသော အကောက်ခွန်နယ်မြေဖြစ်သည်။[5] ထို့ကြောင့် အီးယူ၏ GSP စနစ်ကို ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးတွင် တစ်ပုံစံတည်း ကျင့်သုံးကြသည်။ အီးယူနိုင်ငံများတွင် ကုန်သွယ်မှုဆိုင်ရာ ကင်းလွတ်ခွင့်ကို အောက်ပါ အစီအစဉ်(၃) မျိုးဖြင့် ခွင့်ပြုပေးလျက်ရှိပါသည် -[6]

(က) ယေဘုယျကင်းလွတ်ခွင့် (**General/Standard GSP**) (**A**)

- အီးယူမှပေးသော ကုန်သွယ်မှုဆိုင်ရာ ကင်းလွတ်ခွင့် ရယူထားခြင်းမရှိသည့် low-income or lower-middle income နိုင်ငံများအနေဖြင့် အီးယူ အကောက်ခွန်လိုင်း စုစုပေါင်း၏ ၆၆ ရာခိုင်နှုန်းနီးပါးကို **အခွန်သက်သာခွင့်**ရရှိမည်ဖြစ်သည်။ လက်ရှိတွင် နိုင်ငံ ၁၇ နိုင်ငံမှာ General/Standard GSP ခံစားခွင့်ရရှိလျက် ရှိသည်။

(ခ) ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုအတွက် အထူးကင်းလွတ်ခွင့် (**GSP Plus**) (**A+**)

- အီးယူမှပေးသော ကုန်သွယ်မှုဆိုင်ရာကင်းလွတ်ခွင့် ရယူထားခြင်းမရှိသည့် low-income or lower-middle income နိုင်ငံများအနက်မှ စီးပွားရေးချဲ့ထွင်မှု အားနည်းပြီး ပို့ကုန်တင်ပို့မှုနည်းပါးသည့် နိုင်ငံများအား အီးယူ အကောက်ခွန်လိုင်း စုစုပေါင်း၏ ၆၆ ရာခိုင်နှုန်းနီးပါးကို အခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်သည်။ အပြန်အလှန်အားဖြင့် ကင်းလွတ်ခွင့်ရရှိသည့် နိုင်ငံများအနေဖြင့် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှုဆိုင်ရာ နိုင်ငံတကာ သဘောတူညီမှု ၂၇ ခုကို ထိရောက်စွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ လက်ရှိတွင် GSP Plus လျှောက်ထား ရယူထားသောနိုင်ငံ ၉ နိုင်ငံ ရှိပါသည်။

(ဂ) ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် အထူးကင်းလွတ်ခွင့် (**Everything But Arms**) (**EBA**) (**A***)

- လက်နက်ခဲယမ်းမီးကျောက်မှအပ ကျန်ကုန်စည် အားလုံးကို အရေအတွက် ကန့်သတ်ခြင်းမှ ကင်းလွတ်ခွင့်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ကို ကုလသမဂ္ဂမှ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအဖြစ် သတ်မှတ်ထားသော နိုင်ငံ ၄၉ နိုင်ငံကို ပေးသည့် အထူးကင်းလွတ် ခွင့်ဖြစ်ပါသည်။ လက်ရှိတွင် ဆာမိုအာနိုင်ငံအား ခံစားခွင့်စာရင်းမှ ဖယ်ရှားထား၍ ဖွံ့ဖြိုးမှုအနည်းဆုံးသော နိုင်ငံ ၄၈ နိုင်ငံမှာ EBA ခံစားခွင့် ရရှိလျက်ရှိသည်။

## GSP ရုတ်သိမ်းခံရစေနိုင်မည့်အခြေအနေများ

၇။ GSP ယာယီဆိုင်းငံ့ခြင်း (သို့မဟုတ်) ရုတ်သိမ်းခံရစေနိုင်မည့် အခြေအနေများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည် [7] -

(က) အခြေခံလူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ ILO/ UN Convention များတွင် ချမှတ်ထားသည့် အခြေခံမူများကို ချိုးဖောက်ခြင်း။

(ခ) တရားမျှတမှုမရှိသည့် ကုန်သွယ်မှုဆိုင်ရာ လုပ်ဆောင်ချက်များ ဆောင်ရွက်ခြင်း။

(ဂ) စီမံအုပ်ချုပ်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမရှိခြင်း။ (အကောက်ခွန် ထိန်းချုပ်မှုပိုင်းတွင် ဆိုးရွားစွာ လိုအပ်ချက်များ ရှိနေခြင်း)

(ဃ) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်သို့ တက်ရောက်လာခြင်း။

(င) GSP အကျိုးခံစားခွင့်ရရှိသည့် နိုင်ငံမှ ပို့ကုန်များသည် အီးယူ၏ ဒေသခံကုန်ထုတ်လုပ်သူများ အပေါ် ဆိုးရွားစွာခြိမ်းခြောက်မှု ဖြစ်ပေါ်စေခြင်း။

(စ) တရားမဝင်မူးယစ်ဆေးဝါး (သို့မဟုတ်) မူးယစ်ဆေးဝါး ထုတ်လုပ်ရန် ကုန်ကြမ်းပစ္စည်းများအား တင်ပို့မှု (သို့မဟုတ်) တစ်ဆင့်ခံတင်ပို့မှုအပေါ်

5 Guidance on the EU Generalized Scheme of Preferences and its Rules of Origin, For Government Authorities and Private Sector Stakeholders in Myanmar, 4th Edition (2018)

6 Generalized System of Preferences HANDBOOK ON THE SCHEME OF THE EUROPEAN UNION

7 Guidance on the EU Generalized Scheme of Preferences and its Rules of Origin, For Government Authorities and Private Sector Stakeholders in Myanmar, 4th Edition (2018)

အကောက်ခွန် ထိန်းချုပ်ခြင်းတွင် ဆိုးဆိုးရွားရွား လိုအပ်ချက်များရှိနေခြင်း (သို့မဟုတ်) အကြမ်းဖက်မှု တိုက်ဖျက် ရေးဆိုင်ရာနှင့် ငွေကြေးခဝါချခြင်း ဆိုင်ရာ ကွန်ဗင်းရှင်းများကို လိုက်နာရန် ပျက်ကွက်ခြင်း။

(ဆ) ရေလုပ်ငန်းကဏ္ဍတွင် ဒေသဆိုင်ရာ ငါးလုပ်ငန်းအဖွဲ့အစည်းများက လက်ခံကျင့်သုံးလျက်ရှိသည့် ငါးမျိုးစိတ်များ စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ရည်ရွယ်ချက်များအား ဆိုးရွားစွာ ချိုးဖောက်ခြင်း။

## မြန်မာနိုင်ငံနှင့် EU GSP

၈။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသည့်အတွက် အီးယူ၏ EBA အလိုအလျောက်ခံစားခွင့်ရရှိရန် အရည်အချင်း ပြည့်မီနေသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းရှိ အလုပ်သမားများကို အဓမ္မခိုင်းစေမှုရှိခဲ့သည်ဟုဆိုကာ အီးယူစည်းမျဉ်းစည်းကမ်း (EC) No.၃၂၁၈/၉၄ ၏ အပိုဒ် ၉ နှင့် စည်းမျဉ်းစည်းကမ်း (EC) No.၁၂၅၆/၉၆ ၏ အပိုဒ် ၉ တို့အရ GSP နိုင်ငံများစာရင်းမှ ၁၉၉၇ ခုနှစ်တွင် ဖယ်ရှားခံခဲ့ရသည်။ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုပပျောက်ရေးနှင့်စပ်လျဉ်း၍ ILOမှအပြုသဘောဆောင်သည့် အကဲဖြတ်ချက်များကြောင့် ဥရောပကော်မရှင်မှ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှစတင်၍ EBAအကျိုးခံစားခွင့်ကို ပြန်လည်ခံစားခွင့် ရရှိလျက်ရှိသည်။ အာဆီယံဒေသတွင် မြန်မာနိုင်ငံနည်းတူ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် EBA ခံစားခွင့်ရရှိလျက်ရှိသည်။

## အီးယူနှင့်မြန်မာနိုင်ငံကုန်သွယ်မှုအခြေအနေ

၉။ အီးယူ-မြန်မာ ကုန်သွယ်မှုအခြေအနေကို ကြည့်ပါက ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၀.၂၈ ဘီလီယံမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂.၀၉ ဘီလီယံအထိ တိုးတက်ခဲ့ပါသည်။ အီးယူသည် မြန်မာနိုင်ငံအတွက် တတိယအကြီးဆုံး ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်သကဲ့သို့ ဆဋ္ဌမမြောက်အကြီးဆုံး ကုန်သွယ်ဖက်လည်းဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အီးယူ (၂၈) နိုင်ငံသို့ ယူရိုငွေ ၁.၆ ဘီလီယံ တန်ဖိုးရှိ ကုန်ပစ္စည်းများအား တင်ပို့ခဲ့ပြီး အီးယူ (၂၈) နိုင်ငံမှ မြန်မာနိုင်ငံသို့ ယူရိုငွေ ၀.၅ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများအား တင်သွင်းထားပါသည်။ မြန်မာနိုင်ငံမှ အီးယူသို့တင်ပို့သော ကုန်စည်များ အနက် အဓိကကုန်စည်များမှာ အထည်ချုပ် ၇၂% နှင့် လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်ကွဲ၊ ဆန်တို့ဖြစ်ကြသည်။ အီးယူမှမြန်မာနိုင်ငံသို့ တင်ပို့သော ကုန်စည်အများစု မှာ စက်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေး ကိရိယာတန်ဆာပလာများနှင့် ဓာတုပစ္စည်းများဖြစ်ကြသည်။[8] ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ တင်ပို့ခဲ့သော အထည်ချုပ်လုပ်ငန်းများမှ ထုတ်ကုန် စုစုပေါင်း၏ ၄၇% မှာ အီးယူသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

၁၀။ မြန်မာနိုင်ငံမှ အီးယူ (၂၈) နိုင်ငံအနက် ဂျာမနီ၊ နယ်သာလန်၊ ဗြိတိန်၊ စပိန်နှင့် ပြင်သစ်နိုင်ငံတို့သို့ အများဆုံး တင်ပို့ခဲ့ပြီး ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဘယ်လ်ဂျီယံနှင့် ဗြိတိန်နိုင်ငံတို့မှ မြန်မာနိုင်ငံသို့ အများဆုံး တင်သွင်းခဲ့ကြသည်။[9]

## အီးယူနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု အခြေအနေ

၁၁။ မြန်မာနိုင်ငံတွင်အီးယူ (၂၈) နိုင်ငံအနက် (၁၀) နိုင်ငံဖြစ်သည့် ဗြိတိန်၊ နယ်သာလန်၊ ပြင်သစ်၊ ဩစတြီးယား၊ လူဇင်ဘတ်၊ ဂျာမနီ၊ နော်ဝေ၊ အိုင်ယာလန်၊ ဆွစ်ဇာလန်နှင့် ဆွီဒင် နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀၈ ခုတို့တွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅.၅၉၄ ဘီလီယံ ရင်းနှီးမြှုပ်နှံထားပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံ (၄၆) နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆၄.၃၄၉ ဘီလီယံ၏ ၈.၆၉%

8 European Commission, http://ec.europa.eu/trade/policy/countries-and-regions/ countries/ myanmar/

9 Trade Helpdesk, http://trade.ec.europa.eu/tradehelp/statistics

ဖြစ်ပါသည်။

၁၂။ မြန်မာနိုင်ငံမှ အီးယူနိုင်ငံများသို့ တင်ပို့သည့် အောက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အမေရိကန်ဒေါ်လာ ၃.၀၇၇ ဘီလီယံတန်ဖိုး ရင်းနှီးမြှုပ်နှံထားပြီး ဖြစ်ပါသည်-

အမေရိကန်ဒေါ်လာသန်းပေါင်း

| စဉ် | လုပ်ငန်းကဏ္ဍ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | | မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ၁ | CMPစနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း | ၂၂၆ | ၂၅၂၇.၂၀၇ | ၂၉ | ၁၇၇.၁၈၅ | ၂၅၃ | ၂၅၀၄.၅၀၂ |
| ၂ | CMPစနစ်ဖြင့် အခြားထုတ်လုပ်ခြင်းလုပ်ငန်း | ၇၈ | ၂၉၄.၃၄၇ | ၇ | ၅၃.၂၀၇ | ၈၅ | ၄၀၇.၅၉၄ |
| ၃ | အခြားထုတ်လုပ်ခြင်းလုပ်ငန်းများ | ၁၃ | ၂၁.၈၉၁ | ၆ | ၀.၂၂၂ | ၁၉ | ၂၂.၁၁၃ |
| ၄ | စားသောက်ကုန်လုပ်ငန်း | ၄ | ၁.၁၆၄ | ၁၀ | ၁၁၆.၄၀၈ | ၁၄ | ၁၁၇.၅၇၂ |
| ၅ | သစ်အခြေခံလုပ်ငန်း | ၈ | ၉.၁၂၂ | ၁၀ | ၆.၅၂၂ | ၁၈ | ၁၅.၆၄၄ |
| ၆ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၂ | ၀.၁၁၃ | ၁၂ | ၉.၅၀၆ | ၁၄ | ၉.၆၁၉ |
| | စုစုပေါင်း | ၃၂၉ | ၂၈၅၃.၇၄၄ | ၇၄ | ၃၆၃.၀၅၀ | ၄၀၃ | ၃၀၇၇.၀၀၄ |

၁၃။ မြန်မာနိုင်ငံမှ အီးယူနိုင်ငံများသို့ တင်ပို့သည့် အောက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ပြည်တွင်းဝန်ထမ်း ၃၃၂၆၈၈ ဦး၊ ပြည်ပဝန်ထမ်း ၄၈၈၉ ဦး၊ စုစုပေါင်း ၃၃၇၅၇၇ ဦး ဖန်တီးပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်-

| စဉ် | လုပ်ငန်းကဏ္ဍ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ဝန်ထမ်းခန့်ထားမှု | | မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ ဝန်ထမ်းခန့်ထားမှု | | စုစုပေါင်း ဝန်ထမ်း ခန့်ထားမှု | |
|---|---|---|---|---|---|---|---|
| | | ပြည်တွင်း | ပြည်ပ | ပြည်တွင်း | ပြည်ပ | ပြည်တွင်း | ပြည်ပ |
| ၁ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၃၅ | ၃၂ | ၃၁၇၆ | ၁၉ | ၃၂၁၁ | ၄၂ |
| ၂ | စားသောက်ကုန်လုပ်ငန်း | ၅၆၅ | ၁၀ | ၁၅၅၇ | ၁၆ | ၂၁၂၂ | ၂၆ |
| ၃ | သစ်အခြေခံလုပ်ငန်း | ၁၅၂၉ | ၁၀၅ | ၁၆၁၅ | ၂၈ | ၃၁၄၄ | ၁၃၃ |
| ၄ | CMPစနစ်ဖြင့် အထည်ချုပ်လုပ် ခြင်းလုပ်ငန်း | ၂၂၆၉၉၁ | ၂၉၁၁ | ၁၁၅၆၉ | ၉၁ | ၂၃၈၅၆၀ | ၃၀၀၂ |
| ၅ | CMPစနစ်ဖြင့် အခြားထုတ်လုပ် ခြင်းလုပ်ငန်းများ | ၇၃၈၆၈ | ၁၅၃၄ | ၃၉၇၆ | ၄၄ | ၇၇၈၄၄ | ၁၅၇၈ |
| ၆ | အခြားထုတ်လုပ်ခြင်းလုပ်ငန်းများ | ၅၉၉၀ | ၈၆ | ၁၈၁၇ | ၂၂ | ၇၈၀၇ | ၁၀၈ |
| | စုစုပေါင်း | ၃၀၇၉၇၈ | ၄၆၇၈ | ၂၃၇၃၀ | ၂၂၀ | ၃၃၂၆၈၈ | ၄၈၈၉ |

## မြန်မာနိုင်ငံ၏ ဆန်လုံးရှည်အပေါ် GSP ခွင့်ပြုထားမှုအား ရပ်ဆိုင်းထားမှုအခြေအနေ

၁၄။ အီးယူနိုင်ငံများသို့ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ အင်ဒီကာ ဆန်တင်ပို့မှုမှာ လွန်ခဲ့သော တစ်နှစ်ကျော်အတွင်း ၈၉% တိုးတက်ခဲ့ပါသည်။ ထိုသို့ တင်ပို့ရာတွင် အီးယူ ဈေးကွက်အတွင်းရှိ အဆိုပါ ဆန်ဈေးနှုန်းထက် ဈေးနှုန်းချိုသာစွာ တင်သွင်းခဲ့သဖြင့် အီးယူနိုင်ငံများရှိ အင်ဒီကာဆန်ဈေးကွက်အပေါ် များစွာထိခိုက်စေခဲ့သည်။ ထိုကဲ့သို့ တင်သွင်းမှုသည် အီးယူဒေသတွင်း ဆန်စပါး ထုတ်လုပ်သည့် နိုင်ငံများဖြစ်သည့် စပိန်၊ ပြင်သစ်၊ ပေါ်တူဂီ၊ ဂရိ၊ ဟန်ဂေရီ၊ ရိုမေနီးယားနှင့် ဘူဂေးရီးယားနိုင်ငံတို့၏ ဈေးကွက် ဝေစုကို ၆၁%မှ ၂၉%သို့ ကျဆင်းသွားစေသဖြင့် အဆိုပါ နိုင်ငံများမှလည်း အီးယူကော်မရှင်သို့ ဒေသတွင်း ဆန်ထုတ်လုပ်သူများကို အကာအကွယ်ပေးနိုင်ရန် ကမ္ဘောဒီးယားနှင့်မြန်မာနိုင်ငံတို့မှ တင်သွင်းမှုကို ထိန်းချုပ်နိုင်ရန်အတွက် အကောက်ခွန်ပြန်လည် ကောက်ခံပေးရန် တောင်းဆိုခဲ့သည်။

၁၅။ ထို့ကြောင့် အီးယူကော်မရှင်အနေဖြင့် **"GSP အကျိုးခံစားခွင့်ရရှိသည့် နိုင်ငံမှ ပို့ကုန်များသည် အီးယူ၏ ဒေသခံကုန်ထုတ်လုပ်သူများအပေါ် ဆိုးရွားစွာ ခြိမ်းခြောက်မှုဖြစ်ပေါ်စေပါက အဆိုပါ နိုင်ငံအပေါ် GSP ယာယီဆိုင်းငံ့နိုင်သည်"** ဆိုသည့် အချက်ကို ကိုးကား၍ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ထုတ်လုပ်သော အင်ဒီကာဆန် တင်ပို့မှုအပေါ် အကောက်ခွန်ကင်းလွတ်ခွင့်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့မှစ၍ ၃ နှစ် ပြန်လည် ဆိုင်းငံ့ထားသည်။ ထို့ကြောင့် အဆိုပါ ၃ နှစ်အတွင်း ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့သည် အီးယူနိုင်ငံသို့ အင်ဒီကာဆန် တင်ပို့မှုအတွက် ပုံမှန်အကောက်ခွန်ဖြစ်သည့် ပထမနှစ်တွင် တစ်တန်လျှင် ၁၇၅ ယူရို (၁၉၉ ဒေါ်လာ)၊ ဒုတိယနှစ်တွင် ၁၅၀ ယူရို (၁၇၀ ဒေါ်လာ) နှင့် တတိယနှစ်တွင် ၁၂၅ ယူရို (၁၄၂ ဒေါ်လာ) ပေးဆောင်ရမည်ဖြစ်သည်။[10] မြန်မာနိုင်ငံမှ

10 EU to Tax Cambodian, Myanmar Rice After Probe Finds Import Increases Hurt Local Producers, https://www.rfa.org/english/news/cambodia/rice-01172019171046.html

အီးယူသို့ အင်ဒီကာဆန်တင်ပို့မှုမှာ တန်ချိန် ၆၆၀၀၀ မှ ၁၁၀၀၀၀ ထိသာ တင်ပို့နိုင်သဖြင့် အဆိုပါ တန်ချိန်အပေါ် တွင် အခွန်ပေးဆောင်ရမည် ဖြစ်ပါသည်။

၁၆။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အီးယူသို့ ဆန်တင်ပို့မှုမှာ တန်ချိန် ၉ သောင်းခန့် တင်ပို့ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါတင်ပို့မှုသည် ဆန်တင်ပို့မှု စုစုပေါင်း၏ ၃.၃၃% သာရှိသည့်အတွက် မြန်မာနိုင်ငံမှ ထုတ်လုပ်သော အင်ဒီကာ ဆန်တင်ပို့မှုအပေါ် အကောက်ခွန်ကင်းလွတ်ခွင့်ကို ၃ နှစ် ရပ်ဆိုင်းခြင်းသည် အဆိုပါ ဆန်တင်ပို့သူများအပေါ် များစွာ ဆိုးကျိုးဖြစ်ပေါ်စေမည် မဟုတ်ကြောင်း သုံးသပ်ရပါသည်။ မြန်မာနိုင်ငံ အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်ကွဲတန်ချိန် ၀.၃ သန်းခန့် တင်ပို့ပြီးဖြစ်သည့်အတွက် အီးယူသို့ ဆန်ကွဲတင်ပို့မှုမှာ စုစုပေါင်းဆန်ကွဲတင်ပို့မှု၏ ၅၀ ရာခိုင်နှုန်းရှိပါသည်။

## ကမ္ဘောဒီးယားနိုင်ငံ၏ GSP အပေါ် အီးယူမှ ယာယီဆိုင်းငံ့ရန် ဆောင်ရွက်နေမှုအခြေအနေ

၁၇။ ကမ္ဘောဒီးယားနိုင်ငံသည် မြန်မာနိုင်ငံနည်းတူ အာဆီယံဒေသအတွင်း အီးယူ၏ GSP ရရှိထားသော နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။ အီးယူသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယား ပို့ကုန် စုစုပေါင်း၏ ၄၅% ဖြစ်သည့် ယူရို ၄.၉ ဘီလီယံ တန်ဖိုးရှိ ကုန်စည်များ အီးယူသို့ တင်ပို့ခဲ့သည်။ အီးယူနိုင်ငံမှပေးသည့် EBA အကျိုးခံစားခွင့်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံပြီးပါက ဒုတိယအများဆုံး အသုံးပြုထားသည့် နိုင်ငံလည်းဖြစ်သည်။ အီးယူအနေဖြင့် GSP Regulation Article ၁၉ အရ ကမ္ဘောဒီးယားနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှု၊ ဒီမိုကရေစီမဆန်မှုနှင့် အလုပ်သမားဆိုင်ရာအခွင့်အရေး ချိုးဖောက်မှုများကြောင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ စတင်၍ GSP ယာယီ ဆိုင်းငံ့ရန်အတွက် စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်မည် ဖြစ်ကြောင်း တရားဝင်ကြေညာခဲ့သည်။ ထိုကြေညာချက်တွင် EU ၏ GSP ရပ်ဆိုင်းရေးလုပ်ငန်းစဉ်စတင်ခြင်းသည် GSP ရပ်ဆိုင်းမည်၊ မရပ်ဆိုင်းမည်ကို တရားဝင်ဆုံးဖြတ်ချက် ချရန် လုပ်ငန်းစတင်ခြင်းသာဖြစ်၍ စုံစမ်းအကဲဖြတ်သည့် လုပ်ငန်းစဉ်ကာလ(၆)လအတွင်း ကမ္ဘောဒီးယားနိုင်ငံအပေါ် အနီးကပ်လေ့လာအကဲဖြတ်သွားမည်ဖြစ်ကြောင်း၊ ထို့နောက် အဆိုပါတွေ့ရှိချက်များကို အစီရင်ခံစာရေးသားခြင်း၊ တရားဝင် ပြဋ္ဌာန်းထားသော ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အီးယူပါလီမန်နှင့် အီးယူကောင်စီတို့သို့ တင်ပြဆောင်ရွက်မှုကို (၆) လ အချိန်ယူဆောင်ရွက်မည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ (၁၂) လကာလ ပြီးမြောက်ချိန်တွင် GSP ဆိုင်းငံ့/ရပ်သိမ်းမည် (သို့မဟုတ်) GSP ဆက်လက်ခွင့်ပြုပေးမည်ကို ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း၊ အကယ်၍ ရပ်ဆိုင်းခြင်း/ တစ်စိတ်တစ်ပိုင်းရပ်သိမ်းခြင်း/ လုံးဝရပ်သိမ်းမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါက အဆိုပါ ဆုံးဖြတ်ချက်ချပြီးနောက် ပြင်ဆင်ချိန်ကာလ (၆) လ ခွင့်ပြုပေးမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် Article19 အရ GSP အခွင့်အရေး ရပ်ဆိုင်း/ ရပ်သိမ်းမှုခံရမည်ဆိုပါက တစ်နှစ်နှင့် ၆ လ ပြင်ဆင်ချိန် ရရှိမည်ဟု သုံးသပ်ရပါသည်။

## မြန်မာနိုင်ငံအတွက် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ

၁၈။ မြန်မာနိုင်ငံအနေဖြင့် အီးယူ GSP ရပ်ဆိုင်း/ ရပ်သိမ်းခံရပါက အောက်ပါအတိုင်း ဆိုးကျိုးများ ဖြစ်ပေါ် လာနိုင်ပါသည်-

(က) အထည်ချုပ်ကဏ္ဍသည် စုစုပေါင်း ပို့ကုန်ပမာဏ၏ ၇၂% ရှိသဖြင့် အထည်ချုပ်လုပ်ငန်းများ ရပ်ဆိုင်း၍ ပိတ်သိမ်းပါက အဆိုးဆုံးအနေဖြင့် နှစ်စဉ်အီးယူ သို့ တင်ပို့လျက်ရှိသည့် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ခန့် ဆုံးရှုံးနိုင်ပါသည်။

(ခ) ထို့အတူ အီးယူသို့ တင်ပို့မှုများ ရပ်ဆိုင်းခံရပါက စက်ရုံအလုပ်ရုံများ ပိတ်သိမ်းပြီး အဆိုပါ လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော ပြည်တွင်း ဝန်ထမ်း ၃၃၂၆၈၈ ဦး အလုပ်အကိုင် ဆုံးရှုံးနိုင်ပါသည်။

(ဂ) အထည်ချုပ်လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော လုပ်သား ၉၀% မှာ အမျိုးသမီးများဖြစ်သည့် အတွက် အလုပ်လက်မဲ့ပြဿနာနှင့် အမျိုးသမီးများ အများဆုံးရင်ဆိုင်ကြရမည် ဖြစ်ပါသည်။

(ဃ) အလုပ်အကိုင်အခွင့်အလမ်းများ လိုအပ်နေချိန်

ဖန်တီးမပေးနိုင်ခြင်းကြောင့် ရရာအလုပ်လုပ်ကိုင်ကြသည့်အတွက် Informal Employment Rate မြင့်မားလာနိုင်မည်ဖြစ်ပါသည်။

(င) ဆန်လုံးရှည်၊ ဇီယာ၊ ဧည့်မထဆန် တင်ပို့မှုအတွက် အမေရိကန်ဒေါ်လာ ၅၆ သန်း ပြန်လည်အခွန်ပေးဆောင်ရမည် ဖြစ်သည့်အတွက် တင်ပို့သူများအတွက် အမြတ်ငွေလျော့နည်းကာ ပို့ကုန်ဝင်ငွေလည်း လျော့ကျသွားမည် ဖြစ်ပါသည်။

(စ) မြန်မာနိုင်ငံအတွက် တတိယအကြီးဆုံး ပို့ကုန်ဈေးကွက်နှင့် ဆဋ္ဌမမြောက် အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သည့် အီးယူသို့တင်ပို့သည့် မြန်မာနိုင်ငံ၏ ပို့ကုန်ဝေစု ကျဆင်းသွားမည် ဖြစ်ပါသည်။

(ဆ) မြန်မာနိုင်ငံအတွင်းမှ အီးယူဈေးကွက်သို့ တင်ပို့လိုသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း အီးယူနှင့် ကုန်သွယ်မှု အခြေအနေများကို အကဲဖြတ်စောင့်ကြည့်နေမည် ဖြစ်သဖြင့် ပို့ကုန်တင်ပို့မှု ကျဆင်းသွားမည် ဖြစ်ပါသည်။

(ဇ) သွင်းကုန်တင်သွင်းမှု များပြားနေချိန် ပို့ကုန်တင်ပို့မှု ထပ်မံကျဆင်းပါက ကုန်သွယ်မှုလိုငွေများ များပြား၍ ငွေကြေးတန်ဖိုးကျဆင်းကာ ငွေကြေး ဖောင်းပွမှုများဖြစ်ပြီး တိုင်းပြည်စီးပွားရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်နိုင်ပါသည်။

## မူဝါဒဆိုင်ရာအကြံပြုချက်

၁၉။ အကယ်၍ EU GSP ရပ်ဆိုင်း/ရုပ်သိမ်းပါက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် မထိခိုက်စေရေး အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်သင့်ပါသည်-

(က) ကနဦးအနေဖြင့် မြန်မာနိုင်ငံတွင် ရရှိထားသော GSP အခွင့်အရေး ဆုံးရှုံးမှု မရှိစေရန် နှစ်ဦး နှစ်ဖက် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း။

(ခ) မြန်မာနိုင်ငံအနေဖြင့် EU ၏ GSP စနစ်ကို အစားထိုးနိုင်သော ဒေသဆိုင်ရာ ကုန်သွယ်မှု သဘောတူစာချုပ်များ (Regional Trade Agreement) ကို အီးယူနှင့် ချုပ်ဆိုနိုင်ရန် စေ့စပ်ညှိနှိုင်း ဆောင်ရွက်ခြင်း။

(ဂ) အီးယူနိုင်ငံများမှ ဗြိတိန်နိုင်ငံထွက်ရန် ဆောင်ရွက်နေဆဲဖြစ်သော်လည်း မြန်မာနိုင်ငံမှ အီးယူသို့ တင်ပို့သော ပို့ကုန်စုစုပေါင်း၏ ၂၀ ရာခိုင်းနှုန်းမှာ ဗြိတိန်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်၍ ဗြိတိန်နိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ် ရေးဆိုင်ရာ ညှိနှိုင်းမှုများ ဆောင်ရွက်ခြင်း။

(ဃ) မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းကဏ္ဍတစ်ခု၊ ဈေးကွက်တစ်ခုတည်းကိုသာ အားထား၍ တင်ပို့နေပါက အဆိုပါကဏ္ဍနှင့် ဈေးကွက်ထိခိုက်ပါက နိုင်ငံ၏စီးပွားရေးအပေါ် များစွာထိခိုက်စေမည်ဖြစ်၍ ကဏ္ဍ (Sector) နှင့် ဈေးကွက် (Market) ကို Diversify ဖြစ်အောင် ဆောင်ရွက်ခြင်း။

(င) လက်ရှိလည်ပတ်နေသော လုပ်ငန်းများအနေဖြင့် အီးယူမဟုတ်သည့် အခြား ကမ္ဘာ့နိုင်ငံများနှင့် ဈေးကွက်ချဲ့ထွင်ရန် ချိတ်ဆက်ထားသင့်ပြီး ထိုသို့ ချိတ် ဆက်နိုင်အောင်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ဦးဆောင်၍ အလားအလာရှိသည့် ဈေးကွက်များ ကြိုတင်ချိတ်ဆက်ရှာဖွေထားခြင်း။

(စ) မြန်မာ့ဆန်ကို နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားရှိနေသည့် တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အာဖရိက နိုင်ငံများသို့ ပိုမိုတိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်ခြင်း။

(ဆ) H&M၊ Zara၊ Inditex၊ Primark နှင့် Adidas စသည့် အဝတ်အထည်များသည် အီးယူဈေးကွက်သို့ အများဆုံးတင်ပို့လျက်ရှိရာ အဆိုပါတံဆိပ်များကို အမေရိကန်၊ ဂျပန်နှင့် အခြားနိုင်ငံများရှိ CMP Buyer များသို့ တိုက်ရိုက် တင်ပို့နိုင်ရေး ဆွေးနွေးဆောင်ရွက်ပေးခြင်း။

(ဇ) အထည်ချုပ်လုပ်ငန်းအပြင် အခြားအလား အလာရှိသည့် သစ်တောထွက်ကုန်များနှင့် ကျောက်မျက်ရတနာများကို အီးယူအပြင် အခြားကမ္ဘာ့ဈေးကွက်သို့ ပိုမို ထိုးဖောက်၍ ပို့ကုန်ကျဆင်းမှု ထိန်းညှိနိုင်ရန် ဆောင်ရွက် ခြင်း။

(ဈ) မြန်မာနိုင်ငံမှ တင်ပို့မည့်ကုန်စည်များ၏ အရည်အသွေးကိုလည်း ကမ္ဘာ့ဈေးကွက်တွင်ဝင်ဆံ့နိုင်အောင် အရည်အသွေးမြင့် ထုတ်လုပ်နည်းများကို စနစ်တကျ သင်ကြားပေးခြင်း။

(ည) ပို့ကုန်ဆိုင်ရာမူဝါဒများ ရှင်းလင်းတိကျစေရန်၊ လုပ်ထုံးလုပ်နည်းများ လွယ်ကူမြန်ဆန်စေရန် ဆောင်ရွက်ပေးခြင်းဖြင့် ပို့ကုန်လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေခြင်း။

၂၀။ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုများနှင့် အသစ်လာရောက် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများ ဝင်ရောက်လာစေရန် အောက်ပါနည်းလမ်းများဖြင့် ဆွဲဆောင်၍ ဖိတ်ခေါ်သင့်ပါသည်-

(က) လုပ်ငန်းအသစ်များအတွက် နိုင်ငံတော်မှ စက်ရုံမြေနေရာ စီစဉ်ဆောင်ရွက်ပေးခြင်း၊ အစိုးရပိုင် အထည်ချုပ်စက်ရုံနေရာဟောင်းများ ဖော်ထုတ်၍ ၃ နှစ် အခမဲ့ခွင့်ပြုပေးခြင်း။

(ခ) သက်ဆိုင်ရာ ဇုန်အလိုက် မူလခံစားခွင့် ရရှိမည့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလအပြင် ၂ နှစ် ထပ်မံခံစားခွင့်ပြုစေခြင်း။

(ဂ) လက်ရှိလုပ်ငန်းများမှ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မည်ဆိုပါက စက်ပစ္စည်းကင်းလွတ်ခွင့်အပြင် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ၂ နှစ် ထပ်မံခံစားခွင့်ပြုခြင်း။

(ဃ) လုပ်ငန်းအတွက် လိုအပ်သည့် စက်ပစ္စည်းများ တင်သွင်းမှု၊ သွင်းကုန်/ပို့ကုန် လိုင်စင်ရယူမှု၊ အကောက်ခွန်ရှင်းလင်းခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောလျင်စွာရရှိရေး သက်ဆိုင်ရာ ဌာနများပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးခြင်း။

(င) အထည်ချုပ်လုပ်ငန်းသာမက အခြားပို့ကုန်ဦးစားပေး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား ဦးစားပေးအထူးအခွင့်အရေးတစ်ရပ် သတ်မှတ်ပေးခြင်းဖြင့် နိုင်ငံ့ ပို့ကုန်တင်ပို့မှု တိုးတက်အောင် ဆောင်ရွက်ပေးခြင်း။

## နိဂုံး

၂၁။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် အားလျော်စွာ အထည်ချုပ်လုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားထားလျက်ရှိပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ကုန်သွယ်မှုဆိုင်ရာ အရေးယူမှုများ ပြုလုပ်လိုသည့်အခါ အဆိုပါဖွံ့ဖြိုးဆဲနိုင်ငံများ အဓိကထားသည့် ကဏ္ဍများကို ပစ်မှတ်ထားပြီး အဆိုပါနိုင်ငံများ၏ စီးပွားရေးကို ထိန်းချုပ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ကုန်စည်တစ်မျိုးတည်း ဈေးကွက်တစ်မျိုးတည်းကို အားထား၍ ဆောင်ရွက်ခြင်းအား ရှောင်ရှားသင့်ပြီး ဈေးကွက်ပိုမိုချဲ့ထွင်ရန် နည်းလမ်းများ ကြိုတင်ဆောင်ရွက်သင့်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှလည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံအဖြစ်သို့လည်းကောင်း တက်လှမ်းရန်ကြိုးစားနေသည့်အတွက် GSP အခွင့်အရေး အသုံးမပြုဘဲ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားအောင် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါသည်။

## References


- European Commission, http://ec.europa.eu/trade/policy/countries-and-regions/countries/myanmar/
- EU to Tax Cambodian, Myanmar Rice After Probe Finds Import Increases Hurt Local Producers, https://www.rfa.org/english/news/cambodia/rice-01172019171046.html
- EU triggers procedure to temporarily suspend trade preferences for Cambodia, http://europa.eu/rapid/press-release_MEMO-19-988_en.pdf.
- GSP and Free Trade Agreements in Myanmar, https://seafood-tip.com/sourcing-intelligence/ countries/myanmar/trade-investment-regulations/gsp-free-trade-agreements/
- Guidance on the EU Generalized Scheme of Preferences and its Rules of Origin, 3rd Edition
- Guidance on the EU Generalized Scheme of Preferences and its Rules of Origin, For Government Authorities and Private Sector Stakeholders in Myanmar, 4th Edition (2018)
- Generalized System of Preferences HANDBOOK ON THE SCHEME OF THE EUROPEAN UNION
- REPORT FROM THE COMMISSION TO THE EUROPEAN PARLIAMENT AND THE COUNCIL, http://trade.ec.europa.eu/doclib/docs/2018/january/tradoc_156536.pdf
- Trade Helpdesk, http://trade.ec.europa.eu/tradehelp/statistics



# ဘဝအတွေ့တွေ (၁၂)

|ခေတ်အဆက်ဆက် နိုင်ငံ့တာဝန်များကိုထမ်းဆောင်ခွင့်ရသော စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရသူများကို ဤစာစဉ်ဖြင့် ဂုဏ်ပြုအပ်ပါသည်။|

|ကျော်ဒွန်း၊ ညွှန်ကြားရေးမှူး (ငြိမ်း)|

## နေပြည်တော်မှာဆေးရုံတက်ရပြန်ပြီ

၂၀၁၂ ခုနှစ်၊ ကျွမ်းကျင်သူ / အကြံပေးဒုတိယနှစ် အဖြစ် တာဝန်ယူရတဲ့နှစ်၊ ရုံးဆင်းချိန် စောစောပြန် အိမ်မှာ တပည့်ကျော်က ချက်ကျွေးတာလေးစားပေါ့၊ တစ်ခါတစ်ရံ တော့လည်း ဆိုင်မှာသွားစားကြပေါ့။ တစ်နေ့တော့ တပည့် လေးကလည်းရုံးမှာ Night Duty ကျတယ်၊ သွားလာရေး အဆင်ပြေရန် ရုံးကားကို ယူသွားဖို့ ပြောလိုက်တယ်၊ အဲဒီ ညမှာ အိပ်ယာဝင်၊ နံနက် ၃ နာရီခွဲလောက် အိပ်နေစဉ်မှ ခေါင်းမူးတယ်၊ ကုတင်၊ အိမ်မျက်နှာကြက်ချာချာလည် နေတယ်၊ ပြဿနာတော့တက်ပြီသေနိုင်တယ်ပေါ့၊ မကြာ ခင်ကလည်း သူငယ်ချင်းတစ်ယောက် ညပိုင်းခေါင်းမူး တယ်ဆိုပြီးဆေးရုံရောက်သွားတယ်၊ ဆရာဝန်က စစ်ဆေး

တော့ အသက်မရှိတော့ဘူးဆိုတဲ့ သတင်းကလည်း ကြား ထားတာပူပူနွေးနွေးပဲရှိသေးတော့၊ သေမှာ ကြောက်သွား တယ်၊ တရားထိုင်နေသူဖြစ်တော့ သတိလေးကပ်လိုက်တယ် ဝင်လေထွက်လေမှတ်လိုက်တယ်၊ သတိပြုပြီးဘုရားတ လိုက်တယ်၊ ဘုရားခန်းဘက်ကိုဖင်ရွှေ့၊ ဖင်ရွှေ့နဲ့သွားတယ်၊ အားသွင်းထားတဲ့ H.P ကို ကောက်ကိုင်ပြီး ဖွင့်လိုက်တယ်၊ နီလာ့ ဖုန်းနံပါတ် ပေါ်လာတယ်။ နီလာရေ ငါနေမကောင်း လို့ ဘိုဘိုနဲ့ စန္ဒာခေါ်ပြီး အမြန်လာပါလို့ ပြောလိုက်တယ်၊

အခန်းအပြင်မှ ဆရာ‥ဆရာ‥ဆရာလို့ အော် ခေါ်ကြသည်၊ မိမိမှာ တံခါးအနားရောက်အောင် ဖင်ရွှေ့ နည်းနဲ့ သွားနေရသည်၊ ဆရာတံခါးမဖွင့်နဲ့တော့၊ သော့ကို သာ ပြူတင်းပေါက်က လှမ်းပေးပါဟုအော်ပြောကြသည်။ သူတို့အဖွဲ့ အခန်းထဲရောက်တော့ သံပုရာဖျော်ရည် ဖျော် သူကဖျော်၊ ရှူဆေးပေးသူကပေး၊ အားလုံးပျာယာခက် ကုန်ကြပြီးကားပေါ်တွင်တင်ပြီး ဆရာဘယ်ဆေးရုံသွား မလဲတဲ့၊ ပုဂ္ဂလိက ဆေးရုံတစ်ခုသာ သွားပါဟုပြောပြီး ကားထဲမှာ မေးလိုက်လာတယ်။

ဆေးရုံ ရှေ့ရောက်တော့ တာဝန်ကျသူနာပြုက လှည်းနဲ့လာခေါ်တယ်။ တာဝန်ကျ ဆရာဝန်လေးက စစ် ဆေးတယ်၊ သမားတော်ထံသတင်းပို့တယ်၊ ဆေးထိုးပေး တယ်၊ ဆေးရုံတက်ပါတဲ့၊ ဝမ်းတစ်ခါ သွားလိုက်တော့ သက်သာသွားတယ်၊ နံနက် (၆) နာရီထိုးတော့ သမားတော် လာကြည့်တယ်၊ စိုးရိမ်စရာမရှိကြောင်း၊ အာရုံ ကြော ဆိုင်ရာကိစ္စဖြစ်ကြောင်း၊ ဆေးရုံမှာ (၂) ရက်လောက်နား ပါက ကောင်းသွားမည်ဟု ပြောပါသည်။ နေ့လည်ပိုင်း ရန်ကုန်အိမ်သို့ဖုန်းဆက်သည်၊ နားတစ်ဖက် ကောင်း ကောင်းမကြားရ၊ ပြဿနာပဲ၊ လန့်သွားသည်။ အိမ်ကို ဖုန်းမဆက်ရန်တားထားသည်။ တပည့်တွေ တစ်လှည့်စီ ဆေးရုံလာစောင့်ပေးကြသည်၊ နောက်နေ့မှ အနည်းငယ် နေမကောင်း၍ ဆေးရုံတက်နေကြောင်း၊ ၁/၂ ရက်နေရင် လေယာဉ်နဲ့ ရန်ကုန်ပြန်လာပါမယ်လို့ အိမ်သို့ ပြောထား လိုက်တယ်၊

သမားတော်က နောက်နေ့လာကြည့်ပြီး အိမ်ပြန် နားနေနိုင်တယ် ပြောပါတယ်၊ သူကစက်မှုဝန်ကြီးဌာန ဆေးမှူးဆိုတော့၊ MIC ဥက္ကဋ္ဌ ဦးစိုးသိန်းနဲ့ ဆက်စပ်သွား တယ်၊ ပိုပြီးဂရုစိုက်ပါတယ်၊ နောက်နေ့ ဆေးခန်းလာပြစဉ် ဆရာရေ ကျွန်တော်ရန်ကုန်သို့ လေယာဉ်နဲ့ပြန်ချင်လို့ ပြောပြလိုက်တယ်၊ ပြန်နိုင်ပါတယ်၊ လေယာဉ်ကွင်းမဆင်းမီ ဆေးခန်းခဏလာပါ၊ ဆေးထိုးပေးလိုက်ပါ့မယ်လို့ပြော တယ်၊

လေယာဉ်ကွင်းဆင်းတော့ အိမ်မှာအတူနေတဲ့ တပည့်လေးကလိုက်ပို့တယ်၊ ဒုတ်ကောက် တစ်ချောင်းနဲ့ လေယာဉ်ပေါ်တက်ပို့ လေကြောင်းရုံးကဝန်ထမ်းတစ်ဦးကို အကူအညီတောင်းတယ်၊ လေယာဉ်ပေါ်တက်တော့ စက်မှု ဝန်ကြီးဌာနက MD ဦးစိုးလှိုင်နဲ့ တွေ့တယ်၊ ဘာဖြစ်လဲ မေးတယ်၊ ခြေထောက်နာတယ်လို့ ပြောလိုက်တယ်၊ ရန်ကုန်ရောက်တော့ နားနဲ့ပတ်သက်လို့ သက်ဆိုင်ရာဆရာ ဝန်ကြီးတွေနဲ့သွားပြတယ်၊ ခေတ်မီကိရိယာတွေနဲ့ စစ်တယ်၊ အာရုံကြောကြောင့် အကြားအာရုံ ကျဆင်းသွားတာပါတဲ့၊ (၆) လလောက်ကြာရင် အလိုလိုပြန်ကောင်းပါလိမ့်မယ်တဲ့၊

နေကောင်းလို့ နေပြည်တော်ပြန်ရောက်တော့ အလုပ်တော့ သိပ်လုပ်စရာမရှိပါ၊ အကြံပေး ကျွမ်းကျင်သူ ဆိုတော့ တိုက်ရိုက်တာဝန်မရှိပါ။ တာဝန်ခံညွှန်ကြားရေးမှူး နှင့် အရာရှိတွေကမေးရင်၊ အကြံတောင်းရင်ပေးရတယ်၊ အကြံပေး တတိယနှစ် ၂၀၁၃ ဖြစ်နေပြီ၊ အစိုးရအဖွဲ့ရုံး ကလည်း (၃) ကြိမ်သာပေးပါတယ်၊ အဲဒီတော့ ကျန်းမာရေး ကြောင့် ပြောပြီးကြိုနားလိုက်တော့တယ်၊ စီမံ /စီးပွား ဝန်ကြီးနဲ့ ဒုတိယဝန်ကြီး တို့ကတော့ ECO ကဆရာ/ဆရာမ တွေဖြစ်တော့ မိမိကိုဆက်လုပ်စေချင်ကြသေးတယ်။

## အငြိမ်းစားဆိုတော့ ဘာလုပ်မှာလဲ?

ရန်ကုန်အိမ်ပြန်ရောက်တော့၊ ဘယ်လိုနေမှာလဲ၊ စဉ်းစားရတော့တယ်၊ ပုံမှန်ရုံးမတက်ရတော့တဲ့အတွက် ပုံမှန်အလုပ်တစ်ခုအနေနဲ့ နံနက်စာစားပြီး စွန်းလွန်းဂူ ဝိပဿနာကျောင်းသို့ ထမင်းချိုင့်ယူပြီး သွားတယ်။ ကျောင်းမှာအငြိမ်းစား (၁) ဦးနဲ့ တွေ့တယ်၊ သူကသတင်း ထောက်လုပ်ခဲ့တယ်။ သတင်းထောက် အလုပ်လုပ်စဉ် ကတည်းက စွန်းလွန်းဂူဝိပဿနာကျောင်းမှာ တရားသွား ရောက်ထိုင်လေ့ရှိတယ်။ မြင်းခြံဦးကဝိရဲ့ နည်းလမ်းကို နှစ်သက်လက်ခံယုံကြည်သူတစ်ဦးဖြစ်တယ်။

## တရားထိုင်တဲ့အကျိုး

တောင်ကိုရီးယားသမ္မတနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေလာတော့၊ အာဇာနည်ကုန်းမှာသတင်းယူဖို့ သူ့ကို တာဝန်ပေးတယ်တဲ့၊ မနက်တာဝန်ထမ်းရန် အာဇာနည်ကုန်းသို့ သူ့ရဲ့ BSA ဆိုင်ကယ်နဲ့ ထွက်လာပါတယ်၊ လမ်းထိပ်ရောက်တော့ လုပ်ဖော်ကိုင်ဖက်တစ်ဦးက နံနက်ပိုင်း DUTY ကို သူ့အားပေးဖို့နဲ့ ညပိုင်း DUTY ယူရန် မေတ္တာရပ်ခံလာတယ်။ သူများအခက်အခဲရှိလို့ပဲဆိုပြီး အလွယ်တကူလွှဲပေးလိုက်တယ်။ နံနက် ၁၀ နာရီခန့်မှာ အာဇာနည်ကုန်းဗုံးခွဲတဲ့သတင်းနဲ့အတူ သူ့ DUTY ကို မေတ္တာရပ်ခံလွှဲယူသွား သူအသက်ဆုံးရှုံးသွားတယ် ကြားရတော့၊ စိတ်မကောင်းခြင်းနဲ့ အတူတုန်လှုပ်သွားတယ်၊ တရားထိုင်လို့ ဘုရားမတာပဲလို့ ယုံကြည်လက်ခံသွားတယ်၊ အဲဒီအချိန်ကစပြီး တရားကိုပိုမိုအားထုတ်လာတယ်၊ မကြာခင်မှာပဲ ပင်စင်ယူလိုက်တယ်၊ ပင်စင်ယူပြီးကတည်းက စွန်းလွန်းဘုန်းကြီးကျောင်းကို နေ့စဉ် ထမင်းချိုင့်နဲ့ လာတယ်၊ ပထမစက်ဘီးနဲ့လာတယ်၊ နောက်တော့ မော်တော်ဆိုင်ကယ်နဲ့လာတယ်။အဲဒီသတင်းထောက် ဦးတင်အေးနဲ့ ဂေါပကရုံးမှာ ဝိုင်းကူလုပ်ပေးတဲ့ အဘဦးခင်မောင်လတ်နဲ့ တွေ့ပြန်တယ်၊ ဦးတင်အေးဟာ အကြီးစားခွဲစိတ်မှု (၂) ကြိမ်လုပ်ရတယ်၊ ဘုရားတရားအကျိုးကြောင့် (၂) ကြိမ်လုံးအောင်မြင်တယ်၊ နောက်ဆုံးအသက် (၈၈) နှစ်မှာ နှလုံးရောဂါနဲ့ ကွယ်လွန်သွားတယ်၊

## နောက်ထပ် အငြိမ်းစားဝန်ထမ်းတစ်ဦး

အဘဦးခင်မောင်လတ်တဲ့၊ ဂေါပကရုံးက အလှူငွေစာရင်းကို လက်ခံပေးတယ်။ ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းတစ်ဦးဖြစ်တယ်၊ ဝန်ထမ်းဘဝကတည်းက မဟာစည်၊ စွန်းလွန်းတရားရိပ်သာတွေမှာ တရားထိုင်တယ်။ ပင်စင်ယူပြီးစွန်းလွန်းမှာ ရိပ်သာဝင်တယ်။ အသက် ၇၀ မှာ စွန်းလွန်းဂူဝိပဿနာ ကျောင်းမှာ အမြဲနေယောဂီအဖြစ်နေတော့တယ်။ သမီးနဲ့ မြေးများရှိရာကို တစ်ပတ်တစ်ကြိမ်ပြန်တယ်၊ ဘုန်းကြီးကျောင်းမှာ အနေကြာလာတော့ ရပ်ကွက်ထဲကလူတွေနဲ့ စကားပြောရတာ၊ သူတို့တွေရဲ့ နေထိုင်မှုတွေကိုတွေ့မြင်ရတာတွေနဲ့ အဆင်မပြေတော့ ရပ်ကွက်ထဲမသွားတော့ဘူးတဲ့၊ အသက် (၉၀) ကျော်လာ တော့ သားလူပျိုကြီး (၁) ယောက်က လာစောင့်ရှောက်နေတယ်။ တစ်နေ့ကိုတရား (၄) ကြိမ် ပုံမှန်ထိုင်တယ်။ အသက် (၉၆) နှစ်မှာ ကွယ်လွန်သွားတယ်၊ ဝိပဿနာအကျိုးဆိုတာ သေချာတာပေါ့။

## ပင်စင်စားကို လာဆက်သွယ်ကြပြီ

မိမိလည်းစွန်းလွန်းဘုန်းကြီးကျောင်းသို့ ၂၀၁၃ ခုနှစ် ဖွန်လကစသွားတယ်၊ မိတ်ဆွေကုမ္ပဏီကြီးများကဆက်သွယ်လာကြတယ်။ သူတို့ကုမ္ပဏီမှာလာထိုင်ဖို့၊ အလုပ်လုပ်ဖို့ ကမ်းလှမ်းကြတယ်။ မိမိအနေဖြင့် ဌာနမှာ အသက် (၆၃) နှစ်အထိ အလုပ်လုပ်ခဲ့ကြောင်း၊ သူများထက် (၃) နှစ်ပိုလုပ်ခဲ့ရလို့၊ အချိန်ပြည့် အလုပ်တာဝန်များ မလုပ်လိုတော့ကြောင်း၊ ရန်ကုန်မြို့မှာလည်း ရုံးတက်၊ ရုံးဆင်းရမှာက နေပြည်တော်နှင့် မတူကြောင်း၊ မိသားစုကိစ္စနဲ့ ကျန်းမာရေး၊ ဘာသာရေးနဲ့သာ နေတော့မည်ဟု ပြောကြားလိုက်တယ်။ မိသားစုစားဝတ်နေရေးအတွက် ၂၀၁၃ ခုနှစ်မှာ Taxi တစ်စီး ထောင်လိုက်တယ်၊

## တစ်ဦးမေတ္တာ၊ တစ်ဦးစေတနာ

တစ်နေ့တော့ မိမိဘုန်းကြီးကျောင်းမှာ ပင်စင်စားများနဲ့အတူ တရားထိုင်ပြီး နားနေချိန်မှာ လုပ်ငန်းရှင်ကြီးတစ်ဦးက ဖုန်းဆက်တယ်။ အန်ကယ် ကျွန်တော်တို့ ကုမ္ပဏီမှာတစ်ပတ်လျှင် တစ်ရက်၊ နှစ်ရက်လောက် အစည်းအဝေးလာထိုင်ပေးပါ၊ အသွားအပြန် ကားစီစဉ်ပေးပါမယ်ပြောလာတယ်။ ရုံးခန်း တစ်ခန်းလည်း စီစဉ်ပေးပါမယ်။ လာချင်တဲ့ အချိန်လာပါ၊ ပြန်ချင်တဲ့ အချိန်ပြန်ပါလို့ ပြောလာတယ်။ မိမိက အချိန်ပြည့်မလုပ်ချင်သူဆိုတော့ လက်ခံလိုက်တယ်။

သူ့ရုံးတက်ပြီး အစည်းအဝေးထိုင်တော့မှ သိရတယ်။ သူလုပ်မည့် Project က လွန်ခဲ့သော (၃) နှစ်ခန့်က မိမိရုံးမှာ လာရောက်ဆွေးနွေးသွားသည့် Project ဖြစ်နေတယ်။ ယခုအခါ နိုင်ငံခြားကုမ္ပဏီနဲ့ ဖက်စပ်ဆောင်ရွက်မှာဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေ ကုမ္ပဏီဥပဒေတွေနဲ့ ကိုက်ညီမှု ရှိ၊ မရှိ ကိုသာ အစည်းအဝေးမှာ မိမိအား မေးမြန်းဆွေးနွေးလေ့ရှိတယ်။ အချို့ရက်သတ္တပတ်မှာ

အစည်းအဝေးမရှိတော့ ကုမ္ပဏီသွားရန်မလိုပါ။

MIC Project အသစ်တွေ၊ အဟောင်းတွေ အကြံပေးရင်း၊ သူ့ဝန်ထမ်းတွေ သင်ပြပေးရင်းနဲ့ ၃ နှစ်ကျော်ခန့် လုပ်ပေးလိုက်တယ်။ သူ့ရဲ့အဓိက Project ကြီးလည်းပြီးတော့မှ အန်ကယ်လည်းနားပါတော့၊ အကူအညီလိုပါက အချိန်မရွေး ဖုန်းဆက်ပါ (၃) လစာဆုကြေးအဖြစ် ပေးလိုက်သေးတယ်။

## ဘုန်းကြီးကျောင်းမှာလာတွေ့ကြတယ်

ထမင်းချိုင့်နဲ့ နံနက်မှစ၍ ဘုန်းကြီးကျောင်းသွားတယ်။ မိတ်ဆွေဟောင်းတွေက မကြာခဏ ဖုန်းဆက်ပြီး လုပ်ငန်းကိစ္စတိုင်ပင်တယ်၊ တစ်ချို့ကလည်း ဆရာဘယ်မှာလဲ၊ လာတွေ့မလို့ဆိုကြတယ်။ အဲဒီတော့လည်း ဘုန်းကြီးကျောင်းကိုလာခဲ့ပါလို့ ချိန်းလိုက်ရတယ်။ တချို့လည်း ဘုန်းကြီးကျောင်းလာပြီး ကားထဲမှာပဲ ထိုင်စကားပြောပြီး ပြန်တယ်။ တစ်ချို့က လက်ဖက်ရည်တိုက်မယ်။ ထမင်းကျွေးမယ်ဆိုပြီး အပြင်ခေါ်သွားကြပြန်တယ်။

## အိမ်မှာပဲရုံးခန်းလုပ်လိုက်ရတယ်

မိတ်ဆွေလုပ်ငန်းရှင်တွေနဲ့ ဘုန်းကြီးကျောင်းချိန်းလိုက်၊ လက်ဖက်ရည်ဆိုင်ချိန်းလိုက်နဲ့ မသင့်တော်တော့ဘူး။ ဒါနဲ့ပဲ အိမ်မှာရုံးခန်းပုံစံပြင်ဆင်လိုက်တယ်။ MD စားပွဲ၊ ကုလားထိုင် တစ်စုံကျပ် ၅ သိန်း ပေးရတယ်။ ရင်းနှီးမြှုပ်နှံမှုပေါ့။ အဲဒီတော့ ပင်စင်စားရုံးတက်လို့ရသွားပြီပေါ့။ နံနက် Breakfast စားပြီး စွန်းလွန်းဂူဝိပဿနာကျောင်းသွား တစ်နိုင်ဒါန၊ သီလ၊ ဘာဝနာလုပ်ပြီး အိမ်ပြန်လာရုံးထိုင်ပေါ့၊ တစ်ခါတစ်ရံ ကုမ္ပဏီတစ်ချို့က အိမ်မှာလာတိုင်ပင်တယ်။ သူတို့ရေးတဲ့စာတွေ လာပြကြတယ်။ နေ့တိုင်းဘုန်းကြီးကျောင်းသွားတဲ့ အလေ့အထလုပ်တယ်။ နေ့စဉ်ကုသိုလ်စုဆောင်းခြင်းမှတ်တမ်းပေါ့။ လူဆိုတာ အလေ့အထမှ တစ်ဆင့် အလေ့အကျင့် ဖြစ်လာတယ် ဆိုတာ သိလာရတယ်။ နံနက်တိုင်း ဘုန်းကြီးကျောင်းသွားပြီး ဒါနပြုတယ်။ ၅ ပါးသီလယူတယ်။ တရားထိုင်တယ်။ (အချိန်ရသလောက်) ကျောင်း၊ ကန်၊ ဘုရားသွားတဲ့ အလေ့အကျင့်၊ ရတနာ ၃ ပါး အာရုံရအောင် ပုံမှန်သွားတယ်။ အလွန်အရေးကြီးတဲ့အခါနဲ့ ခရီးသွားလျှင်သာ ပျက်ကွက်တယ်။ တချို့ကပြောတယ်။ အိမ်မှာလုပ်လည်းရတာပဲ။ ကျောင်းသွားစရာမလိုပါဘူးတဲ့၊ မိမိရဲ့ အယူအဆကို ပြောပြလိုက်တယ်၊ မွတ်စလင်က သောကြာနေ့တိုင်း ဗလီသွားတယ်၊ ခရစ်ယာန်က တနင်္ဂနွေတိုင်း Church သွားတယ်။ မိမိတို့ ဗုဒ္ဓဘာသာတွေ ဥပုဒ်နေ့တိုင်း ဘုန်းကြီးကျောင်းသွားကြသလား။ စသည်ဖြင့် စဉ်းစားမိလို့ ယခုလိုလေ့ကျင့်တာလို့ ပြောပြလိုက်တယ်။ တစ်ချို့လည်း မိမိလုပ်တာကို အားပေးတယ်။ အတုယူတယ်။ ချီးမွမ်းသူတွေလည်း ရှိပါတယ်။ လူ့သဘာဝက ဝေဖန်ဖို့သာ အားသန်ကြတယ်လေ။

## ၂၀၁၄ ခုနှစ် အငြိမ်းစားအိမ်ပြင်ပြီ။

၂၀၀၅ ခုနှစ်က နေပြည်တော် ပြောင်းရမယ်ဆိုတော့ အိမ်အမိုးလဲတယ်။ ယခု ၂၀၁၄ ခုနှစ်မှာ အိမ်ပြင်ဖို့စီစဉ်တယ်။ အိမ်ဆောက်ဖို့ ကုန်ကျစရိတ်မတတ်နိုင်ပါ။ အိမ်ဟောင်းဖျက်မိန့်၊ အိမ်သစ်ဆောက်မိန့်၊ အိမ်ဆောက်တဲ့ ကုန်ကျစရိတ်အတွက် ငွေဖြုပြရမယ် စသည့်လုပ်ငန်းတွေနဲ့ ဆိုတော့ ခက်မယ်။ ဒါကြောင့် အိမ်ပြင်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ အိမ်ရဲ့ မူလအဆောက်အဦးကို တိုးချဲ့ခြင်း၊ အိမ်တွင်းအခန်းဖွဲ့ ပြင်ဆင်ခြင်းတို့ လုပ်ရန် စီစဉ်တော့တယ်။

အဲဒီတော့ အိမ်ဆောက်ပစ္စည်းစုဆောင်းရတယ်။ မိမိစုဆောင်းငွေ၊ ပင်စင်ယူတော့ ဆုငွေတွေနဲ့ အတူနေတဲ့ ဇနီးမိဘများကပေးတဲ့ ငွေတွေနဲ့ လုပ်ငန်းအကောင်အထည်ဖော်နိုင်တယ်။ မြို့နယ်စည်ပင်တော့ သွားပြီးသတင်းပို့တယ်၊ ဒုတိယဦးစီးမှူးအဆင့် မြို့နယ် SAE နဲ့ ဝင်တွေ့တယ်။ မိမိသည် အငြိမ်းစားတစ်ဦး ဖြစ်ကြောင်း၊ အိမ်ပြင်လိုကြောင်း ပြောပြပါတယ်။ သူတို့ကမေးစရာရှိတာမေးတယ်။ နက်ဖန်နံနက် ၁၀ နာရီလာရောက်စစ်ဆေးမယ် ပြောလိုက်တယ်။ ပင်စင်စားတစ်ဦးဖြစ်လို့ ကူညီမည်ဖြစ်ကြောင်းပြောပါတယ်။ နောက်နေ့နံနက် ၁၀ နာရီခန့်တွင် မော်တော်ဆိုင်ကယ်နဲ့ စည်ပင်ဝန်ထမ်း (၂) ဦး (ကျား(၁) မ(၁)) ရောက်လာတယ်၊ အိမ်အနီးအနားပတ်ဝန်းကျင်တွေကိုကြည့်ပြီး လုပ်နိုင်

ကြောင်းပြောပါတယ်။ စည်ပင် ဝန်ထမ်း (ကျား) က ရခိုင်ပြည်နယ်တောင်ဂုတ်မြို့သား ဖြစ်နေတော့ ပြောဆိုဆက်ဆံရတာ ပိုပြီးအဆင်ပြေ သွားတယ်။ ၄င်းတို့ရဲ့ HPနံပါတ်များ ပေးသွားတယ်။ အကြောင်းရှိရင် ဆက်သွယ်ဖို့မှာ သွားတယ်။ မိမိကလည်း သူတို့စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ အဝတ်အစားနဲ့ စားစရာတစ်ချို့ လက်ဆောင်ပေးလိုက်တယ်၊ သူတို့ကမယူလိုကြောင်း ပြောပါတယ်။ မိမိက စေတနာနဲ့ပေးခြင်းဖြစ်ကြောင်း၊ တန်ဖိုး မများကြောင်းပြောပြီး အတင်းလိုက်ပေးမှ ယူသွားကြတယ်။

## ပင်စင်စား၊ မိဘဘိုးဘွားရွာသွားပြီး ကုသိုလ်လုပ်သည်

အဖေဇာတိရွာဒေးဒရဲမြို့နယ်၊ ဆူးကလပ်ကျေးရွာသို့ ညီဖြစ်သူကပ္ပတိန် ကျော်စိန်ဝင်းနဲ့အတူ သွားရောက်ခဲ့တယ်။ (၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ) ရန်ကုန်မှ ကွမ်းခြံကုန်းမြို့သို့ ညီရဲ့ကားနဲ့သွားတယ်။ ကွမ်းခြံကုန်းမြို့က ဘုန်းကြီးကျောင်းမှာ ထားခဲ့တယ်။ ရွာမှလာကြိုတဲ့ စက်လှေနဲ့သွားရတယ်။ တိုးမြစ်ကနေ သွားရတယ်။ ပြီးမှ ချောင်းရိုးအတိုင်း ဝင်သွားရတယ်။ ချောင်းဝမှ ဝင်သွားလို့ (၁၅) မိနစ်အကြာမှာ စက်လှေက ဆီပြတ်သွားလို့ ရပ်သွားတယ်။ လေနဲ့မိုးကလည်းချုပြီး စက်လှေကိုကမ်းကပ်ပြီး စက်လှေ မောင်းသူရဲ့အကူကောင်လေးတစ်ယောက်က ဆီပုံးလွတ် (၁) ပုံးယူပြီး လယ်ကွင်းများမှ ဖြတ်၍ ရွာသို့ ပြန်ပြေးသွားသည်။ နာရီဝက်လောက်ကြာမှ ပြန်ရောက်လာတယ်။ ဆီထည့်ပြီး ဆက်မောင်းရတယ်။ ရွာကိုရောက်တော့ ညနေစောင်းနေပြီ အဖေ့အမျိုးတွေက လာကြိုကြတယ်။ ရွာကိုမရောက်တာနှစ် (၄၀) ခန့်ရှိပြီဆိုတော့ သိပ်မမှတ်မိတော့ဘူး။

ငယ်စဉ်ကခင်ခဲ့တဲ့ သူငယ်ချင်းတချို့ကလည်း ကွယ်လွန်သွားကြပြီတဲ့။ ကိုယ်က မြို့မှာနေလို့ အသက် (၆၀) ကျော်သော်လည်း ကျန်းမာရေးကောင်းနေတယ်၊ ရွာမှ သူငယ်ချင်းတွေက စီးပွားရေး မကောင်း၊ မိသားစုစားဝတ်နေရေး အဆင်မပြေကြတော့၊ ကျန်းမာရေးပါ ထိခိုက်ကြရတယ်။ ကံတရားလို့ပဲ ပြောရတော့မှာပဲ၊ ရွာမှာဆေးခန်း (၁) ခုရှိတယ်။ သူနာပြုဆရာမတစ်ဦးသာရှိတယ်။ တစ်ပတ် (၃)ရက် တိုက်နယ် ဆရာဝန်လာထိုင်တယ်လို့ပြောတယ်။ မိမိအား တက္ကသိုလ်တက်ရန် ထောက်ပံ့ခဲ့တဲ့ ဦးလေး (ကွယ်လွန်) ရဲ့ အလယ်တန်းကျောင်းကိုသွားပြီး စာကြည့်တိုက်၊ ကွန်ပျူတာ၊ မိတ္တူကူးစက်၊ မီးစက် ရရှိရေးအတွက် ရန်ပုံငွေလှူဒါန်းခဲ့တယ်။

## အမေ့ရွာသွားပြီ

ကော့မှူးမြို့နယ်၊ ဦးတို့ကျေးရွာသို့ (၂၀၁၅ ခုနှစ် ဒီဇင်ဘာလ) သွားခဲ့တယ်။ ရန်ကုန်မှ ကားဖြင့် သွားတယ်။ ဒေးဒရဲရောက်မှ စက်လှေငှားပြီး သွားရတယ်။ ဆည်မြောင်းဦးစီးဌာနမှာ လုပ်နေတဲ့ညီက သူ့တပည့်ကို အဖော်အဖြစ် ထည့်ပေးလိုက်တယ်။ (၁) နာရီ (၁၅) မိနစ် လောက်မောင်းတော့မှ ရွာကို ရောက်တယ်။ အဖိုးအဖွားက သူတို့ခေတ်က လယ်ပိုင်ရှင်တွေဖြစ်တော့၊ ဘုန်းကြီးကျောင်းဆောက်ပြီး လှူသွားနိုင်ခဲ့တယ်၊ အမေ့ရဲ့အမကြီးက မွေးခဲ့တဲ့ သမီး အငယ်ဆုံး (၇၀) နှစ် တစ်ဦးသာ ရွာမှာအမျိုးထဲက ကျန်တော့တယ်။ သူ့သားအကြီးက ဘန်ကောက်မှာ သွားအလုပ်လုပ်တယ်၊ သားအငယ်က ရန်ကုန်က KBZ ဘဏ်မှာ ကြီးကြပ်ရေးမှူးဆိုပဲ၊ ရွာမှာတော့ စီးပွားရေးအဆင်ပြေတဲ့ မိသားစုပေါ့၊ လယ်ပိုင် ကိုယ်ပိုင် စက်လှေနဲ့ နေနိုင်တယ်၊

ရွာက မူလဘုန်းကြီးကျောင်းက ၂၀၀၈ နာဂစ်မှာ ပျက်စီးသွားတယ်။ တိုက်ကျောင်းပြန်ဆောက် ထားကြတယ်။ ယခုကျောင်းဟောင်းက သစ်၊ တိုင်တွေပုံထားတယ်။ မိမိက ၄င်းသစ်တွေကို အသုံးပြုပြီး (၁၅' x၄၀') ဆွမ်းစားကျောင်းဆောက်လေးဆောက်ဖို့ စီစဉ်ပေးခဲ့တယ်။ မူလကျောင်းဒါယကာဒါယိကာမရဲ့ သားသမီးမြေးမြစ်လို့ မှတ်တမ်းတင်ရန် ပြောခဲ့တယ်။ ကျပ်သိန်း (၂၀) လောက် ကုန်ကျသွားတယ်။ အဲဒီ ကျောင်းမှာရှိတဲ့ သောက်ရေကန်ကို (၂၀၁၉) ခုနှစ်မှာ ရေဆင်းအုတ်လှေကား (၂) ခုနဲ့ ကန်ဘောင်၊ ကန်ဆယ်လုပ်ပေးတာကျပ် (၃) သိန်းလောက် ကုန်တယ်။

*ဆက်လက်ဖော်ပြပါဦးမယ်*

# မျှတ၍နည်းစနစ်ကျသောပူးပေါင်းဆောင်ရွက်မှုမှသည်
## အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုဆီသို့

## အပိုင်း(၄)
|ထက်မာန်|




အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူ့အကျိုးဖြစ်ထွန်းစေရန် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းတွင် အစိုးရတစ်ရပ် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှု (Governance) သည် အလွန်အရေးကြီးပါသည်။ ဆိုလိုသည်မှာ PPP လမ်းကြောင်းပေါ်တွင် အစိုးရ၏ စီမံခန့်ခွဲမှုသည် မည်သူက မည်သည့်အရာ လုပ်ဆောင်သင့်သည်၊ အဘယ်သို့ ဆောင်ရွက်သင့်သည်နှင့် မည်သူ့တွင် ဆောင်ရွက်ရန် တာဝန်ရှိသည်ကို ဥပဒေအရ တိုင်းထွာဆောင်ရွက်ခြင်း မည်သည်။ ထို့ပြင် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ရန် စိတ်ပါဝင်စားသော အဖွဲ့အစည်းများ၏ အကြံဉာဏ်များနှင့် ပွင့်လင်းမြင်သာသော ဆုံးဖြတ်ချက်များဖြင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်သည်။ PPPသည် ပြည်သူ့ရေးရာမူဝါဒကို ပြေလည်အောင် ဆောင်ရွက်သည့် အစိုးရ၏အဖွဲ့အစည်းဆိုင်ရာ အစီအမံဆိုလည်း မှားမည်မထင်ပါ။

အဓိကအားဖြင့် အခွင့်အာဏာရ တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်းများက ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စီးပွားရေးဆန်ဆန် ဆောင်ရွက်ရာတွင် ပြည်သူလူထုအပေါ် ထိခိုက်နစ်နာမှုမရှိစေရန် ကာကွယ်စောင့်ရှောက်သော သင့်လျော်သည့် စီမံခန့်ခွဲမှု ယန္တရားပုံစံလည်းဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်ကျိုးအတ္တအတွက် ဆောင်ရွက်မှုများကို ထိန်းချုပ်ထားခြင်းလည်းမည်သည်။

**"PPP promotes opportunities for self-governance of public activity by private actors at arm's length to the state (Baker, Justice and Skelcher**

2009)''

## ဥပဒေရေးရာစီမံခန့်ခွဲမှု (Legal Governance)

ဥပဒေရေးရာ စီမံခန့်ခွဲမှုသည် PPP လုပ်ငန်းဖော်ဆောင်သူများအကြားသာမက နိုင်ငံသူနိုင်ငံသားများအကြားတွင်ပါ နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်ဖြင့် တာဝန်ဝတ္တရားနှင့် အခန်းကဏ္ဍများကို ခွဲဝေဆောင်ရွက်ခြင်းကို ဖော်ဆောင်ပါသည်။ တိကျသော ဥပဒေရေးရာ စီမံခန့်ခွဲမှုမျိုးဖြစ်စေရန် မိမိတို့နိုင်ငံ၏ဥပဒေပြုမှုဘောင်နှင့် ဖွဲ့စည်းပုံဆိုင်ရာ စံသတ်မှတ်နှုန်းနှင့် ၄င်းတို့နှင့်ဆက်စပ်သောတရားရေးစီရင်မှုများပေါ်တွင် အခြေခံပါသည်။ အစိုးရကော်ပိုရေးရှင်းအဖွဲ့များသည် နိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများအကြား အကျိုးအမြတ်များ ဖန်တီးပေးခြင်းအားဖြင့် ၄င်းတို့အကြား ခိုင်မာသော ဆက်သွယ်မှုကို ဖြစ်ပေါ်စေပြီး ဥပဒေရေးရာ စီမံခန့်ခွဲမှုကို အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။ လူထုအခြေပြုပူးပေါင်းဆောင်ရွက်မှု (Community Based Partnerships) အတွက် အသုံးပြုသော PPP ပုံစံသည် နားလည်မှုသဘောတူစာချုပ် မူကြမ်း (MoU) နှင့်လည်း အလားသဏ္ဌာန်တူပါသည်။

## ထိန်းသိမ်းဆောင်ရွက်ရန် လုပ်ပိုင်ခွင့်အပ်နှင်းထားမှုအား စီမံခန့်ခွဲမှု (Regulatory Governance)

ထိန်းသိမ်းဆောင်ရွက်ရန် လုပ်ပိုင်ခွင့်အပ်နှင်းထားသော စီမံခန့်ခွဲမှုသည် ပြည်သူလူထုက PPP ကို စနစ်တကျ နားလည်သဘောပေါက်ကာ စည်းမျဉ်း စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်တတ်စေရန် ရည်ရွယ်ပါသည်။ အထူးသဖြင့် Meta governance သဘောမျိုး လုပ်ဆောင်နိုင်ရန်အတွက်လည်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အစိုးရအနေဖြင့် ညွှန်ကြားချက်များ၊ လမ်းညွှန်မှုများ ချမှတ်နိုင်ရန်၊ လုပ်ငန်းစီမံကိန်းများ ဖော်ဆောင်ရာတွင် ပုဂ္ဂလိကအနေဖြင့် ရင်းနှီးပါဝင်လာစေရန်နှင့် အထူးသဖြင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းယန္တရား လည်ပတ်လုပ်ဆောင်နိုင်စေရန် ဖြစ်ပါသည်။ အစိုးရ၏ Regulatory System ကောင်းမွန်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက် လာမည်ဖြစ်သည်။ ဥပမာ- In Urban Water Sector of China, Zhong, Mol and Fu 2008 states that the fragmentation and diversity of the regulatory s ystems inhabits the effective involvement of foreign direct investment in PPPs to improve water management.

အခြေခံအားဖြင့် အစိုးရသည် PPP လုပ်ငန်းစီမံကိန်းတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ထိရောက်စွာ ပါဝင်လာနိုင်စေရန် ပုဂ္ဂလိကလုပ်ငန်းလုပ်ဆောင်သူများ၏ ဝယ်ယူရေး ဆိုင်ရာလုပ်ငန်းများတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းကို ကိုက်ညီမှုရှိစေရန်နှင့် လုပ်ငန်းဖြစ်စဉ်အတိုင်း လိုက်နာဆောင်ရွက်နိုင်စေရန် ဥပဒေဆိုင်ရာ လိုအပ်ချက်များကို အလေးထား ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အစိုးရသတ်မှတ်သော ဝယ်ယူရေးဆိုင်ရာ စည်းမျဉ်းများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကွဲပြားမှုများ ရှိနိုင်ပါသည်။ ထိုဥပဒေကပင် မည်သည့်အပိုင်းကို အစိုးရက ပိုင်ဆိုင်သင့်သည်၊ မည်သည့်အပိုင်းကို ပုဂ္ဂလိကက ပိုင်ဆိုင်သင့်သည်ကို တိတိပပ ခွဲခြားသတ်မှတ်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် Solicited Project အတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များကို တင်ဒါခေါ်၍ဖြစ်စေ မိမိတို့ဘာသာ ရွေးချယ်၍ဖြစ်စေ ရွေးချယ်မှု လုပ်ဆောင်ချက်အဆင့်တိုင်းတွင် ပွင့်လင်းမြင်သာမှု ရှိစေရန်လည်း လိုအပ်ပါသည်။ ကောင်းမွန်သော Regulatory Governance မူဘောင်များသည် PPP ဖြင့် လုပ်ဆောင်သော လုပ်ငန်းစီမံကိန်းများတွင် အခွင့်အရေးသမားများနှင့် အဂတိသမားများအတွက် အဟန့်အတားဖြစ်စေပါသည်။ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ( ခုံသမာဓိတင် စီရင်ဆုံးဖြတ်ခြင်း)

## ဒီမိုကရက်တစ်အုပ်ချုပ်ရေး (Democratic Governance)

ဒီမိုကရက်တစ်အုပ်ချုပ်ရေးစနစ် ကျင့်သုံးသော နိုင်ငံအများစုတွင် PPP နည်းလမ်း ကျင့်သုံး၍ လုပ်ငန်းဖော်ဆောင်မှုများကို အများအပြား တွေ့ရပါသည်။ အဘယ့်

ကြောင့်ဆိုသော် နိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းနှင့်အတူ ပုဂ္ဂလိကကဏ္ဍမြှင့်တင်ခြင်းများ ပြုလုပ်ဆောင်ရွက်သောကြောင့်ဖြစ်သည်။ အစိုးရအနေဖြင့် မူဝါဒချမှတ်သူများအဖြစ် လုပ်ဆောင်ပြီး ပုဂ္ဂလိကက အစိုးရမူဝါဒများ ရုပ်လုံးပေါ်အောင် ပံ့ပိုးအကောင်အထည်ဖော်ဆောင်ရွက်ရပြီး ပြည်သူလူထုက ချမှတ်သောမူဝါဒများကို လိုက်နာကျင့်သုံးရမည်ဖြစ်ပါသည်။

ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင် တစ်ဦးနှင့်တစ်ဦး **ယုံကြည်မှု**(**Trust**) ရှိရန်လည်း အလွန် လိုအပ်ပါသည်။ ကာလရှည် စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်း ဆိုသောကြောင့် အပြန်အလှန် ယုံကြည်စိတ်ဝင်စားမှု ရှိရပါမည်။ ကောင်းမွန်သော စီမံခန့်ခွဲမှုမျိုးဖြစ်စေရန် အောက်ပါအချက် (၇) ချက်ကို အထူးသတိထားရပါမည်

(က) ရင်းနှီးမြှုပ်နှံမည့်သူ (သို့မဟုတ်) အစုရှယ်ယာရှင်များ၏ ပူးပေါင်းပါဝင်မှု အတိုင်းအတာ (Degree of Participation)

(ခ) နိုင်ငံနှင့် ပြည်သူပြည်သားများကို ဘေးဥပဒ်မဖြစ်စေဘဲ စည်းမျဉ်းစည်းကမ်းများနှင့် လျော်ညီစွာ ပြုမူလိုက်နာ ဆောင်ရွက်ခြင်း (Decency)

(ဂ) အစီအစဉ်များနှင့် ဆုံးဖြတ်ချက်များသည် ပွင့်လင်းမြင်သာမှုရှိခြင်း (Transparency)

(ဃ) တာဝန်ခံမှု (Accountability)

(င) လူ့အဖွဲ့အစည်းရှိလူတိုင်းတန်းတူညီမျှ ရှိသောဥပဒေ၊ လိုက်နာနိုင်သော စည်းမျဉ်းစည်းကမ်းချမှတ်မှု (Fairness)

(စ) လူ့စွမ်းအားအရင်းအမြစ်နှင့် ငွေကြေးအရင်းအမြစ်များကို အလေအလွင့်မရှိဘဲ ထိထိရောက်ရောက် အသုံးပြုခြင်း (Efficiency)

(ဆ) အနာဂတ်အကျိုး မျှော်ကိုး၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကိုစဉ်းစားခြင်း (Sustainable Development)

PPP နည်းလမ်းသုံး လုပ်ငန်းစီမံကိန်းများ ဖော်ဆောင်ရာတွင် ကောင်းမွန်သောအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုဖြစ်စေရန်လည်း အောက်ပါအချက်များကို သိထားရပါမည်-

(က) အစိုးရက ပူးပေါင်းဆောင်ရွက်မည့် Partner ရွေးချယ်ရာတွင် ရွေးချယ်မှုအဆင့်တိုင်းတွင် မျှတမှု၊ ပွင့်လင်းမြင်သာမှုများရှိရန် လိုအပ်ပါသည်။

(ခ) Value for Money (VfM) နှင့် ပတ်သက်၍လည်း အစိုးရက အာမခံချက်ပေးနိုင်ရပါမည်။

(ဂ) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း တိုးတက်အောင်ဆောင်ရွက်ပေးရမည်။ (ဥပမာ- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရန် သင်တန်းပေးခြင်းများ)

(ဃ) စီးပွားရေးအရ အောင်မြင်မှု အကျိုးအမြတ်များ ပြန်ရသောအခါတွင်လည်းကောင်း၊ Risk များရှိလာသောအခါတွင်လည်းကောင်း မျှတသောခွဲဝေမှု မျိုး ဖြစ်ရမည်။

(င) လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်စဉ် ပဋိပက္ခဖြစ်မှုများကို ရှောင်ရှား၍ ပြေလည်အောင်ဖြေရှင်းခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဖော်ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ၊ မလိုလားအပ်ဘဲ ငွေကြေးအပိုကုန်ကျမှုများကို လျော့ကျစေရမည်။

(စ) PPP လုပ်ငန်းဖော်ဆောင်ရာတွင် တွေ့ကြုံရလာနိုင်သည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ပူးပေါင်းဖြေရှင်းခြင်းဖြင့် ပြည်သူလူထုအတွက် လုံခြုံမှုပေးနိုင်ရမည်။

PPPလုပ်ငန်းစီမံကိန်း ဖော်ဆောင်မှုတွင် ကောင်းမွန်သော စီမံခန့်ခွဲမှုမျိုးဖြစ်စေရန် UNECE မှ စည်းမျဉ်းသတ်မှတ်ရာတွင် အောက်ပါအချက်များကို စဉ်းစားပြုလုပ်ရမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်-

(၁) မူဝါဒရေးရာ (Policy)

(၂) စွမ်းရည်တည်ဆောက်မြှင့်တင်ရေး (Capacity Building)

(၃) ဥဒေရေးရာမူဘောင် (Legal Framework)

(၄) စွန့်စားမှုများ၊ အခက်အခဲများ မျှဝေခံစား ဆောင်ရွက်ခြင်း (Risk Sharing)

(၅) ဝယ်ယူရေးကိစ္စရပ် (Procurement)

(၆) လူသားအကျိုးပြုခြင်း (Social Welfare)

(၇) သဘာဝပတ်ဝန်းကျင် (Natural Environment)

**မူဝါဒရေးရာဆိုရာတွင်** နိုင်ငံများသည် PPP လုပ်ငန်းဖော်ဆောင်ရန်အတွက် တိကျသော PPP မူဝါဒကို ဦးစွာချမှတ်သင့်သည်။ အချို့သောနိုင်ငံများတွင် PPP မူဝါဒမရှိဘဲ PPP နည်းလမ်းအသုံးပြုဆောင်ရွက်နေသော နိုင်ငံအချို့ကိုလည်း တွေ့ရပါသည်။ ထိုသို့ ဆောင်ရွက်နေခြင်းသည် လတ်တလောတွင် အဆင်ပြေနိုင်သော်လည်း ကာလရှည်ကြာလာသည်နှင့်အမျှ ဖြေရှင်းရခက်သော ပြဿနာများ ဖြစ်စေလာနိုင်ပါသည်။ မူဝါဒချမှတ်ရာတွင် ပြည်သူလူထု အကျိုးအမြတ်ရရှိရေး ဦးတည်၍ လူမှုရေး ညီမျှမှုရှိစေရန်၊ လူတန်းစားအားလုံး ပါဝင်လာ နိုင်စေရန်၊ ပွင့်လင်းမြင်သာမှုရှိလာစေရန်နှင့် တာဝန်ခံမှု၊ တာဝန်ယူမှုများကို နားလည်သဘောပေါက်လာစေရန် ရည်ရွယ်၍ ချမှတ်ရေးဆွဲသင့်ပါသည်။

**စွမ်းရည်တည်ဆောက်မြှင့်တင်ရေးသည်** လုပ်ငန်းဆောင်ရွက်မည့် ဝန်ထမ်းများ၏ အရည်အချင်း၊ ဖွဲ့စည်းပုံနှင့် လိုအပ်ပါက သင်တန်းပေးမှုများနှင့် သက်ဆိုင်ပါသည်။ PPP လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့အစည်းတွင်းရှိ ဝန်ထမ်းများသည် ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိခြင်း၊ စာချုပ်ချုပ်ဆိုခြင်း သဘောတရားကို နားလည်ခြင်းနှင့် ငွေကြေးစာရင်းကိုင် အတတ်ပညာများကို တတ်သိနားလည်သော ပုဂ္ဂိုလ်များဖြစ်သင့်သည်။ ပြည်သူ့ဝန်ထမ်းအဖြစ် ဆောင်ရွက်သော အစိုးရကဏ္ဍတွင် အဆိုပါ အရည်အချင်းများနှင့် ပြည်စုံသူဝန်ထမ်းအရေအတွက် အလွန်ရှားပါးပါသည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်သူဝန်ထမ်းများ (သို့မဟုတ်) အကြံပေးများကို ခေါ်ယူအသုံးပြုကြရပါသည်။

**PPP အတွက် ဥပဒေရေးရာ မူဘောင်ရေးဆွဲခြင်း** ကဏ္ဍသည်လည်း အလွန်အရေးပါ ပါသည်။ ရေးဆွဲသော ဥပဒေသည် နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့်သူများကို အကာအကွယ်ပေးနိုင်သော အာမခံချက်မျိုးလည်း ထည့်သွင်းစဉ်းစားရမည်။ အထူးသဖြင့် ဥပဒေမူဘောင်သည် ပိုမိုကျစ်လျစ်ပြီး၊ အရိုးရှင်းဆုံးနှင့် ပိုမိုကောင်းမွန်သော အနေအထားမျိုး ဖြစ်ရပါမည်။ ဥပမာ- "Fewer, Simpler and Better rules" သို့မှသာ ရင်းနှီးမြှုပ်နှံမည့်သူများက စိတ်ပါဝင်စားပြီး ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပြည်သူ့ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်လာမည်ဖြစ်သည်။

**စွန့်စားမှုများ၊ အခက်အခဲများ မျှဝေခံစား ဆောင်ရွက်ခြင်းသည်** "Cooperative Sharing and Mutual Support" PPP လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် တွေ့ကြုံရနိုင်သည့် စွန့်စားမှုများ၊ ဆိုးကျိုးသက်ရောက်မှုများကိုလည်း ပုဂ္ဂလိကတစ်ဦးတည်းသာမက အစိုးရကလည်း မျှဝေခံစားသင့်သည်။ Risk များနည်းပါးအောင် ဆောင်ရွက်ရာတွင်လည်း တစ်ဖက်တစ်လမ်းမှ အထောက် အပံ့ဖြစ်စေအောင် ကူညီပေးရပါမည်။ အချို့နိုင်ငံများတွင် Risk Matrix များတည်ဆောက်၍ လုပ်ငန်းစီမံကိန်း မစတင်မီကပင် ကျသင့်သည့်၊ ရှိသင့်သည့် ပမာဏကို အချိုးကျ သတ်မှတ်ထားတတ်ပါသည်။

**ဝယ်ယူရေးကိစ္စရပ်**တွင် အဆင့်တိုင်း၌ ပွင့်လင်းမြင်သာမှုရှိရန်နှင့် ခွဲခြားဆက်ဆံမှုများ မပြုရန်လည်း လိုအပ်ပါသည်။ ဥပမာ- ဈေးပြိုင်စနစ်ခေါ်ယူသော ကိစ္စရပ်များ၊ ပုဂ္ဂလိက အဆိုပြုလွှာများ စိစစ်ရွေးချယ်ခြင်း **လူသားအကျိုးပြုခြင်းလုပ်ငန်းများ** ဆောင်ရွက်ရာတွင် သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပံ့ပိုးမှုများ ပြုလုပ်ရာတွင် ထိထိရောက်ရောက် ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်သည်။ **သဘာဝပတ်ဝန်းကျင်**နှင့် ပတ်သက်၍ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရာတွင် လုပ်ငန်းဖော်ဆောင်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ခြင်းနှင့် ပြန်လည် ကုစားနိုင်မည့် နည်းလမ်းများကိုလည်း ကြိုတင်စဉ်းစားထားသင့်သည်။ လက်ရှိအကျိုးအမြတ်ထက် အနာဂတ်အကျိုးအတွက်ပါ မျှော်ကိုးဆောင်ရွက်သင့်ပါသည်။

(ရှေ့လဆက်ရန်)



# သုံးသပ်ချိန်တန်ပြီ

|ညို့မြင်း|

မိတ်ဆက်

ဒီဆောင်းပါးကို မရေးခင်မှာ စာရေးသူအနေနဲ့ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်စေခဲ့တဲ့ အကြောင်းအရာအတော်များများကို ဆောင်းပါးအဖြစ် ရေးသားခဲ့ပြီးဖြစ်ပါတယ်။ ဥပမာအားဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် နှစ်ရှည်မြေငှားရမ်းနိုင်မှုအပေါ် သုံးသပ်တင်ပြခဲ့တဲ့ ဆောင်းပါးတွေပါ။ ခုဆောင်းပါးမှာလည်း မြန်မာ့လယ်ယာမြေစီမံခန့်ခွဲမှုနှင့် သက်ဆိုင်တဲ့အကြောင်းအရာကိုပဲ နိုင်ငံတော် တာဝန်ရှိသူများအနေဖြင့် အချိန်ယူသုံးသပ်နိုင်အောင် လက်လှမ်းမီသလောက် အသိဉာဏ် တစ်ထွာတစ်မိုက်ဖြင့် အနည်းငယ် တင်ပြပါရစေလို့ ဦးစွာ ပန်ကြားလိုပါတယ်။ စာရေးသူ ဒီဆောင်းပါးကို ရေးသားရတဲ့ ရည်ရွယ်ချက်ကတော့ ပြန့်ကျဲနေပြီး

အလွယ်တကူ ရင်းနှီးမြှုပ်နှံဖို့ မြေ နေရာခက်ခဲနေတဲ့အတွက် မြန်မာနိုင်ငံက မြေယာပေါ်လစီနှင့် ဥပဒေတွေကို တပေါင်းတစည်းတည်း စုပေါင်းပြီး လွယ်လင့်တကူ မြေယာဥပဒေများ ပြင်ဆင်သုံးသပ်ပြီး ပြည်တွင်းနှင့်ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေအတွက် စနစ်တကျလည်းဖြစ်၊ အများပြည်သူတွေလည်း ထိခိုက်မှု အနည်းဆုံးဖြစ်အောင်စီမံခြင်းဖြင့် အမြန်ဆုံး ထိရောက် အကောင်အထည်ဖော်ဆောင်နိုင်အောင် အကြံပြုတိုက်တွန်းလိုခြင်း ဖြစ်ပါ တယ်။

တကယ်တော့ မြန်မာနိုင်ငံမှာ လက်ရှိအနေအထားအထိ လယ်မြေ/ယာမြေနှင့် အိုးအိမ်တည် ထောင်သည့်မြေများစသည့် ရှိရှိသမျှသော နိုင်ငံတော်နယ်နိမိတ်အတွင်းရှိတဲ့ မြေတိုင်းဟာ နိုင်ငံတော်ပိုင်မြေများသာဖြစ်တာကို သတိမူမိကြမယ်လို့ထင်ပါတယ်။ နိုင်ငံတော်ဆီမှ အငှားချထား ရယူထားကြတာကိုလည်း သတိမူမိကြမယ်လို့ ထင်ပါတယ်။ အများပြည်သူများအနေဖြင့် အသေအချာမသိရှိကြတာကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံပိုင်မြေအများစုဟာ ဝန်ကြီးဌာနပိုင်မြေ၊ ဗဟိုအစိုးရထံတင်ပြပြီး စီမံခန့်ခွဲခွင့်ရှိတဲ့မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရက စီမံခန့်ခွဲခွင့်ရှိတဲ့မြေစသည် ပြန့်ကျဲတည်ရှိနေခြင်းကိုပါ။ တကယ်တော့ ရင်းနှီးမြှုပ်နှံမှုလုပ်မည့် လုပ်ငန်းအလတ်နှင့် လုပ်ငန်းကြီးတွေက မြို့ပြနဲ့ဝေးတဲ့ နေရာကျယ်ကျယ်ပြန့်ပြန့်ရှိတဲ့ နေရာမျိုးတွေကသာ အမှန်တကယ်အသုံးတည့်တာမျိုးပါ။ တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုမှာ မြေလွတ်၊ မြေလတ်နှင့် မြေရိုင်းသတ်မှတ်ထားတဲ့မြေတွေ အလွန်ပေါများပေမဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရဆိုရင်တော့ စက်မှုဇုန်ပေါက်မြေဖြစ်ဖို့က အတော်လေး အဆင့် အများကြီးကြာမှ ခွင့်ပြုချက်ရနိုင်တာမျိုးပါ။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေရဲ့ လုပ်ပိုင်ခွင့်အာဏာ အရသာ ယာယီအဆင်ပြေအောင် နေရာချထားပေးတာမျိုးပဲ ဖြစ်နေတာပါ။ တကယ်တော့ နှစ်ရှည်အခြေချလုပ်ကိုင်နိုင်ဖို့ဆိုတာ ရေရာတဲ့ စက်မှုမြေပေါ်မှာ အသေအချာ နေရာချပေးနိုင်မှသာ ယုံကြည်မှု ပိုမိုရရှိနိုင်မှာဖြစ်တာကြောင့်ပါ။

လက်တွေ့ကွင်းဆင်းကြည့်တဲ့အခါ စက်မှုဇုန်တွေ သတ်မှတ်ထားပေမဲ့ စက်မှုဇုန် အင်္ဂါရပ်နှင့်ညီတဲ့ နေရာတွေက အတော်လေးရှားပေမဲ့ ရင်းနှီးမြှုပ်နှံဖို့ လာရောက်သူတွေအဖို့ မြေဈေးနှုန်း အင်မတန် မြင့်မားနေမှုက အဓိကပြဿနာတစ်ခု ဖြစ်နေတာမို့ အတော်လေး အခက်တွေ့ကြရပါတယ်။ ဒါ့အပြင် ငှားရမ်းမြေကို စက်မှုဂရမ်ပေါက်လုပ်ဖို့ဆိုတာကလည်း အတော်လေး ငွေကုန်လူပန်းကိစ္စမျိုး ဖြစ်နေပြန်ပါတယ်။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေနဲ့ စက်မှုဂရမ်လျှောက်ထားဆဲ အနေအထား၊ အထောက်အထားလောက်နဲ့ ရင်းနှီးမြှုပ်နှံခွင့် ခွင့်ပြုမိန့်ထုတ်ပေးနေပေမဲ့ ဆက်လုပ်ရမည့် လုပ်ငန်းရှင်အတွက်ကတော့ လွယ်ကူတာတော့ မဟုတ်ပါဘူး။ နိုင်ငံတကာနှင့်အပြိုင် ရင်းနှီးမြှုပ်နှံသူတွေ ကိုယ့်နိုင်ငံကို အများဆုံးလာစေချင်ရင်တော့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ခြေချလာတာနဲ့ တစ်ပြိုင်နက်တည်း ဘယ်မြေမှာ လုပ်ချင်လဲ တစ်ခါတည်း ညွှန်းဆိုနိုင်ရမှာလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ခုချိန်မှာ အတော်လေး ကြိုးစား ညှိနှိုင်းလုပ်ကိုင် ပေးနေတာကိုလည်း တွေ့မြင်နေရတဲ့ အတွက်နိုင်ငံတော်အနေနဲ့ မြေယာဥပဒေတွေကို အပြန်အလှန်သုံးသပ်စိစစ်ပြီး ပြုလွယ်ပြင်လွယ်တဲ့ မြန်ဆန်တဲ့ လုပ်ထုံးလုပ်နည်းတွေကို ချမှတ်လုပ်ဆောင်သင့်ပြီလည်း ဖြစ်ပါတယ်။

## လက်လှမ်းမီသလောက်မြေယာဥပဒေများ

စာရေးသူအနေဖြင့် ဒီအပိုင်းမှာ လက်လှမ်းမီသလောက် မြေယာဥပဒေစာရင်းကို အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနက လေ့လာပြီး စာရင်းပြုစုတင်ပြလိုပါတယ်။ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းများ အသေးစိတ်ကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနမှာ သိမ်းဆည်းထိန်းသိမ်းထားတဲ့ အဖိုးတန်စာတွေကို သွားရောက်လေ့လာကြဖို့လည်း တိုက်တွန်းလိုပါတယ်။ လွတ်လပ်ရေးမရခင် ကိုလိုနီခေတ်ကစပြီး ဒီမိုကရေစီခေတ်အထိ ခေတ်အဆက်ဆက် တည်ရှိပြဋ္ဌာန်းခဲ့တဲ့ မြေယာဥပဒေတွေကို စုစည်းဖော်ပြရာမှာ မှတ်တမ်းများအရ ၁၈၇၆ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ ဖော်ပြသွားမှာလည်း ဖြစ်ပါတယ်။

ဇယား- မြေယာနှင့်လယ်ယာလုပ်သားများနှင့် သက်ဆိုင်သည့်ဥပဒေမူကြမ်းနှင့် ပြဋ္ဌာန်းဥပဒေများ

| စဉ် | ခုနှစ် | ဥပဒေမူကြမ်း၊ ပြဋ္ဌာန်းဥပဒေ/နည်းဥပဒေ |
|---|---|---|
| ၁။ | ၁၇၇၆-၁၇၇၉ | အောက်မြန်မာနိုင်ငံမြေနှင့် အခွန်တော်အက်ဥပဒေ |
| ၂။ | ၁၇၉၁ | မြန်မာနိုင်ငံလယ်ယာလုပ်ကိုင်သူများ သက်သာချောင်ချိရေးဥပဒေကြမ်း |
| ၃။ | ၁၇၉၂ | သီးစားဥပဒေကြမ်း |
| ၄။ | ၁၇၉၆ | အခြားသီးစားဥပဒေကြမ်း |
| ၅။ | ၁၉၀၆ | လယ်ယာမြေပိုင်ဆိုင်မှုကို ကန့်သတ်သောသီးစားဥပဒေကြမ်း |
| ၆။ | ၁၉၃၇ | မြန်မာနိုင်ငံသီးစားဥပဒေကြမ်း |
| ၇။ | ၁၉၃၉ | သီးစားချထားရေးအက်ဥပဒေ |
| ၈။ | ၁၉၃၉ | လယ်ယာမြေဝယ်ခြမ်းရေးအက်ဥပဒေ |
| ၉။ | ၁၉၄၁ | လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ |
| ၁၀။ | ၁၉၄၂ | မြေယာလုပ်ကိုင်မှုဆိုင်ရာစည်းကမ်းများ |
| ၁၁။ | ၁၉၄၅ | မြေယာပဋိပက္ခအက်ဥပဒေ |
| ၁၂။ | ၁၉၄၅ | ငွေတိုးချေးထားသူများဥပဒေ |
| ၁၃။ | ၁၉၄၇ | စိုက်ပျိုးရေးအကြွေးဆိုင်းငံ့သည့် ဥပဒေ |
| ၁၄။ | ၁၉၄၇ | လယ်ယာမြေလုပ်ကိုင်သူတို့၏ ကြွေးမြီသက်သာရေးအက်ဥပဒေ |
| ၁၅။ | ၁၉၄၈ | လယ်ယာအလုပ်သမားများအနည်းဆုံး အခကြေးငွေအက်ဥပဒေ |
| ၁၆။ | ၁၉၄၈ | သီးစားချထားရေးအက်ဥပဒေ |
| ၁၇။ | ၁၉၅၀ | သီးစားစစ်နှုန်းအက်ဥပဒေ |
| ၁၈။ | ၁၉၅၃ | လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေရေးဆွဲပြဋ္ဌာန်း |
| ၁၉။ | ၁၉၅၃-၁၉၆၃ | ဆယ်နှစ်စီမံကိန်း- မြေယာဝေခြမ်းရေးအစီအစဉ် |
| ၂၀။ | ၁၉၅၄ | လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးနည်းဥပဒေ |
| ၂၁။ | ၁၉၆၃ | သီးစားချထားရေးနည်းဥပဒေ |
| ၂၂။ | ၁၉၆၃ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့်ဥပဒေ |
| ၂၃။ | ၁၉၆၅ | သီးစားချထားရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ |
| ၂၄။ | ၁၉၇၈ | အမိန့်ကြော်ငြာစာ ၃/၇၈ (ဝန်ကြီးဌာနသဘောတူညီမှု ရယူဆောင်ရွက်ရန်)<br>အမိန့်ကြော်ငြာစာ ၄/၇၈( သီးနှံများကို သတ်မှတ်ချက်အတိုင်း သတ်မှတ်ချိန်အတွင်း စိုက်ပျိုးရန်နှင့် သတ်မှတ်အဖွဲ့အစည်းထံသို့ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချရန်)<br>လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ပြီးဒေသများတွင် လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြားချက်များ<br>ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေအရ လယ်ယာလုပ်ပိုင်ခွင့်များအတွက် လုပ်ထုံးလုပ်နည်းများ |
| ၂၅။ | ၁၉၈၇ | သတ်မှတ်ထားသောသီးနှံများကို သတ်မှတ်အဖွဲ့အစည်းများသို့ပေးသွင်းရန်ညွှန်ကြားချက် |
| ၂၆။ | ၁၉၈၈ | သီးနှံများစိုက်ပျိုးရေးနှင့်မြေခွန်ကို ငွေကြေးဖြင့်မဟုတ်ပဲသီးနှံဖြင့် စိုက်ပျိုးရန် ညွှန်ကြားချက် |
| ၂၇။ | ၁၉၉၁ | မြေလွတ်မြေရိုင်းစီမံခန့်ခွဲမှုဗဟိုအဖွဲ့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် မြေယာလုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့် လုပ်ထုံးလုပ်နည်းများ |
| ၂၈။ | ၂၀၁၂ | လယ်ယာမြေဥပဒေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ |

အထက်ဇယားက ဥပဒေတွေကို အကြမ်းဖျင်း လေ့လာကြည့်ရင်တော့ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေတွေနှင့် လယ်ယာမြေလုပ်ကိုင်သူများအတွက် သက်သာချောင်ချိရေး၊ သီးစားချထားမှုနှင့် အခွန်သက်သာအောင် လုပ်ပေးတဲ့ ဥပဒေတွေကို တွေ့ရမှာဖြစ်ပါတယ်။ အကျိုးဆက်အားဖြင့် ပြန်ကြည့်မိတဲ့အခါ မြန်မာနိုင်ငံပိုင်မြေယာအားလုံးဟာ ဝန်ကြီးဌာနများပိုင် မြေယာအဖြစ်လည်းကောင်း၊ ဗဟို အစိုးရကိုတင်ပြပြီးမှသာ စီမံခွင့်ရှိတဲ့မြေ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံပိုင်ခွင့်ရှိတဲ့ မြေယာများအဖြစ် တကွဲတပြား ဖြစ်နေပြန်ပါတယ်။ သာမာန်အရပ်စကားအရဆိုပါလျှင် လယ်/ဆည်ပိုင်မြေ၊ အိုးအိမ်စည်ပင်ပိုင်မြေ၊ ထွေအုပ်ပိုင်မြေ စသည်ဖြင့် ကွဲပြားနေကြခြင်းပါ။

ဒါကြောင့် မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံဖို့ လာရောက်သူများအဖို့ စက်မှုဇုန်မရှိတဲ့ ဒေသများမှာ စိတ်ကြိုက် ရင်းနှီးမြှုပ်နှံနိုင်ဖို့နှင့် အကြီးစားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ဖို့ဆိုတာ ချင့်ချိန်စရာတွေ ဖြစ်လာစေတာပါ။

## ဘာတွေခက်ခဲနေလဲ

မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတွေအဖို့ မြန်မာနိုင်ငံမှာ အခြေချလုပ်ကိုင်နိုင်ဖို့၊ ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို လုပ်ကိုင်နိုင်ဖို့ဆိုတာ ကျယ်ပြန့်တဲ့ မြေအနေအထား လိုအပ်တာက အမှန်ပဲဖြစ်ပါတယ်။ စာရေးသူတို့ အတွေ့အကြုံအရဆိုရင် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတွေကို အခြားသုံးခွင့်အပါအဝင် စက်မှုဇုန်ပေါက်လုပ်ဖို့ဆိုတာ ဗဟိုမြေယာစီမံခန့်ခွဲမှု ကော်မတီ၊ စီးပွားရေးရာ ကော်မတီများအထိ မြို့နယ်မှသည် ဗဟိုအထိ အဆင့်ဆင့်ဆောင်ရွက်ရပြီး အချိန်နှစ်ချီကုန်မှာဖြစ်သလို အသုံးပြုစိုက်ထုတ်ရမည့် ငွေကြေးကုန်ကျမှုနှင့် ကြန့်ကြာမှုများကြောင့် ရင်းနှီးမြှုပ်နှံမှု ပြုလိုစိတ်များ ကုန်ခမ်းသွားနိုင်ဖွယ်ရာ ဖြစ်နေပြန်ပါတယ်။ အသင့်အတင့် ရင်းနှီးမြှုပ်နှံမည့်သူများအဖို့ စက်မှုဇုန်မြေလောက်ဖြင့် အဆင်ပြေနိုင်သော်လည်း အမှန်တကယ် ရင်းနှီးမြှုပ်နှံမည့်သူများအတွက်မူ အဆင်မပြေနိုင်ပေ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရဆိုလျှင်လည်း စက်မှုဇုန်မြေပေါ်တွင် ရင်းနှီးမြှုပ်နှံသည့် အထောက်အထား မြေငှားစာချုပ်တင်ပြရန် လိုအပ်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအနေဖြင့် မြန်မာပါတနာကို ရှာရန်မလွယ်ကူပါက မြေငှားရန်ပင် အခက်အခဲကြီးတစ်ခုအဖြစ် တည်ရှိနေဆဲဖြစ်သည်။ အဆင့်ဆင့် ဈေးကစားခြင်း၊ မည်သို့ဆက်သွယ်ဆောင်ရွက်ရမည်ကို မသိနားမလည်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလည်း ချက်ချင်း ဘယ်မြေကြိုက်လဲ လမ်းညွှန်ပြနိုင်ရန် ခက်ခဲခြင်းတို့ကြောင့်လည်း ရင်းနှီးမြှုပ်နှံမှုများ တွန့်ဆုတ်လာရခြင်း၏ အဓိကအချက်တစ်ခုလည်းဖြစ်သည်။ ထို့အပြင် မြေထောက်ခ သီးစားခ သတ်မှတ်ထားခြင်း မရှိသည်မှာလည်း ယုံကြည်မှုကို ဆုံးရှုံးစေပြန်ပါသည်။ အမှန်အားဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရောက်လာသည်နှင့် မြေနှင့်ပတ်သက်သော လမ်းညွှန်ချက်များနှင့် လိုက်ပါပို့ဆောင်ပြသနိုင်ပြီး ဒီမြေဆိုရင် ဘယ်လောက်၊ ဒီ အကျယ်အဝန်းက အကြီးစား၊ အလတ်စား၊ အသေးစား ရင်းနှီးမြှုပ်နှံမှုနှင့် ကိုက်ညီတယ်။ ဘာအခွင့်အလမ်းတွေရမည်၊ မြေငှားရမ်းခဘယ်လောက်၊ ဘယ်နှစ်နှစ်ကြာ ငှားလို့ရမည်စသည်ဖြင့် ရောက်ရောက်လာလျှင်လာချင်း ဆွဲဆောင်မှုပြုနိုင်ခဲ့မည်ဆိုပါလျှင် ငှားမည့်မြေပိုင်ရှင်ရော၊ ငှားမည့်ရင်းနှီးမြှုပ်နှံသူများပါ အဆင်ပြေလွယ်ကူ၍ နိုင်ငံတော်မှလည်း တံဆိပ်ခေါင်းခွန်အပါအဝင် အခွန်တော်များ ရရှိလာမည်လည်းဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်လာခြင်းနှင့် နည်းပညာသစ်များအပါအဝင် ဆန်းသစ်တီထွင်မှုများကိုပါ ရရှိလာနိုင်ပေမည်။

ဖော်ပြပါအခက်အခဲအချို့ဟာ စာရေးသူရေးပြသည့် အနည်းငယ်မျှသော အခက်အခဲများသာဖြစ်ပြီး ကာယကံရှင်များအဖို့မူ ကြီးလေးသော အခက်အခဲများရှိနေစေခြင်း၊ စိတ်ညစ်ညူးရခြင်းများစွာ ဖြစ်ပေါ်နေကြမှာလည်းဖြစ်ပါတယ်။ တစ်ချိန်ကဆိုလျှင် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရန် အခွန်ကင်းလွတ်ခွင့်နှင့် တင်သွင်းခွင့်ပြုသည့် အခွင့်အလမ်းများ၊ အခွန်ကင်းလွတ်ခွင့် ခံစားခွင့်များပေးခဲ့ကြသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ ဆတိုး တိုးတက်ခဲ့ပါတယ်။ အဆိုပါအခွင့်အရေးများကို ယခု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ရင်းနှီးမြှုပ်နှံမှုပြုသူတိုင်းကို ခံစားခွင့်ပေးမည်ဟု ဖော်ပြထားခြင်းမဟုတ်ဘဲ လျှော့ချထားနိုင်သည်ဟုသာ ဖော်ပြထားပါတယ်။

မြေဈေးအဆမတန်ကြီးမားမှုကြောင့် ရန်ကုန်တွင် အခြေချလိုသော ရင်းနှီးမြှုပ်နှံလိုသူများအနေနဲ့ နီးစပ်ရာ ပဲခူးတိုင်းဒေသသို့ ချဉ်းကပ်ရောက်ရှိသွားခဲ့ကြပေမဲ့ စက်မှုဇုန်ပေါက်မြေမဟုတ်သည့် မြေလွတ်မြေရိုင်း အဆင့်တွင်သာ အများစုရှိနေကြသည့်အတွက် အလွယ်တကူ ရင်းနှီးမြှုပ်နှံရန် မလွယ်ကူပြန်ချေ။ ထို့အတူ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့်လည်း ပြည်ပ ထွက်ပေါက် ပို့ကုန် ကုန်ကျစားရိတ်တွက်ချက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေနိုင်မှုအပေါ် တွက်ချက်ကုန်ကျမှုများကြောင့် ရန်ကုန်တိုင်းတွင် ရင်းနှီးမြှုပ်နှံရသည်က ပိုမိုအကျိုးများသည့်အတွက် ချင့်ချိန်စရာများစွာ ဖြစ်ပေါ်စေပြန်ပါတယ်။

ထိုသို့ဆိုလျှင် လွယ်ကူသောရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် ဘယ်လိုစီစဉ်ပေးသင့်ပါသလဲ။ ပြည်ပ နိုင်ငံ

များကို လေ့လာနမူနာယူ ပြုပြင်နိုင်သော်လည်း မြန်မာနိုင်ငံ၏ မြေယာပေါ်လစီနှင့် ခက်ခဲသော မြေယာအသုံးပြုခွင့်သည် အဓိက အတားအဆီးအဖြစ် ဆက်လက်တည်ရှိနေမြဲ ဖြစ်ပါတယ်။

## ဘယ်လိုအဆင်သင့်ပြင်မလဲနှင့် နိဂုံး

ရင်းနှီးမြှုပ်နှံမည့် မြန်မာနိုင်ငံသားရော၊ နိုင်ငံခြားသားများအတွက်ပါ လွယ်ကူတဲ့ နှစ်ရှည် မြေငှားရမ်းနိုင်မည့် မြေယာပေါ်လစီတွေ ချမှတ်ထားနိုင်ဖို့ အဆင်သင့် ချထားပေးနိုင်မည့် နိုင်ငံပိုင်မြေများကိုလည်း အဆင်သင့် ပြင်ဆင်ထားကြရမှာလည်း ဖြစ်ပါတယ်။ ထိုင်းနိုင်ငံ ဆိုလျှင် နှစ်ရှည်မြေအပိုင် ဝယ်ခွင့်ပေးထားပြီး ရင်းနှီးမြှုပ်နှံမှု မပြုလုပ်တော့သည့်အခါမှသာ နိုင်ငံတော်ကို မြေပြန်လည်အပ်နှံရသည့် ပေါ်လစီသည် လက်ရှိအချိန်အထိ အလုပ်ဖြစ်ဆဲဖြစ်သည်။ တရုတ်နိုင်ငံကမူ လာရောက် ရင်းနှီးမြှုပ်နှံသူများအတွက် အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်ကြီးများကို စနစ်တကျ ချထားပြီးဖြစ်သည့်အပြင် လာရောက် ရင်းနှီးမြှုပ်နှံသူများအတွက် နေထိုင်နိုင်ရန် ကွန်ဒိုများကိုပါ အဆင်သင့် ချထားနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။ ထို့အတူ ဗီယက်နမ်နိုင်ငံကို ခြေချလာသည့် ရင်းနှီးမြှုပ်နှံသူများကို လက်မလွှတ်သွားအောင်လည်း အသေအချာ စီမံထားသည်ကိုလည်း လေ့လာသိရှိနိုင်သည်။ အဓိကမှာ လက်တွေ့ဆန်ဆန် လုပ်ဆောင်ဖို့က အရေးကြီးလှပါသည်။ ထိရောက်သော မြေယာပေါ်လစီနှင့် ချထားပေးနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ အားလုံးရှိ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုနိုင်သည့် မြေယာများ၊ မြေလွတ်မြေရိုင်းများကို မြေပုံ၊ အကျယ်အဝန်းနှင့် သတ်မှတ်စံဈေးနှုန်းများဖြင့် ဖော်ပြလျက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ပေးပို့ထားသင့်ပြီး၊ ဝန်ကြီးဌာနပိုင်မြေများနှင့် PPPပြုလုပ်မည့် စက်ရုံ မြေများစာရင်း စသည်တို့ကိုလည်း အဆင်သင့်မြေပုံများနှင့်အတူ အတိအကျဖော်ပြ ငှားရမ်းစနစ်များကိုပါ အဆင်သင့် ပြုလုပ်ထားသင့်လှပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံ၏ စီးပွားရေးတံခါးဝင်ပေါက်ဖြစ်သည်နှင့်အညီ မြန်မာနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများ လိုချင်သော၊ လိုအပ်နေသော သတင်းအချက်အလက် များကို တစ်ထိုင်တည်း၊ တစ်နေရာတည်းကပေးနိုင် မည်ဆိုပါလျှင် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင် ဆွဲဆောင်ရာတွင် နောက်တန်းမကျသည့်အဆင့်သို့ ရောက်ရှိလာပေမည်။ အခြားနိုင်ငံများနည်းတူ ဘယ်မြေအမျိုးအစားမှာ ရင်းနှီးမြှုပ်နှံမည်ဆိုပါက ဘယ်လောက်အခွင့်အလမ်း ခံစားခွင့်ရမည်စသည့် မြေပေါ်လစီပါ ပူးတွဲချထားနိုင်မည်ဆိုပါက ထူးခြားဆွဲဆောင်နိုင်မှုတွင်ပါ နောက်ကောက်မကျတော့ဘဲ လွယ်ကူသော ရင်းနှီးမြှုပ်နှံမှုအပါအဝင် ဆွဲဆောင်နိုင်စွမ်းလည်း မြင့်တက်သွားမည်လည်း ဖြစ်သည်။

ကမ္ဘာ့ဘဏ်အပါအဝင်၊ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ အစီရင်ခံစာများအရ မြန်မာ့စီးပွားရေးသည် ၂၀၂၀ ခုနှစ်တွင် အကျဘက်သို့ဦးတည် သုံးသပ်မှုများ ထွက်ပေါ်လျက်ရှိနေသည်။ မည်သည့် အတိုင်းအတာ အညွှန်းကိန်းများဖြင့် တိုင်းတာတွက်ချက်သည်ကို အသာထား၍ မိမိတို့ ပြုလွယ်ပြင်လွယ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲ အကောင်အထည်ဖော်ဆောင်ကြရမည်လည်းဖြစ်သည်။

စာရေးသူ အထူးအကြံပြုလိုသည်မှာ အမျိုးမျိုးကွဲပြားခြားနားနေသော နိုင်ငံပိုင်မြေများကို စိစစ်၍လည်းကောင်း၊ မြေယာပေါ်လစီနှင့် ဥပဒေများကို ပြုပြင်ပြဋ္ဌာန်းခြင်းများ ပြုလုပ်ခြင်းဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်သည့် မြေများကို တစ်နိုင်ငံလုံး တစ်စုတစ်စည်းတည်း စုစည်းလျက် စက်မှုဂရမ်ပေါက်မြေများအဖြစ် သင့်လျော်သော မြေထောက်ခံများသတ်မှတ်ခြင်းဖြင့် လက်ဝါးကြီးအုပ် ကြိုးနီစနစ်ကို ရှောင်ရှားနိုင်သည့်စနစ်ကို အသုံးချ၍ နိုင်ငံတော်၏အစီအစဉ်ဖြင့် အထူးကြပ်မတ်ထိန်းကျောင်း လုပ်ဆောင်နိုင်ရန် သုံးသပ်ချိန်တန်ပြီ ဖြစ်ပါကြောင်း ရေးသားရင်း နိဂုံးချုပ်လိုက်ရပါတယ်။

*ကျမ်းကိုးစာရင်း။ မြေယာဆိုင်ရာအထောက်အထားနှင့် ဥပဒေများ၊ အမျိုးသား မှတ်တမ်းများမော်ကွန်းတိုက်ဦးစီး ဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ*

# ခေတ်အဆက်ဆက် လူကိုဖျက်သော
# မူးယစ်ဆေးကို ရှောင်စေလို




|ဗိုင(Y)|

မူးယစ်ဆေးဝါးများသည် လူမှုဘဝဖွံ့ဖြိုးရေးကိုသာမက တန်ဖိုးရှိသည့် နိုင်ငံ၏ အနာဂတ်လူ့စွမ်းအားအရင်းအမြစ်နှင့် လူ့ပတ်ဝန်းကျင်ကို များစွာအနှောင့်အယှက် အဟန့် အတားဖြစ်စေသည့်အရာများတွင် တစ်ခုဖြစ်ပေသည်။ သို့သော်လည်း ယနေ့ခေတ်တွင် မျိုးစုံလှသော မူးယစ်ဆေးဝါးများကို တရားဝင်သော်လည်းကောင်း၊ တရားမဝင်သော်လည်းကောင်း ရောင်းချသုံးစွဲနေသည်ကို လည်း တွေ့ရှိနေရပါသည်။ မူးယစ်ဆေးဝါးဟုဆိုရာတွင် ဘိန်း၊ ကိုကင်း၊ ရာမ၊ စိတ်ကြွရူးသွပ်ဆေးပြား (WY) စသည်တို့ကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ ဆေးလိပ်၊ အရက်၊ ကွမ်းတို့ပါ ပါဝင်နေပါသည်။

## မူးယစ်ဆေးဝါးဆိုတာ

မူးယစ်ဆေးသုံးစွဲခြင်းဆိုသည်မှာ စိတ်ကိုပြောင်းလဲစေနိုင်သော အရာဝတ္ထု(သို့) အရည်တစ်မျိုးမျိုးကို အရေပြားအတွင်းသို့ ထိုးသွင်းခြင်းနှင့် ရှူရှိုက်သုံးစွဲခြင်းပင်ဖြစ်သည်။ သတင်းစာများ၊ ဆောင်ပါးများတွင်လည်း မူးယစ်ဆေးဝါး သုံးစွဲမှု၊ ရောင်းချမှုဖြင့် ဖမ်းဆီးခံရမှုများကို နေ့စဉ်လိုလို တွေ့မြင်နေရသည်။ ထိုမျှမက ဒီမိုကရေစီစနစ် ပွင့်လင်းမြင်သာမှု အားကောင်းလာသည်နှင့်အမျှ သတင်းစာအချို့ ဥပမာ- (မြန်မာတိုင်းမ်း) နှင့် သတင်းမီဒီယာ အချို့တွင် ဘိန်းစိုက်ခင်းများ၊ ဆေးရွက်ကြီး စိုက်ခင်းများ တည်ရှိရာနေရာဒေသများကို ဓာတ်ပုံများနှင့်တကွ အများပြည်သူ သိရှိနိုင်ရန် ဖော်ပြလာကြသည်ကို တွေ့ရှိနေရပြီဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်သော အဓိက နိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာ့ဘိန်းထုတ်လုပ်မှု၏ ၁၄ ရာခိုင်နှုန်းကို ထုတ်လုပ်ကြောင်းနှင့် ကမ္ဘာ့ ဘိန်းစိုက်ဧရိယာ စုစုပေါင်း ၂၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာက ဆိုသည်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည်

မြန်မာနိုင်ငံ၏ ကြီးမားသော မူးယစ်ဆေးဝါးဆိုင်ရာ ပြဿနာအဖြစ် တည်ရှိနေဆဲဖြစ်ပြီး လွန်ခဲ့သည့် ခြောက်နှစ်ကျော်ကာလခန့်မှစတင်၍ စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာကလည်း ထပ်မံကြီးထွားလာခဲ့ရာ ကမ္ဘာပေါ်ရှိ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့် အဓိကနိုင်ငံများ စာရင်းတွင် မြန်မာနိုင်ငံ ပါဝင်လာခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခုံရုံး (United Nations Office on Drugs and Crime - UNODC) နှင့် Central Committee for Drug Abuse Control (CCDAC) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် ၎င်း၏အကျိုး သက်ရောက်မှုများကို စစ်တမ်းကောက်ထားသည့် အစီရင်ခံစာ၌ ဘိန်းပင်များအား ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးနေသည်ကို တွေ့ရှိရပြီး ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့လည်း ပါဝင်ပါသည်။

## မူးယစ်ဆေးအန္တရာယ်နှင့် လူငယ်

ယနေ့ခေတ်ကာလတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် မူးယစ်ဆေးများသည် လူငယ်များ အကြားတွင် လျင်မြန်စွာ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်ကို တွေ့ရှိနေရသည်။ မူးယစ်ဆေးဝါး အများဆုံးသုံးစွဲသည့် အသက်အရွယ်တွင် လူငယ်နှင့် သက်လတ်ပိုင်းများမှာ အများဆုံးဖြစ်သည်။ 'အရင်းစစ် မြေမှာအမြစ်' ဆိုသကဲ့သို့ အဓိကအကြောင်းတရားများကို ပြန်စစ်ရလျှင် ကျောင်းနေအရွယ် အလယ်တန်းနှင့် အထက်တန်းကျောင်းသားများပင် မူးယစ်ဆေးဝါးများ စတင်မြည်းစမ်းနေပြီဖြစ်သည်။ ကျောင်းပြင်ပ အနီးအနားတွင် လွယ်လင့်တကူ ရရှိနေသော ဆေးလိပ်၊ ကွမ်းယာများသည် မြီးကောင်ပေါက် ကျောင်းသားများ အတွက် မူးယစ်ဆေးဝါးကို စတင်လက်တည့်စမ်းစရာ တစ်ခုဖြစ်လာခဲ့သည်။ ထိုမှတစ်ဆင့် အရက်၊ ဘီယာစသဖြင့် လက်တည့်စမ်းရာမှ ဆေးလိပ်၊ အရက် မသောက်တတ်လျှင် လူရာမဝင်၊ ခေတ်မမီသည့် ယဉ်ကျေးမှုကို လက်ခံလာကြသည်။ အားလုံးကို မဆိုလိုသော်လည်း ကျောင်းသားတော်တော်များများသည် အလယ်တန်း၊ အထက်တန်းလောက်ကတည်းကပင် မူးယစ်ဆေးဝါးကို စတင်ထိတွေ့ဖူးနေပြီဖြစ်ရာ ထက်မြက်သည့်လူငယ်များ ပေါ်ထွက်လာမည့် နိဒါန်းကောင်းကို များစွာ ခြိမ်းခြောက်နေပြီဖြစ်သည်။

ထို့ပြင် ရပ်ကွက်တိုင်းတွင် စာကြည့်တိုက်တစ်ခု မရှိနိုင်သော်လည်း တရားဝင် ယမကာဆိုင်များမှာ လက်ချိုး မရနိုင်အောင် ရှိနေပြီဖြစ်သည်။ လမ်းတိုင်းတွင်လည်း ကွမ်းယာဆိုင်များ အကြီး၊ အသေးမျိုးစုံအောင် ခလုတ်တိုက်မတတ် ရှိနေသည်မှာ မူးယစ်ဆေးအန္တရာယ် လက်ယက်ခေါ်နေသကဲ့သို့ ရှိနေပါသည်။ ကျောင်းဝိုင်းအတွင်းတွင် မူးယစ်ဆေးဝါးဘေးအန္တရာယ်များ သိရှိစေရန် ပညာပေး ဟောပြောပွဲများ မည်မျှပင် ပြုလုပ်ပေးနေစေကာမူ ကျောင်းဝိုင်းဘေးနားတွင် ကွမ်းယာ၊ ဆေးလိပ်ဆိုင်များ ရှိနေခြင်းသည် မည်သို့မျှ မသင့်လျော်သည့် အချက်ပင်ဖြစ်သည်။ ထို့ကြောင့် အသက်ငယ်ရွယ်သော ကလေးများ လက်လှမ်းမီနိုင်သည့် ကျောင်းများအနီးတွင် မူးယစ်ဆေးဝါးများ စီးပွားဖြစ် ရောင်းချနေခြင်းကို ထိရောက်စွာ တားဆီးကာကွယ်ခြင်းများ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

## လူ့ပတ်ဝန်းကျင်အား ထိခိုက်

မူးယစ်ဆေးဝါးကို သုံးစွဲသည်ဖြစ်စေ၊ ရောင်းချသည်ဖြစ်စေ လူမှုဘဝ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေရုံသာမက မြန်မာနိုင်ငံ၏ ဘာသာရေး အဆုံးအမအားဖြင့်လည်း တားမြစ်ထားပါသည်။ အကြီးစား မူးယစ်ဆေးဝါးများဖြစ်သော ဘိန်း၊ ရာမ၊ ဆေးခြောက်၊ စိတ်ကြွဆေးများကို မဆိုထားနှင့် အရက်သောက်သုံးလျှင်ပင် မိမိ၏ပင်ကိုယ်စိတ်ပျောက်ဆုံးကာ မလုပ်သင့် မလုပ်အပ်သော အလုပ်များ၊ မပြုသင့် မပြုအပ်သော အပြုအမူများကို အရှက်ကြောက်ကင်းမဲ့စွာ လုပ်နိုင်ပါသည်။ ထို့ပြင် ဆေးလိပ်သောက်ခြင်းဆိုလျှင် သုံးစွဲသူ တစ်ဦးတည်းကိုသာမက ပတ်ဝန်းကျင်ကိုပါ များစွာအနှောင့်အယှက်ဖြစ်စေသည်ကို အားလုံးကြုံဖူးကြမည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် Smoking Area များ နေရာတိုင်းတွင် သီးသန့်မရှိသေးသည့်အတွက် စည်းကမ်းမရှိသော လူတချို့၏ Public Area များတွင် ဆေးလိပ်သောက်သုံးမှုများကြောင့် အခက်တွေ့ရသည်လည်းရှိသည်။ ခြောက်သွေ့ရာသီတွင် ဆေးလိပ်မီးများ

စည်းကမ်းမဲ့စွာ စွန့်ပစ်မှုကြောင့် မီးဘေးအန္တရာယ်လည်း ရှိသည်။

ထို့နောက် ကွမ်းယာသည် ရှေးမြန်မာများ လက်ထက်ကတည်းက ဧည့်သည်များအား ဧည်ခံစရာအဖြစ် အိမ်များတွင် ကွမ်းအစ်များကို ထည်ဝါစွာ တည်ခင်းစားသုံးခဲ့ကြသည်။ သို့သော် ကွမ်းစားခြင်းသည်လည်း ကျန်းမာရေးကိုလည်းကောင်း၊ ပတ်ဝန်းကျင် သာယာလှပမှုကိုလည်းကောင်း များစွာ ဖျက်ဆီးလျက်ရှိသည်။ ဥပမာအားဖြင့် လွန်ခဲ့သော လအနည်းငယ်က တောင်ကိုးရီးယားနိုင်ငံတွင် ကျော်ကြားသည့် ရုပ်သံဌာနတစ်ခုဖြစ်သော SBS သတင်းဌာနမှ တောင်ကိုရီးယားပြည်သူများမှာ သွေး (သို့) ဆေးကွက် မဟုတ်သည့် အနီရောင်အကွက်များကြောင့် ထိတ်လန့်လျက်ရှိသောကြောင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ တောင်ကိုရီးယားရောက် မြန်မာများ၏ စည်းကမ်းမဲ့သော ကွမ်းတံတွေးများကြောင့်ဖြစ်ကြောင်း ဖော်ပြခဲ့သည့် ရုပ်သံသည် လူမှုကွန်ရက်တွင် ပျံ့နှံ့ခဲ့သည်။ နိုင်ငံရပ်ခြား၌ပင်လျှင် အရှက်ရစေသည့် ဖြစ်ရပ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံ၌လည်း လမ်းဘေးပလက်ဖောင်းများနှင့် လမ်းများပေါ်တွင် ကွမ်းတံတွေးများ စည်းကမ်းမဲ့စွာ ထွေးထားသည်ကို တွေ့ရသည်။ ထို့အပြင် မီးပွိုင့်ရပ်သော နေရာများနှင့် လမ်းဘေးတိုင်းလိုလိုတွင် ထိုအနီရောင် အကွက်များကို အကျည်းတန်စွာ တွေ့နေရသည်။ လုပ်နေ၊ ဖြစ်နေကျ လုပ်ရိုးလုပ်စဉ်လို ပြုလုပ်နေကြသည်ကိုလည်း တွေ့နေရသည်။ ထိုအပြုအမူသည် သန့်ရှင်းနေသော ပတ်ဝန်းကျင်အပေါ်တွင်လည်းကောင်း၊ မိမိ၏ အဆင့်အတန်းကိုလည်းကောင်း နိမ့်ကျစေသည်ကို သတိမမူဘဲ ပြုလုပ်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကြီးသည်ဖြစ်စေ၊ သေးသည်ဖြစ်စေ ထိုကဲ့သို့သော အပြုအမူများကို အဟန့်အတားဖြစ် စေမည့် ပြစ်ဒဏ်များ၊ ဆောင်ရွက်ချက်များ လိုအပ်လျက်ရှိသည်။

## မူးယစ်ဆေးဝါး သုံးစွဲရသည့်အကြောင်းအရင်းများ

ထို့ပြင် အကြီးစားမူးယစ်ဆေးဝါးများဖြစ်သော ဘိန်းဖြူ၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ် ဆေးပြားများ၊ ဘိန်းစာရွက်၊ ဘိန်းစေ့၊ ဘိန်းစာရည်၊ ဘိန်းစာမှုန့်များ၊ ICE ၊ ဘိန်းဆီခဲ စသည့် အမျိုးမျိုးသော မူးယစ်ဆေးဝါးများ ရောင်းချ၊ သုံးစွဲနေမှုများအတွက် နေ့စဉ်အမှုပေါင်းများစွာ ဖော်ထုတ်အရေးယူလျက်ရှိသည်ကို သတင်းစာများတွင် နေ့စဉ် တွေ့နေရသည်။ မေးခွန်းမှာ ဘယ်လို အကြောင်းတွေကြောင့် မူးယစ်ဆေးဝါးကို စတင်အသုံးပြုပြီး စွဲလမ်းသွားရတာလဲဆိုတာပဲဖြစ်သည်။ ငယ်ရွယ်သော ဆယ်ကျော်သက်များအတွက် အခြားသူတွေလုပ်လို့ လိုက်လုပ်ကြည့်တာက အများစုဖြစ်တယ်လို့ စစ်တမ်းများက ဖော်ပြပါသည်။ အိမ်မှာရှိသည့် အဖေက အရက်သောက်၊ အစ်ကိုက စီးကရက်သောက်လို့ စမ်းကြည့်ချင်တာနဲ့သူငယ်ချင်းတွေက မြှောက်ပေးလို့ လုပ်ဖြစ်သွားတာတွေ စသဖြင့်တွေ့ရသည်။ ထို့အပြင် ရင်မဆိုင်လိုသော စိတ်ညစ်စရာ အခြေအနေများ တွေ့လာရသောအချိန်တွင်လည်းကောင်း၊ မိဘနဲ့အဆင်မပြေ၍ တော်လှန်ပုန်ကန်လိုသောအခါတွင်လည်းကောင်း၊ မူးယစ်ဆေးဝါအားဖြင့် ခဏတာပျော်ရွှင်မှုကို ရှာဖွေလိုသောအခါတွင်လည်းကောင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုပျောက်ဆုံးနေသူများက ရဲဆေးအနေဖြင့် လည်းကောင်း အသုံးပြုကြသည်။

မူးယစ်ဆေးဝါး အသုံးပြုသူအများစုမှာ မူးယစ်ဆေးဝါးကို စမ်းကြည့်ရာမှ စတင်ကာ စွဲသွားခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲသည့် မျိုးရိုးရှိသူသည် ၃၀-၇၀ ရာခိုင်နှုန်းအထိ မျိုးရိုးလိုက်မှုရှိနိုင်သည်။ ထို့နောက် မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် အချိန်ကြာမြင့်စွာ အလုပ် လုပ်နိုင်ခြင်း၊ လန်းဆန်းတက်ကြွမှုရှိခြင်း၊ မအိပ်ဘဲနေနိုင်ခြင်း စသည့်အချက်များကြောင့် မူးယစ်ဆေးဝါးကို ဆေး သဖွယ် အသုံးပြုရာမှ စွဲလမ်းသွားသူများလည်းရှိသည်။ အထီးကျန်သူများ၊ မိသားစုနှင့် သူငယ်ချင်းများမှ စွန့်ပစ်ထားသည်ဟု စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းသူများသည် ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲတော့ဘဲ မူးယစ်ဆေးဝါးကို အဖော်ပြုခြင်းများ ရှိသည်။ စိတ်ကစဉ့်ကလျားဖြစ်သူများ၊ အပန်းဖြေသည့် အနေဖြင့် အသုံးပြုသူများ၊ ပြဿနာများထဲမှ ရှောင် ထွက်လိုသူများ၊ ပျော်ရွှင်မှုအဖြစ် သုံးသူများလည်းရှိသည်။

## ကျန်းမာရေးဆိုင်ရာ ပြဿနာများ

ဆေးလိပ်သောက်ခြင်းဖြင့် အဆုတ်ကင်ဆာ၊ ဆီးချိုရောဂါ၊ အသည်းကင်ဆာ၊ အစာအိမ် ကင်ဆာ၊ တီဘီရောဂါ၊ အူမကြီးကင်ဆာ၊ လေဖြတ်ခြင်း၊ သားအိမ်ခေါင်းကင်ဆာ၊ ပန်းနာရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ အမျိုးသမီးများတွင် အချိန်မတိုင်မီ မျိုးဆက်ပွားမှု ပြဿနာများ၊ မွေးဖွားလာသည့် ကလေးငယ်တွင် ကိုယ်အလေးချိန်မပြည့်မှုများ စသည့် ကျန်းမာ ရေးဆိုင်ရာ ပြဿနာများ ဖြစ်ပွားစေပါသည်။

အရက်သောက်ခြင်းဖြင့် အသည်းကြွပ်ရောဂါ၊ အူချဉ်နာ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ ပန်ကရိယကင်ဆာ၊ အသည်းခြောက်ရောဂါ၊ သွေးအားနည်းရောဂါ၊ ကူးစက်ရောဂါများ အလွယ်တကူဖြစ်ပွားနိုင်ခြင်း၊ အာရုံကြောပျက်စီးခြင်း၊ အစာအိမ်ရောင်ယမ်းခြင်း၊ လေဖြတ်ခြင်း စသည်တို့ အပြင် အရက်သောက်ခြင်းသည် ပင်ကိုယ်အသိစိတ် လွတ်စေသည့်အတွက် မလိုလားအပ်သည့် လူမှုရေးဆိုင်ရာပြဿနာများ၊ စိတ်ပိုင်းဆိုင်ရာ ရောဂါများကိုလည်း ဖြစ်စေပါသည်။

မူးယစ်ဆေးဝါးများ သုံးစွဲခြင်းသည် ဦးနှောက်ပျက်စီးခြင်း၊ နှလုံးသွေးကြောဆိုင်ရာ ပြဿနာများ၊ အစာအိမ်နှင့်အူလမ်းကြောင်း ပြဿနာများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ၊ အသည်းပျက်စီးခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ရောဂါကူးစက်မှုများနှင့် ကိုယ်ခံစွမ်းအားစနစ် ပျက်စီးခြင်းတို့သာမက မိသားစုတွင်းနှင့် ပတ်ဝန်းကျင်တွင် အဆင်မပြေမှုများ၊ အချိန်နှင့် ငွေကုန်ခြင်းများနှင့် လူမှုရေးဆိုင်ရာ ပြဿနာများစွာကို ဖြစ်စေ ပါသည်။

ထို့ကြောင့် မည်သည့်အကြောင်းကြောင့် သုံးစွဲကြသည်ဖြစ်စေ မူးယစ်ဆေးဝါးဟူသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကို ကောင်းကျိုးဟူ၍ မပေးနိုင်သည်မှာ သေချာပါသည်။ ခေတ်စနစ်များ ပြောင်းလဲလာသည်နှင့်အမျှ လူတို့၏ နေထိုင်မှုပုံစံ၊ ဆက်သွယ်မှုစနစ်၊ အတွေးအမြင်၊ အယူအဆများ ပြောင်းလဲလာသော်လည်း မူးယစ်ဆေးဝါးသုံးစွဲမှုမှာ ပုံစံအသစ်အသစ် ပေါ်လာ သည်သာ ရှိနေသည်။ မြန်မာ နိုင်ငံတွင်လည်း ဘိန်းဖြူထုတ်လုပ်မှု၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှု၊ အစပျိုးဓာတ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော် ရောင်းဝယ်ဖောက်ကားမှု၊ မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ဆက်စပ် နောက်ဆက်တွဲအန္တရာယ်များ မြင့်တက်လာနေမှုစသည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

အကြီးစား မူးယစ်ဆေးဝါးများအား သုံးစွဲခြင်းသည် တရားဥပဒေအားဖြင့် ပြင်းထန်စွာ အရေးယူ ဆောင်ရွက်လျက်ရှိသောကြောင့် အများမသုံးစွဲသော်လည်း အရက်၊ ဆေးလိပ်နှင့် ကွမ်းယာများကို အများစု မကင်းနိုင်ကြပေ။ အသက်အရွယ်အားဖြင့် ရင့်ကျက်ပြီးသူများသည် တရားဝင် မူးယစ်ဆေးဝါးများ (အရက်၊ ဆေးလိပ်) ကို တစ်ခါတစ်လေ အပျော်သဘော သုံးစွဲကြသော်လည်း အချို့မှာ အပျော်မှအပျက်သို့ရောက်ကာ အရက်နှင့် ဆေးလိပ်ကြောင့် ဘဝနှင့်အသက်ပါပေးလိုက်ရသည်များ များစွာရှိသောကြောင့် သုံးမည်ဆိုလျှင် သတိနှင့်သုံးစွဲသင့်ပါသည်။ ထို့ပြင် လောကတွင် လူတိုင်းသည် လောကဓံကို ခံစားရသည်ချည်းဖြစ်ရာ စိတ်ညစ်စရာများကို အရက်နှင့် အခြားသော အရာများဖြင့် ထွက်ပေါက်မရှာသင့်ပေ။ ခေတ်အဆက်ဆက် မည်သို့ပင်ပြောင်းလဲစေကာမူ မူးယစ်ဆေးဝါးသည် လူကိုပျက်စီးစေသော အရာပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ တရားဥပဒေအရသော်လည်းကောင်း၊ ယဉ်ကျေးသော ဓလေ့ထုံးတမ်းများအရသော်လည်းကောင်း၊ သိမ်မွေ့သော ဘာသာတရား အဆုံးအမများအရသော်လည်းကောင်း ပြင်းထန်စွာ တားမြစ်ရှုံ့ချထားသော မူးယစ်ဆေးဝါးသုံးစွဲမှုများကို လျှော့ပါးရေး လမ်းမဆီသို့ လျှောက်လှမ်းရာတွင် တစ်ဦးချင်းစီ သတိချပ်လျက် သာယာလှပသော ပတ်ဝန်းကျင်နှင့် လူမှုဘဝကိုဦးတည်ကာ ခေတ်အဆက်ဆက် လူကိုဖျက်ဆီးတတ်သော မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ကြရန်တိုက်တွန်းရေးသားလိုက်ပါသည်။

ကိုးကား

- *( https://www.unodc.org/documents/crop-monitoring/Myanmar)*
- *မြန်မာ့အလင်းသတင်းစာ*
- *https://www.unitypoint.org/livewell/article*
- *Internet/facebook news*